# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**သူတော်ကောင်းထံချဉ်းကပ်**

အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့် မတွေ့မြင် မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကိုရှောင်ခွာ၍ ပညာရှိ အရိယာသူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၈)


၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလဆန်း ၁၀ ရက်၊ တနင်္ဂနွေနေ့။ Sunday 22 July 2018 ၉၃၅၅


## သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သတ္တရသမအစည်းအဝေး ဒုတိယနေ့ ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၁**

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သတ္တရသမအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)ဦးခင်မောင်ဝင်းနှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြည်ညိုကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂**





**(၄၇)ပါးစုံညီ သတ္တရသမ အစည်းအဝေး ဒုတိယနေ့**

**သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သတ္တရသမ အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။**

## ငွေလဲနှုန်းထပ်မံမြင့်တက် ပို့ကုန်ဝင်ငွေ ပိုမိုရရှိ

**ရန်ကုန် ဇူလိုင် ၂၁**

ဗဟိုဘဏ်၏ ရည်ညွှန်းနိုင်ငံခြားသုံး ငွေလဲလှယ်နှုန်းမှာ ဇူလိုင် ၂၀ ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် မြန်မာငွေကျပ် ၁၄၂၀ နှုန်းသို့ ပြောင်းလဲလာသည်။ ဇူလိုင် ၁၈ ရက်တွင် ၁၄၁၅ ကျပ်နှုန်းသာရှိခဲ့သည်။ ဇူလိုင် ၂၀ ရက် ပြင်ပငွေလဲလှယ်ရေးဈေးကွက်များအနက် ပုဂ္ဂလိကဘဏ်အချို့တွင် အမေရိကန်တစ်ဒေါ်လာလျှင် ဝယ်ဈေး ၁၄၁၉-၁၄၂၀ ကျပ်၊ ပြန်ရောင်းဈေး ၁၄၂၇-၁၄၃၀ ကျပ်နှုန်းရှိသည်ဟု သိရသည်။

၂၀၁၈ ခုနှစ် ဇူလိုင် ၁၈ ရက် ပြင်ပဈေးကွက် ငွေလဲနှုန်းမှာ ၁၄၂၆ ကျပ်နှုန်းရှိခဲ့သည်။ အမြင့်ဆုံးငွေလဲနှုန်းအဖြစ် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၆ ရက် သောကြာနေ့တွင် ၁၄၃၅ ကျပ်၊ ပြည်ပပို့ကုန်ရငွေလဲနှုန်း ၁၄၄၄ ကျပ်၊ ဗဟိုဘဏ်ရည်ညွှန်း ငွေလဲနှုန်း ၁၃၆၅ ကျပ်အထိရှိခဲ့၍ ယင်းအမြင့်ဆုံးဖြစ်ခဲ့သော ပြင်ပငွေလဲနှုန်းသို့ရောက်ရန် ၅ ကျပ်သာလိုတော့သည်။

အမေရိကန်ဒေါ်လာ တန်ဖိုးမြင့်တက်လာ၍ မြန်မာကျပ်ငွေ

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ○**

### ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ရှမ်းပြည်နယ်အတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ

စာမျက်နှာ » ၃

### ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ် ကန်ပက်လက်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များနှင့် တွေ့ဆုံ

စာမျက်နှာ » ၃




ကြေးမုံ

# စီးပွားရေးစိန်ခေါ်မှုများ ကျော်လွှား

တိုင်းပြည်တစ်ပြည်တွင် ပို့ကုန်ထက်သွင်းကုန်ပိုများပါက ကုန်သွယ်မှုလိုငွေပြခြင်းနှင့်အတူ နိုင်ငံခြားငွေပိုမိုလိုအပ်လာသည်။ မြန်မာနိုင်ငံတွင် နိုင်ငံတော်နှင့်ပြည်သူအတွက် အဓိကလိုအပ်သည့်ကုန်ပစ္စည်းများကို ပြည်ပမှ မှာယူတင်သွင်းနေရသည်။ ထို့ကြောင့် နိုင်ငံခြားငွေလည်း ပိုမိုလိုအပ်လျက်ရှိသည်။

ယခုအခါ နိုင်ငံခြားငွေလဲလှယ်နှုန်းများ တည်ငြိမ်မှုမရှိဘဲ အမေရိကန်ဒေါ်လာငွေနှင့်လဲလှယ်ရာတွင် မြန်မာကျပ်ငွေတန်ဖိုးကျဆင်းလာမှုကြောင့် မြန်မာ့စီးပွားရေးလောကတွင် ဂယက်ရိုက်ခတ်လာသည်။ နိုင်ငံခြားငွေတန်ဖိုးတက်ခြင်းသည် မြန်မာနိုင်ငံတွင် ဖြစ်လေ့ဖြစ်ထရှိပြီး လွန်ခဲ့သည့်နှစ်များစွာကလည်း မြင့်တက်ခဲ့ဖူးသည်။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလက အမေရိကန်တစ်ဒေါ်လာဈေးနှုန်းမှာကျပ် ၁၄၇၀ နီးပါးအထိ စံချိန်တင်အမြင့်ဆုံးမြင့်တက်ခဲ့ပြီး ယခုကာလတွင် ကျပ် ၁၄၀၀ ကျော်လာသည်ကို တွေ့ရသည်။

နိုင်ငံခြားငွေကြေးဈေးကွက်မြင့်တက်ခြင်းသည် ကုန်ထုတ်လုပ်ငန်းများနှင့် ကုန်သွယ်မှုလုပ်ငန်းများအားကြီးစွာ ဂယက်ရိုက်ခတ်မှုဖြစ်စေသည်။ တကယ်တမ်းတွင် နိုင်ငံ၏စီးပွားရေးအခြေအနေနှင့် လိုက်လျောညီထွေရှိပြီး တည်ငြိမ်သည့်နိုင်ငံခြားငွေလဲနှုန်းဖြစ်ဖို့ အရေးကြီးသည်။ ယနေ့ဖြစ်ပေါ်နေသော နိုင်ငံခြားငွေကြေးမြင့်တက်မှုသည် ကမ္ဘာ့ငွေကြေးစီးပွားရေးမူဝါဒ၊ ဈေးကွက်အနေအထားနှင့် အခြားစီးပွားရေးအကြောင်းအချက်များကြောင့် ဖြစ်ပေါ်နေခြင်းဖြစ်ပြီး မြန်မာတစ်နိုင်ငံတည်း ငွေကြေးဈေးကွက်မြင့်တက်ခြင်း၊ မြန်မာငွေတန်ဖိုး ကျဆင်းခြင်း မဟုတ်ချေ။

အမေရိကန်ဒေါ်လာ ငွေကြေးလဲလှယ်နှုန်း တန်ဖိုးကျဆင်းလာခြင်းမှာ မြန်မာတစ်နိုင်ငံတည်းမဟုတ်ဘဲ အခြားနိုင်ငံများ၏ ငွေကြေးတန်ဖိုးများပါ ကျဆင်းနေခြင်းဖြစ်သည်။ နိုင်ငံတကာငွေကြေးများဖြစ်သည့် ပေါင်စတာလင် ငွေကြေးများပါကျဆင်းနေပြီး တရုတ်ယွမ်ငွေနှင့် ကိုရီးယား ဝမ်ငွေတို့မှာ မြန်မာငွေတန်ဖိုး ကျဆင်းမှုရာခိုင်နှုန်းထက်ပင် ပိုများသည်ကို တွေ့ရသည်။

ထို့ကြောင့် ယနေ့နိုင်ငံခြားငွေတန်ဖိုး ကျဆင်းမှုသည် ကမ္ဘာ့အင်အားကြီးဖြစ်သည့် အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့ ကုန်သွယ်ရာတွင် ကုန်သွယ်မှုလိုငွေကြာရှည်မှုဖြစ်ပြီး ကုန်သွယ်မှုချိန်ခွင်လျှာ မညီမျှမှုကို ချိန်ညှိ၍ သွင်းကုန်များအပေါ် အပြန်အလှန်ကောက်ခံရာမှ ပို့ကုန်တန်ဖိုးများ ကျဆင်းလာခြင်းဖြစ်သည်။ အင်အားကြီးနှစ်နိုင်ငံ၏ ကုန်သွယ်မှု ပြဿနာသည် ဆက်စပ်နေသည့် အခြားကုန်သွယ်ဖက်နိုင်ငံများကိုပါ ရိုက်ခတ်လာသည်။

မြန်မာငွေတန်ဖိုးကျဆင်းခြင်း၊ နိုင်ငံခြားငွေ တန်ဖိုးမြင့်မားခြင်းတို့ ဖြစ်ပေါ်နေချိန်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းမှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်နေကြောင်း နိုင်ငံတော်နှင့် ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်ချက်အရ စိတ်သက်သာဖွယ်အနေအထားရှိသည်ဟု ဆိုနိုင်သည်။ မြန်မာနိုင်ငံအနေဖြင့် မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမြင့်တင်နိုင်ရန်အတွက် စီးပွားရေးစီမံကိန်းများ ချမှတ်ဆောင်ရွက်နေသည်။

လတ်တလော လုပ်ဆောင်မှုကိုတွန်းအားပေးနိုင်မည့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲ၍ ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိပြီး စီးပွားရေးအတွက် အလားအလာကောင်းများလည်း ရှိနေပြီဖြစ်သည်။ သို့သော် ယခုကဲ့သို့သော နိုင်ငံခြားငွေ မတည်ငြိမ်မှု စိန်ခေါ်မှုများလည်းရှိနေမည်ဖြစ်၍ ကမ္ဘာလုံးဆိုင်ရာကုန်သွယ်ရေးနှင့် ကုန်စည်ဈေးနှုန်း မတည်ငြိမ်မှုတို့ကို သတိပြုရမည်ဖြစ်သည်။

သို့ဖြစ်ရာ လတ်တလော ကြုံတွေ့နေရသော နိုင်ငံခြားငွေကြေးဈေးကွက်မတည်ငြိမ်မှုများကို ကျော်လွှား၍ မြန်မာနိုင်ငံ၏ စီးပွားရေး ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် စီးပွားရေးတည်ငြိမ်မှုနှင့် မိုက်ခရိုစီးပွားရေး စီမံခန့်ခွဲမှုအားကောင်းရေးလုပ်ငန်းများကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပင်လောင်းမြို့နယ် ဆောင်ပြောင်း-လုံးပျဉ်-ကောင်မဲသင်း ကတ္တရာလမ်းသစ်ဖွင့်

**နေပြည်တော် ဇူလိုင် ၂၁**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ဆောင်ပြောင်း-လုံးပျဉ်-ကောင်မဲသင်း ကတ္တရာလမ်းသစ် ၃/၀ မိုင် ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီခွဲက အဆိုပါလမ်း၌ ကျင်းပသည်။

ရှေးဦးစွာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တို့က ကတ္တရာလမ်းသစ်အား ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးပြီး ကတ္တရာလမ်းသစ်အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌတို့က လမ်းဖောက်လုပ်ပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်အတွင်းရှိ ဘန့်ဘာကျေးရွာအုပ်စုရှိ ကန်ဖြူအောက်၊ ကဇူးပါးအောက်၊ ကာလသီ၊ နှစ်တန်ခူး၊ ငါးရံကုန်းနှင့် မယ်ရွေးကျေးရွာ ခြောက်ရွာရှိ အိမ်ထောင်စု ၁၄၂ စုအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ထောက်ပံ့သည့် ဆိုလာမီး ၁၄၂ စုံအား ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က ကျေးရွာအလိုက် ပေးအပ်ခဲ့သည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် ယခု ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်တွင် ဆောင်ပြောင်း-လုံးပျဉ်-ကောင်မဲသင်း ကတ္တရာလမ်းသစ် ၃/၀ မိုင် ဆောင်ရွက်ပေးခဲ့သည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ လမ်းတံတားလုပ်ငန်းပေါင်း ၉၄ ခု၊ ရေရရှိရေး လုပ်ငန်းပေါင်း ၆၃ ခု၊ စွမ်းအင်လုပ်ငန်းပေါင်း ၁၁ ခု၊ သာသနာရေးလုပ်ငန်းပေါင်း ငါးခုတို့ကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၂၀၅၅ ဒသမ ၇၅၄ သန်းဖြင့် အသုံးပြု ဆောင်ရွက်ခဲ့ကြောင်း၊ လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒုတိယ ၁၂ လကာလတွင်လည်း ပအိုဝ်းဒေသဖွံ့ဖြိုးရေးအတွက် နှစ်စဉ်ဆောင်ရွက်ပေးနေသော ဘဏ္ဍာငွေထက် မနည်းသည့် ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ ယူ-၁၆ အသင်း ထိုင်းခရီးစဉ် ပထမဆုံးခြေစမ်းပွဲတွင် အနိုင်ရ

**ဗန်ကောက် ဇူလိုင် ၂၁**

ထိုင်းနိုင်ငံ၌ လေ့ကျင့်မှုပြုလုပ်နေသည့် မြန်မာ ယူ-၁၆ အသင်းသည် ပထမဆုံးခြေစမ်းပွဲအဖြစ် ယနေ့ညနေပိုင်းက Bangkok Christain College အသင်းနှင့် ယှဉ်ပြိုင်ကစားရာ လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာ ယူ-၁၆ အသင်းသည် ဇူလိုင် ၂၀ ရက်မှစ၍ ထိုင်းနိုင်ငံ၌ စတင်လေ့ကျင့်ခဲ့ပြီး ပထမဆုံးခြေစမ်းပွဲတွင် ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၆ အသင်းသည် ပထမပိုင်းတွင် နှစ်ဂိုး၊ ဒုတိယပိုင်းတွင် နှစ်ဂိုးသွင်းယူခဲ့ပြီး ချေပဂိုးတစ်ဂိုးကို ဒုတိယပိုင်းတွင် ပြန်ပေးလိုက်ရခြင်းဖြစ်သည်။ မြန်မာ ယူ-၁၆ အသင်းအတွက် ဂိုးများကို ၃၅ မိနစ်တွင် ငြိမ်းဇေယျာ၊ ၃၇ မိနစ်တွင် ပြည့်ဖြိုးအောင်၊ ၈၃ မိနစ်တွင် ဇော်ဝင်းသိန်း၊ ၈၄ မိနစ်တွင် လမင်းထွေးတို့က သွင်းယူခဲ့သည်။ မြန်မာ ယူ-၁၆ အသင်းသည် ၂၀၁၈ အာဆီယံ ယူ-၁၆ ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် သွားရောက်ခြင်းဖြစ်ပြီး ဒုတိယခြေစမ်းပွဲအဖြစ် ဇူလိုင် ၂၃ ရက်တွင် ထိုင်း ယူ-၁၆ လူငယ်လက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ဖိုးသော်ဇင်**

# မကွေးတိုင်းဒေသကြီးအတွင်း မြစ်ရေတင်စီမံကိန်းများမှ ယခုနှစ် မိုးသီးနှံဧက ၂၀၀၀၀ ကျော် စိုက်ပျိုးရေပေးဝေမည်

**နေပြည်တော် ဇူလိုင် ၂၁**

မကွေးတိုင်းဒေသကြီးအတွင်း သရက်ခရိုင်၊ ပခုက္ကူခရိုင်၊ မကွေးခရိုင်နှင့် မင်းဘူးခရိုင်တို့တွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ မြစ်ရေတင်စီမံကိန်းပေါင်း ၃၀ အား တည်ဆောက်ပေးခဲ့ပြီး အဆိုပါစီမံကိန်းများမှ စိုက်ပျိုးရေပေးဝေလာနိုင်ခြင်းကြောင့် ယခင်က တစ်နှစ်တစ်သီးသာ စိုက်ပျိုးခဲ့ရာမှ တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်သည်။ ယခုအခါ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြစ်ရေတင်စီမံကိန်း ၃၀ မှ ၂၀၁၈-၂၀၁၉ ခုနှစ်အတွင်း မိုးစပါး ဧက ၁၃၉၆၀၊ အခြားသီးနှံ ၉၀၄၅ ဧက စုစုပေါင်း မိုးသီးနှံ ၂၃၀၀၉ ဧကကို စိုက်ပျိုးရေပေးဝေရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးသည် အပူပိုင်းမိုးနည်းဒေသတွင် ပါဝင်ပြီး ယခင်က စိုက်ပျိုးရေးလုပ်ငန်းများအတွက် သဘာဝမိုးရေရရှိမှုအပေါ်သာ မှီခိုအားထား၍ စိုက်ပျိုးလာခဲ့ကြရာ မိုးနည်းသောနှစ်များတွင် သီးနှံများ အောင်မြင်ဖြစ်ထွန်းမှု မရှိခြင်းကြောင့် စိုက်ပျိုးဧက တိုးချဲ့နိုင်မှုတွင် အခက်အခဲများစွာရှိခဲ့ကြောင်း သိရသည်။ **ညီညီသန်း(နေပြည်တော်)**

# အောင်လံမြို့နယ်၌ သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**အောင်လံ ဇူလိုင် ၂၁**

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေနေ့တိုင်း ဆောင်ရွက်ခဲ့ကြရာ ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီက စက်ရုံရပ်ကွက်တွင် ဆောင်ရွက်ခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်းနှင့် ထွေ/အုပ်ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးလွင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်/ပင်ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့ပေါ် ကိုးရပ်ကွက်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် အဖွဲ့ ခုနစ်ဖွဲ့ခွဲ၍ ရပ်ကွက်အတွင်း လှည့်လည်ကာ ကျန်းမာရေးအသိပညာပေးလှုံ့ဆော်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **သိန်းလွင်(အောင်လံ)**

ကြေးမုံ

ခေတ္တစာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

✪ ရွှေဖုံးမှ

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒသာရက ဆောင်ရွက်တော်မူသည်။

**ဆွေးနွေးဆုံးဖြတ်တော်မူ**

အစည်းအဝေးတွင် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာ၊ သာသနာ့ရေးရာ၊ ပညာရေးရာဆောင်ရွက်ချက်များအပေါ် အဖွဲ့ဝင် ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးတော်မူကြသည်။ ထို့နောက် ဝိနိစ္ဆယရေးရာ၊ သာသနာ့ရေးရာ၊ ပညာရေးရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ဆက်လက်၍ သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ) ၏ ပဉ္စမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာ၊ ဝေဖန်ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ အဖွဲ့ဝင်ဆရာတော်ကြီးများက ပြန်လည်ရှင်းလင်းလျှောက်ထားတော်မူကြပြီး ပဉ္စမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော်က အတည်ပြုချက်ရယူ၍ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများက ဇယန္တော ဗောဓိယာမူလေ အစချီသော နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူပြီး သာဓုသုံးကြိမ်ခေါ်ဆိုကာ သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သတ္တရသမအစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာကျင်းပပြီးစီးခဲ့သည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများအား တစ်နေ့တာဆွမ်းအလှူရှင်အဖြစ် ကျိုက္ကစံဝေဠုဝန် (ရွှေကျင်)ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ မာနိတ (သဒ္ဓမ္မဇောတိကဓဇ)နှင့် တပည့် ဒါယကာ ဒါယိကာမများက စတုဝီသတိမ(၂၄)ကြိမ်မြောက် ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **သတင်းစဉ်**

## မြစ်ရေကြီးခြင်းသတိပေးချက်

**နေပြည်တော် ဇူလိုင် ၂၁**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

အလားတူ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သဖြင့် မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက နှိုးဆော်ထားသည်။ **ကြေးမုံ**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ရှမ်းပြည်နယ်အတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ





**တောင်ကြီး ဇူလိုင် ၂၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် ရှမ်းပြည်နယ်အတွင်းရှိ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား ယနေ့နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

အခမ်းအနားတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ကြားဖြတ်ရွေးကောက်ပွဲကို နိုဝင်ဘာ ၃ ရက်တွင် လစ်လပ်နေရာ ၁၃ နေရာအတွက် ကျင်းပသွားမည်ဖြစ်ပြီး ရှမ်းပြည်နယ်အနေဖြင့် လဲချားပြည်သူ့လွှတ်တော် မဲဆန္ဒနယ်မြေတွင် ကျင်းပသွားမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို သတ်မှတ်အချိန်ဇယားနှင့်အညီ ပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်း။

ယခုအချိန်တွင် နိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်များ အမည်စာရင်းကို တင်သွင်းကြပြီးဖြစ်ကြောင်း၊ ကိုယ်စားလှယ်လောင်းများကို စိစစ်အတည်ပြုရာတွင် ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများ၊ ဥပဒေများနှင့်အညီဖြစ်ရန်၊ ပွင့်လင်းမြင်သာမှုရှိရန်နှင့် သတ်မှတ်အချိန်ကာလအတွင်း ပြီးစီးရန် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၊ ပြည်ထောင်စုကော်မရှင်တို့နှင့် တင်ပြညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးသည် ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့ဖြင့်သာ ဆောင်ရွက်၍မရကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ မီဒီယာများ၊ ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်သည့်အတွက် အားလုံးနှင့် အဆင်ပြေချောမွေ့မည့် ဆက်ဆံရေးရှိရန် လိုအပ်ကြောင်း၊ ထို့အပြင် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို စေတနာထားပြီး ဘက်လိုက်မှုအဂတိကင်းစွာဖြင့် ပြည်သူ့ဆန္ဒအမှန်ဖြစ်စေရေး ဆောင်ရွက်ကြစေလိုကြောင်း၊ ကြားဖြတ်ရွေးကောက်ပွဲရှိသည့် ကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲကို အောင်မြင်စွာ ဆောင်ရွက်ကြရန်နှင့် ကြားဖြတ်ရွေးကောက်ပွဲမရှိသည့် ကော်မရှင်အဖွဲ့ခွဲများအနေဖြင့် လိုအပ်ချက်များကို ကူညီဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲများအတွက် လိုအပ်ချက်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန် လိုအပ်ပါကြောင်း မှာကြားသည်။

ယင်းနောက် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများက တစ်ဦးချင်း မိတ်ဆက်စကားပြောကြားကြပြီး ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များအား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ် ကန်ပက်လက်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များနှင့် တွေ့ဆုံ

**ကန်ပက်လက် ဇူလိုင် ၂၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ်သည် ဇူလိုင် ၂၀ ရက် မွန်းလွဲ ၁ နာရီက ကန်ပက်လက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည့် ကန်ပက်လက်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်၍ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်အနေဖြင့် ပြဋ္ဌာန်းထားသော လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ ထုတ်ပြန်ထားသော နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များအတိုင်း တိကျမှန်ကန်စွာဖြင့် ကြိုးပမ်းဆောင်ရွက်ရန် လိုကြောင်း၊ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ၊ အများက ယုံကြည်လက်ခံ၍ ပွင့်လင်းမြင်သာမှုရှိသော ရွေးကောက်ပွဲ၊ မဲရလဒ်သည် ပြည်သူ၏ဆန္ဒနှင့် တစ်ထပ်တည်းဖြစ်အောင် တာဝန်ရှိမှု၊ တာဝန်ယူမှုဖြင့် တာဝန်ရှိ ပုဂ္ဂိုလ်များအားလုံးက ညှိနှိုင်းပူးပေါင်း ဆောင်ရွက်သွားရန်



ပြောကြားသည်။

ထို့နောက် ပြည်နယ်ရွေးကောက်ပွဲအရာရှိ ဦးလင်းကျော်နှင့် ကန်ပက်လက်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြမောင်းတို့က ကြားဖြတ်ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက သိရှိလိုသောအချက်များကို မေးမြန်းကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ပြန်လည်ဖြေကြားကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ယင်းနောက် ရပ်ကွက်၊ ကျေးရွာများတွင် မဲဆန္ဒရှင်စာရင်းကပ်ထားကြေညာမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည့် ကြားဖြတ် ရွေးကောက်ပွဲတွင် လစ်လပ်သည့် ကန်ပက်လက်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အတွက် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် လှာကဒေါင်အင်း ငါးမျိုးစိုက်ထည့်ပွဲသို့ တက်ရောက်

**ဘားအံ ဇူလိုင် ၂၁**

ကရင်ပြည်နယ်အတွင်း ဒေသနေပြည်သူများ ငါးစားသုံးမှုနှင့် ငါးရိက္ခာ ဖူလုံပိုလျှံမှုရှိစေရေး၊ ငါးသယံဇာတ ပေါကြွယ်ဝစေရေးနှင့် ငါးမျိုးများပွားများလာစေရေးအတွက် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ပြည်နယ်အတွင်းရှိ ဆည်မြောင်း၊ မြစ်ချောင်း၊ အင်းအိုင်များတွင် နှစ်စဉ်ငါးမျိုးစိတ်များအား အခမဲ့စိုက်ထည့်ဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၂၁ ရက် နံနက် ၈ နာရီခွဲခန့်က ဘားအံမြို့နယ် လှာကဒေါင်ကျေးရွာရှိ လှာကဒေါင်အင်းအတွင်း ငါးမျိုးများကို စုပေါင်းစိုက်ထည့်ပေးခဲ့ကြသည်။

**ငါးမြစ်ချင်းကောင်ရေ တစ်သိန်းခန့် စိုက်ထည့်ပေး**

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးစောအောင်ရဲထွဋ်လွင်နှင့် ဝန်ထမ်းများ၊ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်၍ အင်းအတွင်းသို့ ငါးသားပေါက် ငါးမြစ်ချင်းကောင်ရေ တစ်သိန်းခန့် စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ယခုနှစ်တွင် ငါးမြစ်ချင်း၊ ငါးခုံးမ၊ ရွှေဝါငါးကြင်း၊ တီလားပီးယား ငါးသားပေါက်ကောင်ရေ ခုနစ်သိန်းကျော် အခမဲ့စိုက်ထည့်ပေးရန်လျာထားပြီး တိုင်းရင်းသားလက်နက်ကိုင်ငြိမ်းချမ်းရေးအဖွဲ့အစည်းများနှင့် တပ်ရင်းတပ်ဖွဲ့များ၏ ငါးမွေးကန်များအတွင်းသို့ ငါးသားပေါက်ကောင်ရေ နှစ်သိန်းနှင့် ပြည်နယ်အတွင်းရှိ အခြား ခရိုင်၊ မြို့နယ်များရှိ မြစ်၊ ချောင်း၊ အင်း၊ အိုင်များတွင်လည်း ငါးသားပေါက်ကောင်ရေ သုံးသိန်းကျော် စုစုပေါင်း ငါးသိန်းကျော် စိုက်ထည့်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့် ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ ကုန်သွယ်မှုနှင့် စီးပွားရေးကဏ္ဍတို့ တိုးမြှင့်ရေးအတွက် ပုဂ္ဂလိကကဏ္ဍကို မြှင့်တင်ပေးနေကြောင်း ပြောကြား

**ရန်ကုန် ဇူလိုင် ၂၀**

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ဘုရင့်နောင်ကုန်စည်ဒိုင်)သို့ ရောက်ရှိရာ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ဘုရင့်နောင်ကုန်စည်ဒိုင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဘုရင့်နောင် ဆန်စပါးကုန်စည်ဒိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းမှ တာဝန်ရှိသူများက ရောင်းဝယ်မှုပုံစံ၊ အရောင်းအဝယ်ပြုလုပ်နေမှုစနစ်နှင့် အရောင်းအဝယ်ဖြစ်မှု အခြေအနေများအား ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဘုရင့်နောင်ကုန်စည်ဒိုင်အစည်းအဝေးခန်းမ၌ ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်သည်။




တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းကုန်သွယ်မှုကိစ္စရပ်များကိုပါ အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် အသင်းအဖွဲ့များ ဖွဲ့စည်းပေးခြင်း၊ သီးနှံဇုန်များ၊ သီးနှံအစုအဖွဲ့များ၊ ကျွဲ၊ နွား၊ ဆိတ် မွေးမြူရေးအသင်းအဖွဲ့များ၊ ကုန်စည်ဒိုင်များ ဖွဲ့စည်းပေးခြင်း၊ ဖွဲ့စည်းပြီးသည်များကိုလည်း ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးနေကြောင်း၊ ပုဂ္ဂလိကအခန်းကဏ္ဍကို မြှင့်တင်ပေးနိုင်ပါက ကုန်သွယ်မှုကဏ္ဍနှင့် စီးပွားရေးကဏ္ဍတို့ တိုးမြှင့်ရေးကို တစ်ဆက်တည်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးမူဝါဒတွင်လည်း ပုဂ္ဂလိကကဏ္ဍကို အားပေးမြှင့်တင်ပေးရန်ဆိုသည့်အချက်ကို ထည့်သွင်းထားပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စိုက်ပျိုးထုတ်လုပ်သူများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် မပြတ်ထိတွေ့ပြီး အခက်အခဲရှိသည်များကို ဖြေရှင်းပေးလျက်ရှိကြောင်း ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ဘုရင့်နောင်ကုန်စည်ဒိုင်သည် နိုင်ငံ၏စီးပွားရေးအတွက် အရေးပါသည့် အခြေအနေရှိကြောင်း၊ ဘုရင့်နောင်ကုန်စည်ဒိုင်၏ ငွေကြေးလည်ပတ်မှုပမာဏသည် တစ်နိုင်ငံလုံးငွေကြေးလည်ပတ်မှုပမာဏတွင် အချိုးအစားများစွာပါဝင်နေသည့် အခြေအနေရှိနေပါကြောင်း၊ ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်၊ သွင်းကုန်ကိုသာ အလေးထားနေ၍မရကြောင်း၊ စိုက်ပျိုးထုတ်လုပ်သည်မှ ပြည်တွင်းပြည်ပသို့ တင်ပို့ရောင်းချသည်အထိ လုပ်ငန်းစဉ်အစအဆုံးတစ်ခုလုံးကို အလေးထားဂရုပြုကြရန်လိုအပ်ကြောင်း၊ အသင်းအဖွဲ့များ စနစ်တကျစုစည်းပြီး အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်နိုင်မှသာ ပြည်တွင်းထုတ်လုပ်မှု တိုးတက်လာနိုင်ပြီး ကုန်သွယ်ရောင်းဝယ်မှုများ တိုးတက်လာမည်ဖြစ်ကြောင်း၊ အရောင်းအဝယ်လုပ်ငန်းများ မှန်ကန်စေရေးကို ဂရုပြုဆောင်ရွက်သွားရန်လည်း လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်လာသူများက မိမိတို့ကဏ္ဍအလိုက်ဖြစ်ပေါ်နေသည့် အခက်အခဲများနှင့် ဝန်ကြီးဌာနများက ကူညီဖြေရှင်းဆောင်ရွက်ပေးရန် လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် နယူးဒေလီမြို့တွင် ကျင်းပခဲ့သည့် ဒသမအကြိမ်မြောက် ဒေလီဆွေးနွေးပွဲ တက်ရောက် အပြည်ပြည်ဆိုင်ရာ နေရောင်ခြည်စွမ်းအင် မိတ်ဖက်နိုင်ငံများအဖွဲ့ မူဘောင်သဘောတူညီချက်အား လက်မှတ်ရေးထိုး

**နေပြည်တော် ဇူလိုင် ၂၀**

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်တင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ဇူလိုင် ၁၉ ရက်မှ ၂၀ ရက်အထိ ကျင်းပသည့် (၁၀)ကြိမ်မြောက် ဒေလီဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး ရန်ကုန်မြို့သို့ ယမန်နေ့မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိသည်။

**နှစ်စဉ်ကျင်းပ**

ဒေလီဆွေးနွေးပွဲသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အိန္ဒိယနိုင်ငံတို့မှ နိုင်ငံရေးခေါင်းဆောင်များ၊ မူဝါဒချမှတ်သူများ၊ သုတေသီများ၊ ပညာရှင်များနှင့် စီးပွားရေးကဏ္ဍစုံမှ ခေါင်းဆောင်များ တွေ့ဆုံ၍ အာဆီယံ-အိန္ဒိယ ဆက်ဆံရေးတိုးမြှင့်ရေးအတွက် နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေးနှင့် လူမှုယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်မျိုးစုံကို ဆွေးနွေးဖလှယ်ကြရန် နှစ်စဉ်ကျင်းပသည့် ဖိုရမ်တစ်ခုဖြစ်သည်။

ယခုနှစ်တွင်ကျင်းပသည့် ဝန်ကြီးအဆင့် ဆွေးနွေးပွဲကို “အိန္ဒိယ-အာဆီယံ ပင်လယ်ရေကြောင်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး” ဆောင်ပုဒ်ဖြင့် ကျင်းပခဲ့ပြီး အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး ရှာရီမာတီ ဆူရှမာ ဆွာရာချ်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

**တက်ရောက်ခဲ့ကြ**

ဆွေးနွေးပွဲသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဆက်သွယ်ရေး ဝန်ကြီး အဗ္ဗဒူမူတာလစ်ယူဆွတ်၊ စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဗီဗီယန် ဘာလာခရစ်ရှ်နန်၊ အင်ဒိုနီးရှားနိုင်ငံ ဒုတိယ နိုင်ငံခြားရေးဝန်ကြီး၊ လာအိုနိုင်ငံ ဒုတိယ နိုင်ငံခြားရေးဝန်ကြီး၊ ဗီယက်နမ်နိုင်ငံ ဒုတိယ နိုင်ငံခြားရေးဝန်ကြီးတို့ အပါအဝင် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြပြီး မိန့်ခွန်းအသီးသီးပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီး ရှာရီမာတီ ဆူရှမာ ဆွာရာချ်က မိန့်ခွန်းပြောကြားရာ၌ ယခုနှစ် ဒေလီဆွေးနွေးပွဲသည် ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် နယူးဒေလီမြို့၌ ကျင်းပခဲ့သည့် အာဆီယံ-အိန္ဒိယ ဆွေးနွေးဖက်ဆက်ဆံရေး (၂၅)နှစ်မြောက် အထိမ်းအမှတ်အခမ်းအနားအပြီးတွင် ပထမအကြိမ်ကျင်းပသည့် ဆွေးနွေးပွဲဖြစ်၍ တစ်မူထူးခြားကြောင်း၊ အာဆီယံနှင့် အိန္ဒိယတို့သည် ပင်လယ်ရေကြောင်းအရ မိတ်ဖက်များနှင့် အိမ်နီးချင်းများ ဖြစ်ကြသည့်အလျောက် ပင်လယ်သမုဒ္ဒရာများ၊ ရေကြောင်းကူးသန်းသွားလာရာ လမ်းကြောင်းများ၏ လုံခြုံရေးနှင့် ရေရှည်တည်တံ့ရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်းနှင့် အိန္ဒိယနိုင်ငံအနေဖြင့် အာဆီယံ၏ ဗဟိုပြုဦးဆောင်မှုကို အခြေပြုမည့် ဒေသတွင်း လုံခြုံရေးယန္တရားအခင်းအကျင်းတစ်ရပ် ပေါ်ထွန်းလာရေးအတွက် အာဆီယံနိုင်ငံများနှင့်အတူ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

**ပင်လယ်ပြင်ဂေဟာစနစ်ထိန်းသိမ်းရေး**

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က မိန့်ခွန်းတစ်ရပ် ပါဝင်ပြောကြားခဲ့ရာတွင် မြန်မာနိုင်ငံအနေဖြင့် ပင်လယ်ကမ်းခြေရှည်လျားစွာရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေး၊ ငါးဖမ်းလုပ်ငန်းနှင့် ရေကြောင်းခရီးသွားလုပ်ငန်း စသောပင်လယ်ပြင်နှင့် စပ်လျဉ်းသည့် လုပ်ငန်းများနှင့် ပင်လယ်ရေကြောင်းလုံခြုံရေးတို့ကို အလေးထားပါကြောင်း၊ ထို့ကြောင့် ပင်လယ်ပြင် ဂေဟာစနစ်ထိန်းသိမ်းရေးအတွက် သတင်းအချက်အလက်ဖလှယ်ခြင်း၊ အတွေ့အကြုံများ ဝေမျှခြင်း၊ ရေကြောင်းလုံခြုံရေးဆိုင်ရာ ကိစ္စများဖြစ်သည့် တရားမဝင်ငါးဖမ်းမှု၊ ပင်လယ်ဓားပြမှု၊



လက်နက်နှင့် မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်ကူးသန်းမှုများ နှိမ်နင်းရေးတို့တွင် ပူးပေါင်းဆောင်ရွက်ကြရန် အရေးကြီးကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

**လမ်းပွင့်သွားမည်**

ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် ပထဝီအနေအထားအရ အိန္ဒိယနိုင်ငံနှင့် အရှေ့တောင်အာရှဒေသအား ပေါင်းကူးတံတားသဖွယ် ဆက်သွယ်ပေးနိုင်ကြောင်း၊ အိန္ဒိယ-မြန်မာ-ထိုင်း သုံးပွင့်ဆိုင် အဝေးပြေးလမ်းမ စီမံကိန်းသည် အိန္ဒိယနိုင်ငံမှ အာဆီယံသို့ ဆက်သွယ်ပေးမည့် အဓိကဝင်ပေါက်လမ်းကြောင်း ဖြစ်လာတော့မည်ဖြစ်ပြီး ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံများအထိပါ တိုးချဲ့ဆက်သွယ်သွားနိုင်မည်ဖြစ်ကြောင်း၊ ကုလားတန် ဘက်စုံပို့ဆောင်ရေးစီမံကိန်းသည်လည်း အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းဒေသမှ စစ်တွေဆိပ်ကမ်းသို့ ဆက်သွယ်ပေးမည်ဖြစ်ရာ စီမံကိန်းပြီးသွားပါက ကုန်းတွင်းဘက်ဒေသဖြစ်နေသည့် အိန္ဒိယအရှေ့မြောက်ပိုင်းဒေသအား ဘင်္ဂလားပင်လယ်နှင့် အာဆီယံနိုင်ငံများသို့ လမ်းပွင့်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ အကောင်အထည်ဖော်နေသည့် သီလဝါနှင့် ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် စီးပွားရေးအထူးဇုန် စီမံကိန်းများ အကောင်အထည်ပေါ်လာသည့်အခါ ဒေသတွင်းနိုင်ငံများ ရေကြောင်းဆက်သွယ်မှုကို ထူးခြားစွာ ပြောင်းလဲစေမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံ-အိန္ဒိယ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးမူဘောင်အောက်မှ ဆက်လက်ပူးပေါင်းဆောင်ရွက်ရုံသာမက အိန္ဒိယကမ်းခြေနိုင်ငံများအသင်း (India Ocean Rim Association- IORA) ၏ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အောက်တွင် မကြာမီ ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု မျှော်လင့်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

**အသိပေးပြောကြား**

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး ရှာရီမာတီ ဆူရှမာ ဆွာရာချ်အား သီးခြားတွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ပြီး ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်သည့် နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို အသိပေးပြောကြားခဲ့သည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် အပြည်ပြည်ဆိုင်ရာ နေရောင်ခြည်စွမ်းအင် မိတ်ဖက်နိုင်ငံများအဖွဲ့ (International Solar Alliance-ISA) သို့ မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် ပါဝင်ရန်အတွက် အဆိုပါ မူဘောင်သဘောတူစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး စာချုပ်အား အိန္ဒိယ ပြည်ပရေးရာဝန်ကြီး ရှာရီမာတီ ဆူရှမာ ဆွာရာချ်ထံ အပ်နှံခဲ့သည်။ **(အပေါ်ဓာတ်ပုံ)** သို့ဖြစ်ရာ မြန်မာနိုင်ငံသည် ISA မူဘောင်စာချုပ်၏ ၆၈ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံဖြစ်လာမည်ဖြစ်ပြီး ယင်းသို့ စာချုပ်တွင် ပါဝင်လာခြင်းဖြင့် နိုင်ငံတကာမှ နေရောင်ခြည်စွမ်းအင်ဆိုင်ရာ ကူညီပံ့ပိုးမှုများရရှိရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာဖွင့်ပွဲနှင့် ရုပ်ရှင်မူပိုင်ခွင့် ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၁**

မြန်မာ့ရုပ်ရှင် အတတ်ပညာနှင့် နည်းပညာများ အားပေးမြှင့်တင်ဆောင်ရွက်နိုင်ရေးနှင့် အမြင်ဖလှယ်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်သည့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ(Film Development Centre)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် ၅၀ ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယက ဦးစိုးမိုးနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းတို့က ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဖွင့်ပွဲအခမ်းအနား တက်ရောက်လာကြသူများသည် ရုပ်ရှင်အနုပညာရပ်ဝန်းအတွင်းရှိ စတူဒီယိုများ၊ ပြင်ပရိုက်ကူးရေးပြုလုပ်နိုင်မည့်နေရာများ၊ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာရှိ သင်တန်းနှင့် ဆွေးနွေးပွဲခန်းမတို့ကို လှည့်လည်ကြည့်ရှုကြသည်။

### ထည့်သွင်းဖွဲ့စည်း

ယခု ဖွင့်လှစ်လိုက်သည့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာတွင် ရုပ်ရှင်အတတ်ပညာနှင့် နည်းပညာများ မျှဝေဖလှယ်နိုင်မည့် ဆွေးနွေးပွဲများ၊ သင်တန်းခန်းမများပါဝင်ပြီး ရှေးဟောင်းရုပ်ရှင် ဇာတ်ကားများနှင့် ရုပ်ရှင်ပညာဆိုင်ရာစာအုပ်စာတမ်းများ လေ့လာနိုင်မည့် ရည်ညွှန်းစာကြည့်တိုက်လည်း ထည့်သွင်းဖွဲ့စည်းထားသည်။

မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ တည်ထောင်ဖွင့်လှစ်ရာတွင် စီမံခန့်ခွဲရေးအဖွဲ့ကို ရုပ်ရှင်ပညာရှင်များဖြင့်ဖွဲ့စည်းထားပြီး ရုပ်ရှင်အနုပညာ၊ အတတ်ပညာများ သင်ကြားလေ့ကျင့်ခြင်း(Training)၊ ရုပ်ရှင်လောကသားများဆွေးနွေးခြင်း(Discussion)၊ ရုပ်ရှင်ဝါသနာရှင်များ အဆက်အသွယ်ပြုနိုင်ခြင်း(Connection)တို့ကိုလည်း တစ်နေရာတည်းတွင် ပေါင်းစပ်ဆက်သွယ် ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ထားရှိသည်။

ထို့ပြင် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာရှိ ရုပ်ရှင်ပြခန်းမ၊ Theatre နှင့် စတူဒီယိုများ၊ ကင်မရာနှင့်ဆက်စပ်ပစ္စည်းများကိုအသုံးပြု၍ ရုပ်ရှင်ချစ်မြတ်နိုးသူများအဖွဲ့(Film Club)များ ဖွဲ့စည်းခြင်း၊ စုပေါင်းရုပ်ရှင်ကြည့်ရှုသည့် Cinematheque Program များနှင့် ထောက်ပံ့ကူညီမှုပြုလုပ်နိုင်မည့် Grant Program များလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

### ပူးတွဲဆောင်ရွက်

နံနက် ၁၀ နာရီတွင် ရုပ်ရှင်မူပိုင်ခွင့် ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာတွင် ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်ရှင်နှင့်ပတ်သက်သည့် ကိစ္စရပ်များတွင် တာဝန်ရှိသည်နှင့်အညီ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ရှင်နှင့် ဆက်စပ်သော လုပ်ငန်းများ၊ ရုပ်ရှင်လောကသားများ၊ သက်ဆိုင်သောပုဂ္ဂိုလ်များအားလုံးနှင့်ပူးတွဲပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရုပ်ရှင်အနုပညာရပ်ဝန်း၊ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ(Film Development Centre)ကို သင်တန်းများ၊ ဆွေးနွေးပွဲများ၊ စတူဒီယိုများ၊ ရုပ်ရှင်ကြည့်ခန်းမများဖြင့် ပေါင်းစပ်ပြီး ဖွင့်လှစ်နိုင်ခြင်းကြောင့် အင်မတန်မင်္ဂလာရှိသည့်နေ့ဟု မြင်ပါကြောင်း၊ ထို့ပြင် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည့် အရေးကြီးသည့် အစိတ်အပိုင်းဖြစ်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ကို ကာကွယ်စောင့်ရှောက်နိုင်မည့် အလုပ်ရုံဆွေးနွေးပွဲ ပေါ်ပေါက်လာခြင်းသည် တန်ဖိုးရှိသည့် လက္ခဏာတစ်ရပ်ဟု မြင်ပါကြောင်း၊ ယခုဆွေးနွေးမှုမှအစပြုပြီး ဥပဒေများပေါ်ပေါက်လာရန်၊ ဆွေးနွေးသုံးသပ်မှုမှရရှိမည့် နည်းလမ်းကောင်းများကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန် အစပြုခြင်းဖြစ်၍ အင်မတန်မင်္ဂလာရှိသည့် နေ့တစ်နေ့ဖြစ်ပါကြောင်း ပြောကြားသည်။





**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရုပ်ရှင်မူပိုင်ခွင့် ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။**

### ဆွေးနွေးပြောကြား

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းက မြန်မာ့ရုပ်ရှင်လောက၏ ဘူမိနက်သန်နေရာမှန်တွင် ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးစင်တာ ဖွင့်လှစ်နိုင်ခြင်းသည် မင်္ဂလာတစ်ပါးဖြစ်ပါကြောင်းနှင့် ရုပ်ရှင်မူပိုင်ခွင့် ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် ရုပ်ရှင်မူပိုင်ခွင့် ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး အသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်၊ အလုပ်အမှုဆောင် ဦးသန်းမောင်နှင့် SAVE MYANMAR FILM မှ ပရောဂျက်ဒါရိုက်တာ ဦးဥက္ကာတို့က ရုပ်ရှင်ဇာတ်ကားတစ်ကား ဖန်တီးမှုတွင် ပါဝင်သော အစိတ်အပိုင်းများနှင့် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ၊ ယနေ့ ချိုးဖောက်ခံနေရသော မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတကာတွင်ဆောင်ရွက်နေသော မူပိုင်ခွင့်ဆိုင်ရာ ကာကွယ်မှုများ၊ ကာကွယ်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ ခေါင်းစဉ်တို့ဖြင့် ပါဝင်ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းမှုများအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရုပ်ရှင်နှင့်ဗီဒီယိုဆင်ဆာအဖွဲ့ဝင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ယနေ့ကျင်းပသည့် ရုပ်ရှင်မူပိုင်ခွင့် ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲမှရရှိလာသော အကြံပြုချက်များ၊ ဆွေးနွေးချက်များကို အစီရင်ခံစာထုတ်ပြန်ပြီး မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စက်မှုထုတ်ကုန်ပစ္စည်းများရောင်းချသည့် အထူးဈေးကားကို ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ကြည့်ရှု

**ရန်ကုန် ဇူလိုင် ၂၁**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ပတ္တမြားဈေးသို့ ရောက်ရှိပြီး စက်မှုဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိကြသည့် ပုဂ္ဂလိကလုပ်ငန်း ထုတ်ကုန်များအား အထူးဈေးကားဖြင့် ရောင်းချပေးလျက်ရှိသည်ကို ကြည့်ရှုအားပေးကာ အများပြည်သူသုံး စက်မှုထုတ်ကုန်ပစ္စည်းများ မပြတ်လပ်ရေး၊ စနစ်တကျ ရောင်းချပေးရေး၊ ကွန်ပျူတာစနစ်သုံး စာရင်းဇယား ကွပ်ကဲထိန်းချုပ်ရေးစနစ်ကို အပြည့်အဝ အသုံးချရေးတို့ကို မှာကြားပြီး ဈေးဝယ်သူများအား အမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်သည်။



ယင်းနောက် ထောက်ကြံ့ရှိ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော Daewoo မော်တော်ယာဉ် ထုတ်လုပ်ရေးစီမံကိန်းသို့ ရောက်ရှိလာရာ Myanmar Trade Center မှ တာဝန်ရှိသူများက အများပြည်သူသုံး Daewoo ဘတ်စ်ကားများနှင့် မီနီဘတ်စ်များ တည်ဆောက်ထုတ်လုပ်နိုင်ရေးကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ယခုတည်ဆောက်ရေးကာလမှပင် အများပြည်သူများ အန္တရာယ်ကင်းရှင်းအောင် စနစ်တကျ ပတ်ဝန်းကျင်ထိန်းသိမ်းဆောင်ရွက်ရေးကို ဆောင်ရွက်ရေးနှင့် စနစ်တကျ ထုတ်လုပ်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သန်လျင်ရှိ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ စက္ကူထုပ်ပိုးစက်ရုံနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မြတ်မိဘကုမ္ပဏီသို့ရောက်ရှိပြီး စက်ရုံမြေနေရာများ ပြင်ပမှ ကျူးကျော်မှုမရှိစေရေး၊ လစ်လပ်နေသော မြေနေရာများကို နိုင်ငံတော်အတွက် အကျိုးရှိစွာ အသုံးချရေး၊ အသုံးမချနိုင်သော မြေများကို အများပြည်သူ အကျိုးရှိစေမည့် လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်အပ်နှံရေးကိစ္စ စသည်ဖြင့် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမာမြို့နယ်အတွင်းရှိ လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့

**ဖျာပုံ ဇူလိုင် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့နယ်အတွင်းရှိ လေဘေးသင့်ပြည်သူများအား ယနေ့နံနက် ၁၀ နာရီတွင် ဖျာပုံခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် တာဝန်ရှိသူများက ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၀ ရက် နံနက် ၄ နာရီခွဲခန့်က လေဆင်နှာမောင်းတိုက်ခတ်ခဲ့မှုကြောင့် အမာမြို့နယ် ဘဝသစ်ကျေးရွာအုပ်စု ခတ္တာကျွန်းကျေးရွာနှင့် အမှတ် ၁ ရပ်ကွက်အတွင်းတို့၌ စုစုပေါင်း လူနေအိမ် ၂၈ အိမ် ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် ပျက်စီးသွားသော အိမ်ထောင်စု ၂၈ စုအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါ ကယ်ဆယ်ရေးပုံးများ၊ ငွေကျပ် ၂၁ သိန်းလေးသောင်း တန်ဖိုးရှိ အိမ်ဆောက်ပစ္စည်းများနှင့် ဆန်ရိက္ခာ ၇၇ ရက်စာ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## လုပ်ငန်းရှင်များသို့ ကြိုတင်အသိပေးခြင်း

၂၀၁၄ ခုနှစ် စားသုံးသူအကာအကွယ်ပေးရေးဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (ဃ) အရ စီးပွားရေးလုပ်ငန်းရှင်သည် ကုန်စည်များပေါ်တွင် သုံးစွဲပုံနှင့်ပတ်သက်သော သတင်း၊ အချက်အလက် သို့မဟုတ် ညွှန်ကြားချက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြ၍ ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း၊ ရောင်းချခြင်းများ ဆောင်ရွက်သွားရန် အမိန့်ကြော်ငြာစာကို မကြာမီ ထုတ်ပြန်ကြော်ငြာသွားမည် ဖြစ်ပါသည်။

အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး (၆) လပြည့်မြောက်သည့်နေ့မှစပြီး အာဏာသက်ရောက်မည်ဖြစ်၍ လိုက်နာခြင်းမရှိပါက စားသုံးသူ အကာအကွယ်ပေးရေးဥပဒေနှင့်အညီ အရေးယူခံရမည်ဖြစ်ပါကြောင်းနှင့် လုပ်ငန်းရှင်များအနေဖြင့် ကြိုတင်သိရှိ ပြင်ဆင်ဆောင်ရွက်ထားနိုင်ကြပါရန် အသိပေးအပ်ပါသည်။

**စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ**

# တစ်ဆုပ်စာနှင့် တစ်ဆုပ်စာ

## လှိုင်းလေပြေဦး(ညောင်ဦး)

ဒီကနေ့ ကြားလိုက်ရတဲ့ စကားသံတချို့က စာရေးသူ စိတ်နှလုံးကို အပြည့်အဝ ဖမ်းစားလို့နေပါတယ်။ ဘယ်နေရာက ဘယ်လိုစကားမျိုး ကြားခဲ့ပါလိမ့် စာဖတ်သူတွေးနေလေမလား။ စာရေးသူက အလုပ်ပိတ်ရက်ဆို ချက်ရင်းပြုတ်ရင်း Readers Channel ကို ဖွင့်ထားပြီး နားထောင်တတ်တဲ့ အကျင့်တစ်ခုရှိပါတယ်။ ဒီကနေ့ "ဇာတ်လမ်းပုံပြင် နားထောင်ချင်" အစီအစဉ်မှ "ဂုဏ်မြင့်တဲ့ငန်းတွေ" ဆိုတဲ့ပုံပြင်လေးကို နားထောင်လိုက်ရပါတယ်။ ဒီအစီအစဉ်လေးကို သားသမီးတွေကြည့်အောင် မိဘတွေတိုက်တွန်းသင့်ပါတယ်။ အချိန်များရရင်လေ သားသမီးနဲ့အတူတူ ကြည့်သင့်တာအမှန်။ ကလေးငယ်တွေ အနာဂတ်မှာ ဘဝတစ်သက်တာအတွက် မှတ်သားစရာ လိုက်နာစရာ ကျင့်ဝတ်စည်းကမ်းများကို သိသွားနိုင်မယ်။ ကာတွန်းပုံလေးတွေနဲ့ အစီအစဉ်တင်ဆက်သူရဲ့ စကားချိုချို အတွေးကြွယ်ကြွယ်နဲ့ ပြောတဲ့စကားတွေကလည်း တကယ့်ကို မှတ်သားစရာပါ။ စာရေးသူကတော့ ဆရာမကြီးပြောတဲ့ "ဂုဏ်မြင့်တဲ့ငန်းတွေ" ဆိုတဲ့ ပုံပြင်လေးထဲက အကြောင်းအရာထက် စကားလုံးတစ်လုံးက အတွေးတွေကို ဆက်ပွားတွေးစေခဲ့တာပါ။

ပုံပြင်ပြောရင်း ပြောသွားတဲ့ စကားလုံးတချို့ကို အကြမ်းဖျင်း ထုတ်နုတ်ပြရရင် "ရှေးပုံပြင်များမှာ မာဂဓ ဆိုတဲ့ ဘာသာစကားကို လူနဲ့ တိရစ္ဆာန်တွေ အပြန်အလှန် ပြောဆိုနိုင်ကြပါတယ်။ ရက်စက်မှု၊ ကြမ်းကြုတ်မှု ဆိုတာလည်း လက်တစ်ဆုပ်စာ လူတွေရဲ့အတွင်းမှာပဲ ရှိနေတတ်တယ်။ ရောင်စုံတိုင်းပြည်ကြီးမှာ သဘာဝတရားနဲ့ လူသားတွေကြား သဟဇာတဖြစ်ပြီး တစ်ဦးကောင်းကျိုး တစ်ဦး လိုလားနေတဲ့အချိန် ဖြစ်တယ်။ ပဒေသာပင်ကြီး ပေါက်နေတဲ့အတိုင်း လိုတဲ့အခါ ဆွတ်စားလိုက်ရုံပဲ ဆိုသလို လူတွေရဲ့ လိုအင်ဆန္ဒတွေပြည့်ဝနိုင်ကြတယ်။ တိရစ္ဆာန်တွေမှာလည်း သတ်ခြင်း ဖြတ်ခြင်းမရှိဘဲ ပျော်ပျော်ရွှင်ရွှင်နေနိုင်ကြတယ်" လို့ တင်ဆက်ထားတာပါ။ ပုံပြင်ထဲကနေ စာရေးသူကို ဆက်တွေးစေခဲ့တာ 'တစ်ဆုပ်စာ' ဆိုတဲ့ စကားတစ်ခွန်းပါပဲ။ ဒီဘက်ခေတ်ကို သရော်ပြသလား ထင်မှတ်ရတဲ့ "ရက်စက်ကြမ်းကြုတ်မှု ဆိုတာလည်း လက်တစ်ဆုပ်စာလူတွေရဲ့အတွင်းမှာပဲ ရှိတယ်" ဆိုတဲ့စကားက ခေတ်ရဲ့ ကွာခြားမှုအကြီးကြီးကို ထင်ဟပ်ပြလို့ နေတာကိုး။

စာရေးသူတို့ တွေးမယ်ဆို အကြောင်းအရာ အများကြီးပေါ်ကနေ ဖြန့်ကြက်တွေးတောလို့ရပါတယ်။ ဒါပေမယ့် ဒီနေရာမှာ အကြောင်းအရာတစ်ခုကိုပဲ နှိုင်းယှဉ်ပြပါရစေ။ စာရေးသူတို့ငယ်စဉ်က ရပ်ကွက်တစ်ခုလုံး မပြောနဲ့ နှစ်ရပ်ကွက်ပေါင်းရင်ကို အရက်သောက်တဲ့သူ ဆိုတာ လက်ချိုးရေတွက်လို့ရတယ်။ မပြည့်ပါဘူး။ အရက်သောက်တဲ့သူတစ်ဦးရဲ့အချိန်ကလည်း ညနေခင်းလို့ သတ်မှတ်လို့ရနိုင်ပါတယ်။ စည်းမဲ့ကမ်းမဲ့ အချိန်မကြည့် အခါမကြည့် နေရာဒေသမရွေး သောက်ကြခြင်းမျိုးမဟုတ်။ အလုပ်က အပြန်မှ သောက်တတ်ကြတာကိုး။ လွန်လွန်းမက လွန် ကျွံလွန်းမကကျွံ သေအံ့မူးမူး အချိန်မျိုးရောက်မှ မနက်ခင်းကို အရက်နဲ့ မျက်နှာသစ်ကြတာမျိုး။ ကိုယ်ကြိုက်လို့သောက်ကြပေမယ့် ဘာသာသာသနာ လူကြီးမိဘတော့ လေးစားသမှု ရှိသေးတယ်။ သူ့နေရာနှင့်သူ သောက်သင့် မသောက်သင့် စဉ်စားကြသေးတယ်။ မနေနိုင်မထိုင်နိုင် နောက်ဆုံးအချိန်ကို စောင့်မျှော်နေရတဲ့ အခြေအနေမျိုးမှာ သွေးဆာလို့ သောက်ရသူများကိုတော့ ခြွင်းချက်လို့ ထားပါလေ။ အဲဒီခေတ်အခါက မိန်းကလေးတစ်ယောက်များ အရက်သမား ယောကျ်ားရရင် ယောကျ်ားရ ကံမကောင်း ဘူးဆိုပြီး ကရုဏာသက်ကြတယ်။ တပူပူတဆူဆူ လုပ်တတ်တဲ့ အရက်သောက်သူရဲ့ သားသမီးတွေဆိုလည်း သနားကြရတယ်။ အဲဒီခေတ်က အရက်သမားဆိုတာ ပြောစကား ဆိုစကား နားမထောင်တဲ့ကလေးတွေအတွက် ခြောက်လှန့်စရာ ရှားပါးလူသားဘဝ ရောက်နေသူမျိုး။ စာရေးသူတို့ ငယ်စဉ်က အရက်သောက်သူဆိုတာက မြို့နဲ့ယှဉ်ကြည့်မှ လူအများကြား လက်တစ်ဆုပ်စာပဲရှိတတ်တာမျိုးပါ။

ယနေ့ခေတ်ကြီးမှာတော့ ခေါင်းစဉ်အမျိုးမျိုးနဲ့ လူငယ်တွေသောက်လာကြပြီ။ ပျော်လို့ သောက်တယ်။ စိတ်ညစ်လို့ သောက်တယ်။ အသည်းကွဲလို့ သောက်တယ်။ မဆုံတာကြာပြီးမှ ပြန်ဆုံလို့သောက်တယ်။ ငွေရပေါက်တိုးလို့ တိုက်ကြသောက်ကြတယ်။ မွေးနေ့၊ မင်္ဂလာဆောင်၊ ဘုရားပွဲ၊ အလှူပွဲ၊ မြန်မာနှစ်သစ်ကူး၊ အင်္ဂလိပ်နှစ်သစ်ကူး စသည်ဖြင့်ပေါ့လေ ခေါင်းစဉ်အမျိုးမျိုးတပ်ပြီး သောက်လာကြတာများ သင့်၊ မသင့် မစဉ်စားကြတော့ဘူး။ တချို့ မိန်းကလေးများဆို အကြောင်းအရာအမျိုးမျိုးပြကာ သောက်စားလာကြလေပြီ။ ဟိုတလောက လူမှုကွန်ရက်ပေါ်မှာ

> "အခုနောက်ပိုင်း မိန်းမငယ်လေးများပါ သောက်စားတတ်လာကြခြင်းက ထိတ်လန့်ဖွယ်အနေအထားတစ်ခု။ နိုင်ငံနဲ့စာလျှင် တစ်ဆုပ်စာမျှသာ ကျန်နေသော လူငယ်တို့ကရော အရက်ယဉ်ကျေးမှုများအကြားမှာ အချိန်ဘယ်လောက်ကြာကြာအထိ ကြံ့ကြံ့ခံနိုင်ကြပါ့မလဲ။ ယခင်တစ်ဆုပ်စာနဲ့ ယခုတစ်ဆုပ်စာကြားက ပြောင်းပြန်ကွာခြားမှုကြီးကို သတိထားမိပြန်တော့ အနာဂတ်အတွက် ရင်လေးလို့လာပါတယ်"

အဖြူအစိမ်းဝတ် ကျောင်းသားလေးတွေ ဘီယာသောက်တဲ့ ဗီဒီယိုဖိုင်တွေ့လိုက်ရတော့ အတော်ထိတ်လန့်မိတယ်။ ဘယ်လိုလူတွေက ရောင်းချပေးလိုက်သလဲ။ ဆိုင်ရှင်က မရောင်းဘူးဆိုရင်လည်း ဘယ်လိုလူကြီးက ဝယ်ပေးခဲ့သလဲ။ ဒီကလေးတွေလက်ထဲ ဘီယာပုလင်း ရောက်နေတာ ကြည့်ခြင်းအားဖြင့် ကလေးသူငယ်များအပေါ် ပတ်ဝန်းကျင်လူထုအနေနဲ့ စောင့်ရှောက်မှုနည်းနေတာ ပေါ်လွင်လို့နေပါတယ်။ အနာဂတ်ကို ရှေးရှုမှုနည်းနေသမျှတော့ အနာဂတ်က လှပမှု နည်းနေဦးမှာပါပဲ။ ဒီအကြောင်းအရာနဲ့ဆက်စပ်ပြီး စာပေဟောပြောပွဲတစ်ခုမှာ ဆရာမင်းကိုနိုင် စကားလေး ခေါင်းထဲရောက်လာပြန်တယ်။ ဟောပြောပွဲမှာ ဘာပြောလဲဆိုတော့ "အင်္ဂလန်နိုင်ငံမှာ မြန်မာတွေ ကလေးကို ဆိုင်ကယ်ပေါ်တင်စီးလို့ ရဲက မတင်ရဘူး၊ မသွားရဘူး ပြောတဲ့အခါ မြန်မာအချင်းချင်း အလောင်းအစား တစ်ခုလုပ်ကြတယ်။ မြို့ထဲကို ဆိုင်ကယ်ပေါ် ကလေး တင်ခေါ်ပြီး ရအောင်သွားမယ်။ အဲဒီတော့ ဟိုမှာ နေသူတွေက မရဘူး ဒဏ်ငွေလည်း ဆောင်ရမယ်။ အဖမ်းလည်း ခံရမယ်လို့ ဝိုင်းတားကြတယ်။ နောက်တစ်ယောက်ကလည်း မရဘူး။ မင်းရဲဖမ်းခံရလိမ့်မယ်လို့ သတိထပ်ပေးတဲ့အခါ ကလေးအဖေကလည်း ရဲမရှိတဲ့လမ်းက သွားမယ်လို့ တိုးတိုးပြောပြီး ဆိုင်ကယ်နဲ့ကလေးကို တင်ပြီး ထွက်သွားတယ်။ လမ်းထိပ်ကို မရောက်ခင်မှာဘဲ တစ်လမ်းတည်းနေသူတွေက တားကြတယ်။ အဲဒီလိုမလုပ်ရဘူးလေဆိုပြီး ဝိုင်းပြောကြတယ်။ မြန်မာအမျိုးသားက ခဏလေးလို့ ပြန်ပြောတဲ့အခါ သူတို့ကလည်း ခဏလေးလည်းမရဘူးဆိုပြီး လမ်းထဲက လူတွေဝိုင်းဖမ်းတာ ခံလိုက်ရပါတယ်။ ဖမ်းပြီး ပြီးချင်းမှာ ရဲစခန်းကို ဖုန်းဆက်တိုင်ကြားပါတယ်။ ရဲ မရောက်ခင် ကလေးအဖေက ပြောတယ်။ ခင်ဗျားတို့နဲ့ ဘာဆိုင်လဲ၊ ကိုယ့်ကလေးကိုယ်ခေါ်တာလို့ ရန်ထောင်လိုက်တော့။သူတို့တွေကလည်း ဝိုင်းပြောသတဲ့။ မင်းမွေးထားတဲ့ကလေး မှန်ပါတယ်။ ဒါပေမယ့် ဒါက ငါတို့အားလုံးရဲ့ ကလေး၊ ငါတို့နိုင်ငံရဲ့အနာဂတ်လို့ ပြန်ပြောကြတယ်။ မင်းလုပ်ချင်တိုင်း လုပ်လို့မရဘူး။ သူတို့နိုင်ငံမှာ အားလုံးက ကလေးမှန်ရင် ကလေးမိဘက ဘယ်ဘာသာ၊ ဘယ်လူမျိုး၊ ဘာအသက်မွေးဝမ်းကျောင်းလုပ်ငန်းပဲလုပ်လုပ် သူ့ကလေး၊ ကိုယ့်ကလေး မခွဲခြားဘဲ တိုင်းပြည်အနာဂတ် ရင်သွေးငယ်တွေအတွက် အမုန်းခံ တားကြ တိုင်ကြားကြတယ်" လို့ မျှဝေခဲ့ပါတယ်။

စာရေးသူတို့နိုင်ငံမှာတော့ ဆယ့်ရှစ်နှစ် မပြည့်သူတွေ အရက်သောက်လို့ရနေတာ အနာဂတ်အတွက် ရင်လေးစရာပါ။ မိမိအကျိုးစီးပွားတစ်ခုထဲကိုကြည့်ပြီး စီးပွားရေးတွေလုပ်လာကြတယ်။ ကိုယ့်အတ္တကိုပဲရှေးရှုပြီး ကလေးသူငယ်များအပေါ် ဝိုင်းဝန်းစောင့်ရှောက်မှု နည်းလာကြပြီ။ လူငယ်လူရွယ်တွေက စီးပွားရေးလုပ်ကိုင်သူတွေရဲ့ သားကောင်ဖြစ်လို့နေပြီ။ စာဖတ်သူတို့ သတိထားမိမလား တော့မသိဘူး။ စာရေးသူတို့နိုင်ငံမှာ လက်ညှိုးထိုးမလွဲတဲ့ အရက်ကြော်ငြာဆိုင်းဘုတ်များက မြို့အတော်များများမှာ ဝှံ့ဝှံ့ကြွားကြွားနေရာယူလို့ နေလေပြီ။ မုန့်ဆိုင် မေးမလား၊ စတိုးဆိုင်မေးမလား၊ ကုန်စုံဆိုင်မေးမလား၊ ကျေးရွာမကျန် အလွယ်တကူ ဝယ်ယူရနေတာ အရက်နဲ့ဘီယာပါပဲ။ အလွယ်တကူဝယ်ယူရရုံမျှမက ဈေးနှုန်းကလည်း အခြားနိုင်ငံများနဲ့ ယှဉ်ရင် ချိုသာလွန်းတော့ နိုင်ငံရဲ့ရောင်းအားအကောင်းဆုံး နေရာမှာ ရပ်တည်နေတာ မဆန်းပါဘူး။ စားသောက်ဆိုင်တွေမှာ ရောင်းချရုံမျှမက အိမ်များတွင်ပါ တိတ်တဆိတ် ရောင်းချလာကြပြီ။ လူငယ်လူရွယ်တို့ကတော့ ခေါင်းစဉ်အမျိုးမျိုးနဲ့ အရက်ကို သောက်သုံးရင်း အစွဲကြီးစွဲပြီးသကာလ အရက်ဆိုင်လေးများမှာ အချိန်ကုန်လွန်လာကြတော့တာပါပဲ။ ဘယ်နှယောက်မြောက်သော လူကြီးတို့က အမုန်းခံပြီး တားမြစ်ကြသလဲ။ အသက်ဆယ့်ရှစ်နှစ်မပြည့်သူကိုလည်း ရောင်းချပေးနေတဲ့ အရက်နဲ့ဘီယာအရောင်းဆိုင်များကို တိုင်တန်းဖို့ ဘာကြောင့်အားနာနေကြသလဲ။ ကုသိုလ်ရေးနဲ့ဆက်နွှယ်သောပွဲမျိုးမှာ အရက်ဖြင့် ဧည့်ခံခြင်းကို လက်ခံနေကြခြင်းက ဗုဒ္ဓဘာသာလူမျိုးများအတွက် စိုးရိမ်ဖွယ်အနေအထားတစ်ခုပင်။ အခြားနိုင်ငံက လူငယ်တွေက သူတို့ အနာဂတ် သူတို့နိုင်ငံအတွက် ကြိုးစားပုံဖော်နေကြပြီ။

စာရေးသူတို့နိုင်ငံရဲ့လူငယ်တွေက အင်နဲ့အားနဲ့ ကြိုးစားရမယ့်အစား လက်မောင်းကြွက်သား လျော့ရဲရဲ မျက်နှာဖောင်းကြွကြွများဖြင့် အရက်ဆိုင်ကို ချီတက်ကောင်းလို့နေလေပြီ။ အခုနောက်ပိုင်း မိန်းမငယ်လေးများပါ သောက်စားတတ်လာကြခြင်းက ထိတ်လန့်ဖွယ် အနေအထားတစ်ခု။ နိုင်ငံနဲ့စာလျှင် တစ်ဆုပ်စာမျှသာ ကျန်နေသော လူငယ်တို့ကရော အရက်ယဉ်ကျေးမှုများ အကြားမှာ အချိန်ဘယ်လောက်ကြာကြာအထိ ကြံ့ကြံ့ခံနိုင်ကြပါ့မလဲ။ ယခင်တစ်ဆုပ်စာနဲ့ ယခုတစ်ဆုပ်စာ ကြားက ပြောင်းပြန်ကွာခြားမှုကြီးကို သတိထားမိပြန်တော့ အနာဂတ်အတွက် ရင်လေးလို့လာပါတယ်။

ဒီအကြောင်းအရာနဲ့ပတ်သက်ပြီး ပြည်သူတွေ အနေနဲ့ရော ဘာတွေလုပ်ဆောင်နိုင်မလဲ။ ဘယ်လို လုပ်သင့်သလဲ။ ဝိုင်းဝန်းအဖြေရှာကြဖို့ လိုအပ်ပါတယ်။ လူတိုင်းလူတိုင်း မိမိနိုင်ငံ အနာဂတ်အတွက် မိမိပတ်ဝန်းကျင်ကို အလေးထားကြည့်စေချင်မိတယ်။ နိုင်ငံ အနာဂတ်ရှေးရှုပြီး အရက်နဲ့ဘီယာများကို လူငယ်များ အလွယ်တကူ ဝယ်ယူရောင်းချခွင့်၊ သောက်သုံးခွင့်တွေကို ထိန်းကွပ်ရန် လိုအပ်နေပါပြီ။ တာဝန်ရှိသူတွေ အနေနဲ့ ဘယ်လိုထိန်းသိမ်းကြမလဲ။ ဘယ်လိုစည်းကမ်းတွေ ထားကြမလဲ။ ဒီကိစ္စကိုလည်း ကဏ္ဍတစ်ရပ်ဖွင့်ပြီး ဆိုင်ရာဆိုင်ရာက အရေးတယူ ဆွေးနွေးစေချင်မိတယ်။ ဒီအခန်းကဏ္ဍကလည်း လက်ရှိမျိုးဆက်သာမက နောင်တွင် ကျန်ရစ်ခဲ့မယ့် မျိုးဆက်သစ်များအတွက် အစိုးရနှင့် ပြည်သူ အားနှစ်ဖြာဖြင့် ထိန်းသိမ်းပြုပြင်ကြရန် အရေးပေါ်လိုအပ်နေတဲ့ အနေအထားမဟုတ်ပါလား။ "ပျက်အစဉ် ပြင်ခဏ" ဆိုတဲ့အတိုင်း ပြောင်းလဲလာတဲ့ ခေတ်အနေအထားအရ တစ်ဆုပ်စာနဲ့ တစ်ဆုပ်စာ ကြားက ကွာဟလာမှုကို ပေါင်းစည်းအားနဲ့ ပြုပြင် ပြောင်းလဲကြရန်အလို့ငှာ ရေးသားတိုက်တွန်းအပ် ပါတယ်။ ။

# တိုင်းဒေသကြီးအဆင့် ကလေးသူငယ်တွေ့ဆုံပွဲ ရန်ကုန်တွင် ကျင်းပ

**ရန်ကုန်  ဇူလိုင်  ၂၁**

ကလေးသူငယ်များကိုယ်တိုင် ၎င်းတို့၏အခွင့်အရေးများကို ဖော်ထုတ်ပြောဆိုခွင့်ရရှိအောင် အခွင့်အလမ်းများ ဖန်တီးပေးရန်ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး ကလေးသူငယ်တွေ့ဆုံပွဲကို ရန်ကုန်မြို့ Summit Parkview Hotel တွင် ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ ဝေါလ်ဗီးရှင်းမြန်မာနှင့် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ပညာရေး၊ ကျန်းမာရေး၊ သမဝါယမ၊ လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ NGO များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မှော်ဘီ၊ လှည်းကူး၊ တိုက်ကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်း၊ သန်လျင်၊ မင်္ဂလာဒုံမြို့နယ်တို့မှ ကိုယ်စားပြုကလေးငယ်များ တက်ရောက်ကြသည်။

ထို့နောက် တက်ရောက်လာသူများက ကလေးများ လက်ရှိရင်ဆိုင်ကြုံတွေ့နေကြရသည့် ပညာသင်ကြားသင်ယူမှုဆိုင်ရာများ၊ ကျန်းမာရေးဆိုင်ရာများ၊ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာများ၊ မိဘနှင့်ကလေးအကြား ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များကို အကြံပြုတင်ပြဆွေးနွေးကြသည်။

အထူးသဖြင့် စာသင်ကျောင်းဆောင်များ(မူကြို၊ အထက်တန်းကျောင်း)သင်ထောက်ကူပစ္စည်းများ၊ ဆရာဆရာမများ လုံလောက်မှုမရှိခြင်း၊ ဆေးရုံ၊ ဆေးခန်းများတွင် ဆေးဝါးလုံလောက်မှုမရှိခြင်းကြောင့် အခက်အခဲဖြစ်ပေါ်မှုများ၊ လူကြီးများက ကလေးများ၏ စကားသံကို အချိန်ပေးပြီး နားမထောင်ခြင်း၊ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ သင်တန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်း(သင်တန်းဆရာ၊ နေရာထိုင်ခင်း၊ သင်ထောက်ကူ) စသည့် အချက်လေးချက်နှင့်ပတ်သက်၍ မြို့နယ်ကိုယ်စားပြု တက်ရောက်လာကြသည့်ကလေးများက တင်ပြဆွေးနွေးကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ကလေးသူငယ်များသည် နောင်တစ်ချိန်တွင် နိုင်ငံကို ဦးဆောင်ဦးရွက်ပြုသူများ ဖြစ်လာနိုင်ခြင်းကြောင့် ကလေးသူငယ်တွေ့ဆုံပွဲကျင်းပခြင်းအားဖြင့် ကလေးများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများရရှိပြီး ကလေးသူငယ်အခွင့်အရေးများကို ညှိနှိုင်းတိုင်ပင် တောင်းဆိုတတ်စေရန်နှင့် အရေးဆိုတင်ပြခြင်းစွမ်းရည်များ မြင့်တက်လာစေရန်၊ ကလေးသူငယ်များအတွက် အရေးတကြီးဖြည့်ဆည်းပေးရန် လိုအပ်သော အခွင့်အရေးများကို သက်ဆိုင်ရာအစိုးရတာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးလာရန်၊ ဒေသတွင်း ကလေးသူငယ်များ၏အသံကို စုစည်းဖော်ထုတ်တင်ပြမှုများမှတစ်ဆင့် ကလေးသူငယ်အခွင့်အရေး ဦးတည်ဆောင်ရွက်နေသော အဖွဲ့များနှင့် အစိုးရတာဝန်ရှိသူများအကြား ချိတ်ဆက်ဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန်နှင့် သတင်းအချက်အလက်များ အပြန်အလှန်စီးဆင်းမှု ပိုမိုမြန်ဆန်လာစေရန်တို့အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း အဆိုပါတွေ့ဆုံပွဲမှ သိရသည်။

**ရာမည**

# ရန်ကုန် နှလုံးရောဂါနှင့် ဦးနှောက်အာရုံကြောရောဂါ အထူးကုဆေးရုံသစ်ကြီးတည်ဆောက်ရေးစီမံကိန်း အသိပေးမိတ်ဆက်ပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ယနေ့မွန်းလွဲပိုင်းက ကျင်းပသည့် ဂျပန်နိုင်ငံ အစိုးရအထောက်အပံ့ဖြင့် ရန်ကုန်နှလုံးရောဂါနှင့် ဦးနှောက်အာရုံကြောရောဂါ အထူးကုဆေးရုံသစ်ကြီး တည်ဆောက်ရေးစီမံကိန်း(The Project for Construction of New Yangon Specialist Hospital) အသိပေး မိတ်ဆက်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E Mr. Ichiro Maruyama နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးတို့က အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီအကြီးအကဲတို့နှင့်အတူ ဆေးရုံသစ်ကြီး တည်ဆောက်မည့် မြေနေရာအား သွားရောက်ကြည့်ရှုခဲ့ကြရာ စီမံကိန်း၏ Chief Consultant, Mr. Tadayoshi Tsumoto က အဆောက်အအုံ ဒီဇိုင်းပုံစံကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတကာအဆင့်မီ နှလုံး၊ ဦးနှောက်နှင့် အာရုံကြောရောဂါ အထူးကု ခုနစ်ထပ်ဆေးရုံသစ်ကြီးကို လမ်းမတော်မြို့နယ်ရှိ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးနှင့် သူနာပြုတက္ကသိုလ်(ရန်ကုန်) အကြားရှိ မြေနေရာတွင် ၂၀၁၉ ခုနှစ်မှစတင်၍ တည်ဆောက်သွားမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ်တွင် လုပ်ငန်းများပြီးစီးမည်ဖြစ်သည်။ ဂျပန်နိုင်ငံအစိုးရက ဂျပန်ယန်းငွေ ၈၆၆၀ သန်းအား ဆေးရုံအဆောက်အအုံ ဆောက်လုပ်ရန်နှင့် ဆေးရုံသုံး စက်ပစ္စည်းအချို့အတွက် ထောက်ပံ့ကူညီမည်ဖြစ်ကာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ မြန်မာငွေကျပ် ၄၂၄၂၅ သန်းခန့် တန်ဖိုးရှိ အဓိကဆေးရုံသုံး စက်ပစ္စည်းကိရိယာများဖြည့်တင်းရန် ထည့်ဝင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ကမာရွတ် လှည်းတန်းစင်တာတွင် စာကြည့်တိုက်ဖွင့်လှစ်

**ရန်ကုန် ဇူလိုင် ၂၁**

ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် လှည်းတန်းစင်တာ သုံးလွှာတွင် Community Public စာကြည့်တိုက်ဖွင့်ပွဲကို ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်းက စာကြည့်တိုက် ဖွင့်ရခြင်းနှင့် စာကြည့်တိုက်တွင် စာဖတ်ခြင်းအားဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ စာကြည့်တိုက်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်းနှင့် မြန်မာနိုင်ငံဥပဒေဘွဲ့ရသူများအသင်း ဥက္ကဋ္ဌ လှည်းတန်းစင်တာ အိမ်ရာကော်မတီဥက္ကဋ္ဌ ဦးဘတင့်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် စာကြည့်တိုက်ဖြစ်မြောက်ရေးအတွက် စာအုပ်၊ စာပေများ လှူဒါန်းပံ့ပိုးကြသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ဆက်လက်၍ မြို့နယ်အားကစားမှူးက အားကစားလေ့ကျင့်မှုဆိုင်ရာ ပစ္စည်းများကို လှည်းတန်းစင်တာ၌ အသုံးပြုရန် လှူဒါန်းပေးအပ်သည်။

**ခင်မောင်သော်(ကမာရွတ်)**

# လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်သရေကျပြီး ဧရာဝတီအသင်း အနိုင်ရ

**ရန်ကုန် ဇူလိုင် ၂၁**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၃)မှ ရွှေ့ဆိုင်းထားသည့် လက်ကျန်ပွဲများအား ယနေ့ညနေပိုင်းက ကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း အိမ်ကွင်း၌ သရေကျပြီး ဧရာဝတီအသင်း နိုင်ပွဲရခဲ့သည်။

**(တောင်ကြီးကွင်း)**

**ရှမ်းယူနိုက်တက် - တစ်ဂိုး**
**ဇွဲကပင် - တစ်ဂိုး**

ပထမအကျော့ကတည်းက သရေကစားထားသည့် ဇွဲကပင်အသင်းသည် ယခုပွဲတွင်လည်း ရှမ်းယူနိုက်တက်အသင်းကို နောက်ဆုံးမိနစ်ဂိုးဖြင့် သရေကစားနိုင်ခဲ့သည်။ ယခုပွဲရလဒ်မှာ ရှမ်းယူနိုက်တက်အသင်းအတွက် များစွာနစ်နာခဲ့ပြီး ချန်ပီယံဆုကာကွယ်နိုင်ရန် အခွင့်အရေးနည်းသွားပြီဖြစ်ကာ ယနေ့ကစားမည့်ပွဲတွင် ရန်ကုန်အသင်းအနိုင်ရပါက လေးမှတ်ကွာဟသွားမည် ဖြစ်သည်။

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ပြီး ဇွဲကပင်အသင်း၏ ကစားပုံမာကျောမှုကြောင့် ရှမ်းယူနိုက်တက် အသင်းသည် အိမ်ကွင်း၌ ကစားရသော်လည်း ခက်ခက်ခဲခဲ ကစားခဲ့ရသည်။ ရှမ်းယူနိုက်တက်အသင်းသည် မဖြစ်မနေ အနိုင်ရရန် ကြိုးပမ်းခဲ့သော်လည်း ဇွဲကပင်နောက်တန်းကို မကျော်နိုင်ဘဲ ဂိုးရရန်ခက်ခဲခဲ့သည်။ မိနစ် ၃၀ တွင် တိုက်စစ်မှူး ခရစ္စတိုဖာ အပိုင်ကန်ခွင့်ရသော်လည်း လွဲချော်ခဲ့၍ ရှမ်းယူနိုက်တက်အသင်း နစ်နာခဲ့ရသည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်း ကစားသမားများ အပြောင်းအလဲလုပ်ခဲ့သလို ဂိုးရရန် တိုက်စစ်အားမြှင့်လာခဲ့သည်။ ရှမ်းယူနိုက်တက်အသင်း၏ သေချာပေါက်ဂိုးသွင်းခွင့်အချို့အား ဇွဲကပင်ဂိုးသမား နိုင်ဇေယျာထွန်း ကာကွယ်နိုင်ခဲ့သည်။ နာကျင်အချိန်ပိုတွင် ရှမ်းယူနိုက်တက်အသင်း ဂိုးရခဲ့ပြီး တိုက်စစ်မှူး ဒွေးကိုကိုချစ်က ခေါင်းတိုက်သွင်းခဲ့ခြင်းဖြစ်သည်။ သို့သော် ရှမ်းယူနိုက်တက်အသင်းသည် ယင်းဂိုးအား ထိန်းထားနိုင်ခြင်းမရှိဘဲ ၉၀+၅ မိနစ်တွင် သန်းထက်အောင်က ဇွဲကပင်အတွက် ချေပဂိုးပြန်သွင်းခဲ့သည်။

ပုသိမ်ကွင်း၌ ကျင်းပသည့်ပွဲတွင် ဧရာဝတီအသင်းက ရတနာပုံအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဧရာဝတီအသင်းသည် နိုင်ပွဲပျောက်ဆုံးမှုအား အဆုံးသတ်နိုင်ခဲ့ပြီး ၃၆ မိနစ်တွင် သီဟဇော်၊ ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် အယ်လာပက်ထရစ်က သွင်းယူခဲ့သည်။ ရတနာပုံအသင်းအတွက် ချေပဂိုးကို ၄၁ မိနစ်တွင် ဇော်ရဲထွန်းက သွင်းယူပေးခဲ့သည်။

ပွဲစဉ် (၁၃)မှ လက်ကျန်ပွဲဖြစ်သည့် ရန်ကုန်နှင့် ဟံသာဝတီပွဲကို ဇူလိုင် ၂၂ ရက်တွင် YUSC ကွင်း၌ ကျင်းပမည်ဖြစ်သည်။

**သတင်း- ရှိုင်းထက်ဇော်**
**ဓာတ်ပုံ- စိုးညွန့်**



ရှမ်းယူနိုက်တက်နှင့် ဇွဲကပင်အသင်း ယှဉ်ပြိုင်နေစဉ်။

# မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆုအတွက် လူတွေ့စစ်ဆေးမှု ခေါ်ယူ

**ရန်ကုန် ဇူလိုင် ၂၁**

မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု၊ ဂျပန်နိုင်ငံလေ့လာရေး အစီအစဉ် (MJA Outstanting Students Award - Japan Exchange Visit)အတွက် အဆိုပြုလွှာတင်သွင်းလာသည့် ကျောင်းသား ကျောင်းသူများအနက် လူတွေ့စစ်ဆေးမှုခံယူခွင့် ရရှိသူများအား လူတွေ့စစ်ဆေးမှုကို အောက်ပါအတိုင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**အထက်မြန်မာပြည်မှ ကျောင်းသား ကျောင်းသူများအတွက်**

(က) ကျင်းပမည့်နေရာ။ Link 78 MANDALAY BOUTIQUE HOTEL အမှတ် (၆၂၇)၊ (၇၈)လမ်းနှင့် (၃၁) လမ်းထောင့်၊ မန္တလေးမြို့။

(ခ) နေ့ရက်၊ အချိန်

(၁) ၄-၈-၂၀၁၈၊ စနေနေ့၊ နံနက် ၉ နာရီခွဲ။ မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်(MUFL)မှ ကျောင်းသူ ၁၅ ဦး။

(၂) ၅-၈-၂၀၁၈၊ တနင်္ဂနွေနေ့၊ နံနက် ၈ နာရီခွဲ။ မန္တလေး၊ စစ်ကိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်၊ ချင်း၊ ရှမ်းပြည်နယ်နှင့် နေပြည်တော်နယ်မြေမှ ကျောင်းသား ကျောင်းသူများ။

**အောက်မြန်မာပြည်မှ ကျောင်းသား ကျောင်းသူများအတွက်**

(က) ကျင်းပမည့်နေရာ။ YANGON INTERNATIONAL HOTEL၊ အမှတ် (၃၃၀)၊ အလုံလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့။

(ခ) နေ့ရက်၊ အချိန်

(၁) ၁၁-၈-၂၀၁၈၊ စနေနေ့၊ နံနက် ၉ နာရီ။ ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်(YUFL)မှ ကျောင်းသူ ၁၅ ဦး။

(၂) ၁၂-၈-၂၀၁၈၊ တနင်္ဂနွေနေ့၊ နံနက် ၈ နာရီ။ ရန်ကုန်၊ ပဲခူး၊ ဧရာဝတီ၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကယား၊ ကရင်၊ မွန်၊ ရခိုင်ပြည်နယ်များမှ ကျောင်းသား ကျောင်းသူများ။

လူတွေ့စစ်ဆေးမှုခံယူခွင့် ရရှိသူတိုင်းသည် နေ့ရက်အလိုက် ကျင်းပမည့်အချိန်တွင် လူတွေ့စစ်ဆေးမှုမပြုမီ အထွေထွေဗဟုသုတ မိနစ် ၃၀ မေးခွန်းအား တစ်ပြိုင်တည်း ဖြေဆိုရမည်ဖြစ်၍ အချိန်မီလာရောက်ကြပါရန်နှင့် ကျောင်းသားကတ်၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်း (မူရင်းသို့မဟုတ် မိတ္တူ)အား တစ်ပါတည်း ယူဆောင်လာကြရန် နှိုးဆော်ထားသည်။

အသေးစိတ်သိရှိလိုပါက အသင်းအတွင်းရေးမှူး ဖုန်း ၀၉-၂၆၂၇၇၂၇၀၅ နှင့် ရုံးအဖွဲ့မှူး ဖုန်း ၀၉-၄၂၁၁၆၂၃၃၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

○ ငွေလဲနှုန်းမှ

တန်ဖိုးကျဆင်းလာရာ မြန်မာနိုင်ငံကဲ့သို့ အိမ်နီးချင်း အာဆီယံနိုင်ငံများသာမက တရုတ်၊ တောင်ကိုရီးယား၊ ဂျပန်၊ ဟောင်ကောင်တို့တွင်လည်း ယင်းနိုင်ငံများ၏ ငွေလဲနှုန်းများ ကျဆင်းလာသည်ဟု သိရသည်။

ဒေါ်လာငွေ တန်ဖိုးမြင့်တက်လာခြင်းကြောင့် မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းခြင်းသည် အချိန်ကာလတစ်ခုရှိနေမည်ဆိုလျှင် မိမိနိုင်ငံ၏ ပြည်ပပို့ကုန်များအတွက် ဈေးကွက်အခွင့်အလမ်း ပိုမိုရရှိလာနိုင်၍ ပြည်ပပို့ကုန် တိုးမြှင့်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်သည်။

၂၀၁၈ ခုနှစ် ဇွန် ၁၅ ရက်အထိ ဘဏ္ဍာရေးနှစ်ကြားကာလ နှစ်လခွဲအချိန်ကာလအတွင်း ပြည်ပသို့ အမေရိကန်ဒေါ်လာ ၁၄၉ ဒသမ ၉၃၇ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၄၁၉၆၂၉ တင်ပို့ခဲ့ရာ ၂၀၁၇ ခုနှစ်ကာလတူ နှစ်လခွဲကာလထက် ဆန်တန်ချိန် ၅၈၅၃၀ လျော့နည်းတင်ပို့ခဲ့သည်။

ကမ္ဘာ့ဆန်ဈေးကျဆင်းနေသော်လည်း ဒေါ်လာတန်ဖိုး မြင့်တက်နေ၍ ဆန်တန်ချိန် ၆၀၀၀၀ ခန့် ပြည်ပသို့ လျော့နည်းတင်ပို့သော်လည်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၁၅ သန်းပိုမိုရရှိခဲ့သည်ဟု သက်ဆိုင်ရာမှ ထုတ်ပြန်သော ပြည်ပပို့ဆန်နှင့် ဆန်ထွက်စာရင်းများအရ သိရသည်။

**မောင်စေအောင်**

# အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲတွင် မြန်မာကလပ် MIC အသင်း တတိယဆုရရှိ

**ရန်ကုန် ဇူလိုင် ၂၁**

၂၀၁၈ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲ တတိယလုပွဲနှင့် ဗိုလ်လုပွဲကို ယနေ့ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာကလပ် MIC အသင်း တတိယဆုရရှိခဲ့သည်။

တတိယလုပွဲတွင် MIC အသင်းသည် အိမ်ရှင်အင်ဒိုနီးရှားကလပ် SKN အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး သုံးဂိုးစီသရေကျနေ၍ ပင်နယ်တီဖြင့် ဆုံးဖြတ်ခဲ့ရသည်။ ပင်နယ်တီကန်ရာတွင် MIC အသင်းက ၁၁ ဂိုးဝင်ပြီး SKN အသင်းက ၁၀ ဂိုးသာ ဝင်သောကြောင့် MIC အသင်းက စုစုပေါင်းဂိုးရလဒ် ၁၄ ဂိုး- ၁၃ ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဗိုလ်လုပွဲတွင် ထိုင်းကလပ် ဇန်ကောက် BTS အသင်းက ဩစတြေးလျကလပ် East Coast Heat အသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ MIC အသင်းသည် ယင်းပြိုင်ပွဲတွင် ၂၀၁၅၊ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ သုံးကြိမ်စလုံး တတိယဆုရခဲ့သည်။

**ရဲရင့်ရှိုင်း**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရာဇဝင်နောက်ခံဇာတ်လမ်းရေးသားသည့် စာရေးဆရာများ၊ ဇာတ်လမ်းဇာတ်ညွှန်းရေးသားသည့် ပညာရှင်များနှင့် တွေ့ဆုံဆွေးနွေး



**ရန်ကုန် ဇူလိုင် ၂၁**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ရာဇဝင်နောက်ခံဇာတ်လမ်းရေးသားသည့် စာရေးဆရာများ၊ ဇာတ်လမ်းဇာတ်ညွှန်းရေးသားသည့် ပညာရှင်များနှင့် ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးအတွက် နေပြည်တော်တွင် ရုပ်ရှင်သင်တန်းကျောင်းနှင့် ရုပ်ရှင်စတူဒီယိုများ တည်ဆောက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပညာရှင်ကြီးများ၊ ရုပ်ရှင်လောကသားများ၊ လုပ်ငန်းရှင်များ အားလုံးနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ့ရာဇဝင်သမိုင်းနောက်ခံ ရုပ်ရှင်ဇာတ်ကားနှင့် ဇာတ်လမ်းတွဲများစွာ ရိုက်ကူးလာနိုင်ရန် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ စာရေးဆရာတက္ကသိုလ်စိန်တင်၊ သမိုင်းပညာရှင်ကြီးများဖြစ်ကြသည့် ဦးသန်းဆွေနှင့် ဒေါက်တာကျော်ဝင်း၊ မင်းဘူးဦးအောင်ကြိုင်၊ ဒါရိုက်တာများဖြစ်ကြသော ဦးကြည်စိုးထွန်း၊ ဦးစင်ရော်မောင်မောင်၊ ဦးမျိုးဇော်အောင်နှင့် ကြည်ဖြူသျှင်၊ ဇာတ်ညွှန်း/ဒါရိုက်တာဦးဇော်မြင့်ဦး၊ ဇာတ်ညွှန်းပညာရှင် မြမြင့်မိုရ်နှင့် တက်ရောက်လာကြသူများက ရာဇဝင်ရုပ်ရှင်ဇာတ်ကားများ၊ ဇာတ်လမ်းတွဲများ ရိုက်ကူးထုတ်လုပ်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ဖြည့်စွက်ဆွေးနွေးသည်။ **သတင်းစဉ်**

**✻ ကျောဖုံးမှ**
ဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် အဖွဲ့အစည်းပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအား ရှင်းလင်းပြောကြားရာတွင် ပြည်ထောင်စုဝန်ကြီးက "စီမံခန့်ခွဲမှုအသစ်ဖြင့် ဆောင်ရွက်နေသော ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် မြန်မာနိုင်ငံအား ဒေသတွင်း ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဓိကအချက်အခြာကျသည့် နေရာတစ်ခုအဖြစ်သို့ ရောက်ရှိစေရန်" ရည်မှန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခင်က အထီးကျန် နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့သော်လည်း ယခုအခါ ကမ္ဘာ့ဘဏ်၏အဆိုအရ အာရှဒေသတွင် စီးပွားရေးတိုးတက်မှုနှုန်း အမြန်ဆုံးနိုင်ငံတစ်နိုင်ငံအဖြစ် ရောက်ရှိနေပြီး ပြုပြင်ပြောင်းလဲမှုများ ခိုင်မာစေရန် ဆက်လက်ဆောင်ရွက်နေကြောင်း၊ မြန်မာနိုင်ငံတွင် အခြေခံအဆောက်အအုံကဏ္ဍ အားနည်းနေခြင်း၊ လုံလောက်သည့် လျှပ်စစ်ဓာတ်အား မရရှိနိုင်သေးခြင်း စသည့် စိန်ခေါ်မှုများရှိနေကြောင်း၊ ယင်းစိန်ခေါ်မှုများကို ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အခွင့်အလမ်းများအဖြစ် ပြောင်းလဲဖန်တီးနိုင်ကြောင်း၊ မြန်မာနိုင်ငံ၏ မဟာဗျူဟာကျသည့် ပထဝီဝင်အနေအထား၊ တီထွင်ဆန်းသစ်မှုစွမ်းရည်မြင့်မားသည့် မျိုးဆက်သစ်များအပါအဝင် ရင်းနှီးမြှုပ်နှံမှုများအတွက် အားသာချက်များနှင့် အခွင့်အလမ်းများစွာ ရှိနေခြင်းကြောင့် "မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အချိန်တန်ပြီ"ဖြစ်ကြောင်း အလေးအနက်ထား ပြောကြားခဲ့သည်။

Myanmar Insight ဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိ ထိုင်းသံရုံးနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းစီးပွားရေးလုပ်ငန်းရှင်များအသင်း (Thai Business Association of Myanmar) တို့ ပူးတွဲ၍ တတိယနှစ်မြောက် ကျင်းပခြင်းဖြစ်သည်။

ယခုနှစ်ဆွေးနွေးပွဲကို မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှုထူထောင်သည့် နှစ်(၇၀)ပြည့်မြောက် အထိမ်းအမှတ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ကျင်းပခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ ကမ္ဘာလှည့်ခရီးသွားကဏ္ဍ၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ၊ ကုန်သွယ်မှု၊ စားရေရိက္ခာ လုံခြုံမှု စသည်ဖြင့် ဆွေးနွေးမှုအပိုင်းကဏ္ဍငါးခု ခွဲ၍ ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး H.E. Mr. Jukr Boon-long က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး ထိုင်းနိုင်ငံ ဒစ်ဂျစ်တယ်စီးပွားရေးနှင့် လူ့အဖွဲ့အစည်းဆိုင်ရာ ဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Pichet Durongkaveroj က အဖွင့်အမှာစကားပြောကြားခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့မှ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်မိမိခိုင်တို့ကလည်း သက်ဆိုင်ရာဆွေးနွေးမှုအပိုင်းကဏ္ဍများတွင် ဦးဆောင်ပါဝင် ဆွေးနွေးခဲ့ကြသည်။

Myanmar Insight 2018 ဆွေးနွေးပွဲသို့ ထိုင်းနိုင်ငံရှိ ထိပ်တန်းစီးပွားရေး ကုမ္ပဏီများနှင့် ဘဏ်ကြီးများမှ အမှုဆောင်အရာရှိချုပ်များအပါအဝင် အဆင့်မြင့် ကိုယ်စားလှယ် ၆၀၀ ကျော် ပါဝင်တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**✻ ဒုတိယဝါဆိုလပြည့်မှ**
ယင်းရက် နံနက် ၄ နာရီ ၄၉ မိနစ် ဝ စက္ကန့်အထိ လအပိုင်းကြတ်မှု (Partial Lunar Eclipse) ဆက်လက်ဖြစ်ပွားမည်ဖြစ်ကာ ထိုမှတစ်ဆင့် မြန်မာစံတော်ချိန် နံနက် ၅ နာရီ ၅၉ မိနစ် ၃၆ စက္ကန့်အချိန်တွင် လကြတ်မှု ပြီးဆုံးလိမ့်မည်ဖြစ်သည်။

လသဗ္ဗကြတ်မှု(လအပြည့်ကြတ်ခြင်း)ကြာချိန်ကာလမှာ ၁ နာရီ ၄၃ မိနစ်ခန့်ကြာမြင့်မည်ဖြစ်ရာ ရာစုနှစ်တစ်ခုအတွင်းလသဗ္ဗကြတ်မှု (လအပြည့်ကြတ်ခြင်း)အကြာဆုံးဖြစ်သောလကြတ်မှုဖြစ်ပြီး လကြတ်စဉ် လ၏အရောင်သည် သွေးနီရောင်သမ်းနေမည်ဖြစ်သည်။

လကြတ်ခြင်းသည် နေ၊ ကမ္ဘာ၊ လ တစ်တန်းတည်းကျရောက်စဉ် ကမ္ဘာ၏အရိပ်အတွင်းသို့ လဖြတ်သန်းကျရောက်ခြင်းကြောင့် လကြတ်ခြင်းဖြစ်ပေါ်ရခြင်းဖြစ်ပြီး ကမ္ဘာသည် အလင်းပိတ်ဝတ္ထုဖြစ်၍ နေမှလာသောအလင်းတန်းတို့သည် ကမ္ဘာကိုမထိုးဖောက်နိုင်သဖြင့် နေရှိရာဘက်၏ ဗီလာဘက်တွင် အရိပ်မည်း ထွက်ပေါ်လျက်ဖြစ်ကာ ထိုအရိပ်၏အတွင်းပိုင်းတွင် အရိပ်မည်း(Umbra)နှင့် အပြင်ပိုင်းတွင် အရိပ်ဖျော့(Penumbra)ဟူ၍ ဖြစ်ပေါ်နေမည်ဖြစ်သည်။

အပြင်ပိုင်းအရိပ်ဖျော့(Penumbra)ထဲသို့ ကျရောက်စဉ် အရိပ်ဖျော့လကြတ်မှု(Penumbral Lunar Eclipse)ကို စတင်ဖြစ်ပေါ်စေပြီး အတွင်းပိုင်းအရိပ်မည်း(Umbra)သို့ ကျရောက်စဉ် လသဗ္ဗကြတ်မှု(လအပြည့်ကြတ်ခြင်း) (Total Lunar Eclipse)ကို ဖြစ်ပေါ်စေခြင်းဖြစ်သည်။

၂၁ ရာစုနှစ်အတွင်း ထူးခြားစွာဖြစ်ပေါ်မည့် အချိန်အကြာဆုံးလကြတ်ခြင်းဖြစ်စဉ်မှာ ဒုတိယဝါဆိုလပြည့်ရက်ဖြစ်သော လာမည့်ဇူလိုင် ၂၇ ရက် ညသန်းခေါင်ယံအချိန်တွင် လကြတ်မှုဖြစ်ပေါ်မည်ဖြစ်ပြီး အဆိုပါလသဗ္ဗကြတ်သည့် ကြာချိန်မှာ ၁၀၃ မိနစ် ကြာမြင့်မည်ဖြစ်ကြောင်း နိုင်ငံတကာသတင်းဌာနများမှ ထုတ်ပြန်ထားသည်။ **ပွင့်သစ္စာ**

**○ ရွှေခါးပတ်ချန်ပီယံမှ**
ရွှေတောင်သား၏ ကန်ချက်ထိုးချက်များ၊ ကျော်အဲပညာ၏ ဘယ်ညာဝိုက်လက်သီး၊ ထောက်လက်သီးများဖြင့် ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သော်လည်း ပွဲချိန်ပြည့်၌ ကျော်အဲပညာက အမှတ်ဖြင့်လည်းကောင်း အနိုင်ရရှိသည်။

၆၃ ဒသမ ၅ ကီလိုတန်း သပြေညို(Adventure) နှင့် စောလှမင်း(မြိုင်ကလေးဘိလပ်မြေစက်ရုံ) ပွဲစဉ်တွင် ပွဲအစမှာပင် သပြေညိုက ဘယ်ညာတွဲလုံးကပ်ထိုးချက်များဖြင့် အသာစီးထိုးသတ်ခဲ့ပြီး ဒုတိယအချီတွင် သပြေညို၏ ဆက်တိုက်ဒူးတိုက်ချက်များကြောင့် တစ်မိနစ်နှင့် ၂၅ စက္ကန့်အရောက်တွင် သပြေညို၏ ဘယ်ဒူးတိုက်ချက်ကို စောလှမင်း မကာကွယ်နိုင်ဘဲ ရှုံးနိမ့်ခဲ့သည်။ စောသဲထူး(S.T.L) နှင့် အောင်မင်းထွန်း(တောင်ကလေး)ပွဲစဉ်တွင် အောင်မင်းထွန်းက ညာဝိုက်လက်သီးချက်များ ကောင်းခဲ့ပြီး ဒုတိယအချီ ၄၁ စက္ကန့်တွင် အောင်မင်းထွန်း၏ ညာဝိုက်လက်သီးချက်ကြောင့် စောသဲထူး ရှုံးနိမ့်ခဲ့သည်။ သွေးသစ်မောင်(အဖြူရောင်သွေးသစ်)နှင့် သားဒိန်း(ဖိုးရာဇာ)ပွဲစဉ် ပထမအချီတွင် သွေးသစ်မောင်က ဘယ်ညာလက်သီးချက်များ ကောင်းခဲ့ပြီး ဒုတိယအချီတွင် သားဒိန်း အမှတ်စဉ်ရေခံရကာ ဒုတိယအချီ တစ်မိနစ်နှင့် ၅၃ စက္ကန့်တွင် သွေးသစ်မောင်၏ ဘယ်ဝိုက်လက်သီးချက်ဖြင့် သားဒိန်း ရှုံးနိမ့်ခဲ့ရသည်။

၆၇ ကီလိုတန်း အောင်ဟိန်း(သုံးပန်းလှ)နှင့် စောဇာနည်(Adventure)ပွဲစဉ်တွင် ပွဲအစမှာပင် အပြန်အလှန် ထိုးချက်၊ ကန်ချက်၊ ဒူးတံတောင်ရိုက်ချက်များ ကောင်းခဲ့သော်လည်း တတိယအချီတွင် စောဇာနည် ခေါင်းကွဲသွားကာ ဆေးစစ်ခံရပြီး ပဉ္စမအချီ ၅၄ စက္ကန့်အရောက်တွင် စောဇာနည် ခေါင်းဒဏ်ရာကြောင့် ဆက်လက်ယှဉ်ပြိုင်နိုင်ခြင်း မရှိသည့်အတွက် အောင်ဟိန်းက အနိုင်ရသည်။ မျိုးဇော်ထွန်း(ဇာတိမာန်)နှင့် ချိုင်းထူး(နဂါးမာန်) ပွဲစဉ်တွင် နှစ်ဦးစလုံး ပြိုင်ဆိုင်မှုပြင်းထန်ခဲ့ပြီး ဒုတိယအချီ နှစ်မိနစ်နှင့်ရှစ်စက္ကန့်တွင် ချိုင်းထူး၏ ဘယ်ဝိုက်လက်သီးချက်ကြောင့် မျိုးဇော်ထွန်း ရှုံးနိမ့်ခဲ့သည်။ စောမင်းအောင်(တောင်ကလေး)နှင့် ထွန်းနိုင်ဦး(S.T.L)ပွဲစဉ်တွင် အကြိတ်အနယ်ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြပြီး ဒုတိယအချီတွင် ထွန်းနိုင်ဦး အမှတ်စဉ်ရေခံရကာ ဒုတိယအချီ နှစ်မိနစ်တွင် စောမင်းအောင်၏ လက်သီးထိုးချက်ကြောင့် ထွန်းနိုင်ဦး ရှုံးနိမ့်ခဲ့သည်။ ကျားပေါက်(ရန်စစ်ငြိမ်း) နှင့် အောင်ခိုင်(မြိုင်ကလေးဘိလပ်မြေစက်ရုံ) ပွဲစဉ်တွင် ပထမအချီမှာပင် ကျားပေါက်က ဘယ်ညာတွဲလုံးလက်သီးချက်များ၊ ခြေကန်ချက်၊ ဒူးတံတောင်ရိုက်ချက်များဖြင့် အသာစီးထိုးသတ်ခဲ့ပြီး ဒုတိယအချီ ၂၅ စက္ကန့်အရောက်တွင် အောင်ခိုင်ကို ကျားပေါက်က ညာခြေကန်ချက်ဖြင့် အနိုင်ယူခဲ့သည်။

၇၁ ကီလိုတန်း ရှမ်းကို(A.M.T)နှင့် မင်းမောင်မောင်(တောင်ကလေး)ပွဲစဉ်တွင် နှစ်ဦးစလုံး ဆိုင်ထိုးချက်များဖြင့် ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သော်လည်း ပွဲချိန်ပြည့်တွင် ရှမ်းကိုက အမှတ်ဖြင့် အနိုင်ရသည်။ မင်းထက်အောင်(ရွှေသထုံ)နှင့် သွေးသစ်ဝင်းလှိုင်(Adventure)ပွဲစဉ်တွင် နှစ်ဦးစလုံး ခြေကန်ချက်များဖြင့် ပြိုင်ဆိုင်မှုပြင်းထန်ခဲ့ပြီး ဒုတိယအချီ စက္ကန့် ၄၀ တွင် သွေးသစ်ဝင်းလှိုင်၏ ဒူးတိုက်ချက်နှင့် ညာဝိုက်လက်သီးချက်ကြောင့် မင်းထက်အောင် ရှုံးနိမ့်ခဲ့သည်။

ယနေ့ ယှဉ်ပြိုင်သော ကွာတားဖိုင်နယ် (ပထမနေ့)ပွဲစဉ်တွင် တွဲဆိုင်း ၁၂ ဆိုင်း ပါဝင်ပြီး ငါးချီပြည့်ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။ အဆိုပါ ရွှေခါးပတ်ချန်ပီယံလုပွဲကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး H & S Group နှင့် KEE MAR TIN WIN တို့ ပူးပေါင်းစီစဉ်ကျင်းပခြင်း ဖြစ်သည်။

ရွှေခါးပတ်ချန်ပီယံလုပွဲသည် မြန်မာနိုင်ငံတစ်ဝန်းရှိ ရိုးရာလက်ဝှေ့ကလပ်အသင်းပေါင်းစုံမှ အကောင်းဆုံးလက်ဝှေ့သမားများကို ဖိတ်ခေါ်ပြီး ကိုယ်အလေးချိန် ဝိတ်တန်းအလိုက် အတန်းခုနစ်တန်းတွင် တစ်တန်းလျှင် ရှစ်ဦး ရွေးချယ်ကာ ကွာတားဖိုင်နယ်၊ ဆီမီးဖိုင်နယ်၊ ဗိုလ်လုပွဲအဆင့်ဆင့် ယှဉ်ပြိုင်ပြီး ဝိတ်တန်းအလိုက် ရွှေခါးပတ် ချန်ပီယံ ခုနစ်ဦး ပေါ်ထွန်းလာမည်ဖြစ်သည်။ ထို့ပြင် အဆိုပါပွဲတွင် အမျိုးသမီးဝိတ်တန်း တစ်တန်းပါဝင်မည်ဖြစ်ပြီး ရွှေခါးပတ်ချန်ပီယံတစ်ဦး ပေါ်ထွန်းလာမည်ဖြစ်သည်။ **သတင်း-အေးမင်းသူ၊ ဇာနည်မောင်**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**



**သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး အသိပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၂၀ ရက်က သဃ်န်းကျွန်းမြို့နယ် (၁၆/၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ပြုလုပ်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကိုကိုဦးက ရပ်ကွက်နေပြည်သူများအား အသိပညာပေးဆွေးနွေးစဉ်။** ကိုရဲ

## သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၂၁**
ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သဖြင့် မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။ **ကြေးမုံ**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း ပြန်တမ်းဝင်အရာရှိအဆင့်ဝင်ပေါက်ရာထူးများဖြေဆိုမှု ကြည့်ရှုအားပေး

**ရန်ကုန် ဇူလိုင် ၂၁**
ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကြော်ငြာစာအမှတ် (၁/၂၀၁၈)ပါ ဝန်ကြီးဌာန၊ အဖွဲ့အစည်း ကိုးခုတို့မှ ပြန်တမ်းဝင်အရာရှိအဆင့် လစ်လပ်ရာထူး ၂၃၃ နေရာ ရွေးချယ်ပေးရေးအတွက် ဒုတိယအဆင့် ရေးဖြေစာမေးပွဲကို ဇူလိုင် ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ မကွေးမြို့နှင့် မော်လမြိုင်မြို့တို့ရှိ စာစစ်ဌာန ငါးခု၌ တစ်ပြိုင်တည်းကျင်းပလျက်ရှိရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း အလုံစာဖြေဌာနသို့ သွားရောက်၍ မြန်မာစာဘာသာရပ် ဖြေဆိုမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး စာမေးပွဲဖြေဆိုသူများကို အားပေး စကားပြောကြားသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ဝန်ကြီးဌာန၊ အဖွဲ့အစည်း အသီးသီးအတွက် လိုအပ်သော အရည်အသွေးမြင့် အရာထမ်းများကို ရွေးချယ်ပေးလျက်ရှိရာတွင် နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ စီမံချက်ပါ ဦးစားပေးနယ်ပယ် တစ်ခုဖြစ်သည့် (Merit-Based)အရည်အချင်းကိုအခြေခံ၍ လူမှန်၊ နေရာမှန် ဖြစ်စေရေးအတွက် ရွေးချယ်ရေးလုပ်ငန်းစဉ်များကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၆ ရက်တွင် ကျင်းပခဲ့သည့် ပထမအဆင့်ပဏာမစစ်ဆေးခြင်း ရေးဖြေစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုသူ ၃၀၆၀ အနက် အောင်မြင်သူ ၁၁၂၉ ဦးတို့အား မြန်မာစာ၊ အင်္ဂလိပ်စာနှင့် သုတရေးရာ ဘာသာရပ် သုံးခုဖြင့် စစ်ဆေးသည့် ဒုတိယအဆင့် ရေးဖြေစာမေးပွဲကို စာစစ်ဌာန ငါးခုတွင် ထပ်မံကျင်းပခြင်းဖြစ်ပြီး အဆိုပါ ဒုတိယအဆင့် ရေးဖြေစာမေးပွဲသို့ လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၀၅၄ ဦးရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပင်လယ်ရေလှိုင်းရိုက်ခတ်မှုကြောင့် လယ်မြေများ ရေတိုက်စားခံရ

**ဟိုင်းကြီးကျွန်း ဇူလိုင် ၂၁**
ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ချောင်းဝကျေးရွာအုပ်စု ချောင်းဝကျေးရွာ၏အနောက်ဘက်ပင်လယ်ကမ်းခြေတွင် ယခုရက်ပိုင်းအတွင်း ပင်လယ်ရေလှိုင်းရိုက်ခတ်မှုကြောင့် သဲသောင်ခုံများ ရေတိုက်စားခဲ့ပြီး လယ်မြေ ဧက ၄၀ ခန့် ဆက်လက်ရေတိုက်စားခဲ့ကာ ပင်လယ်ရေဝင်ရောက်ခဲ့၍ စိုက်ပျိုးပြီး စပါးခင်းများ ပျက်စီးသွားခဲ့သောကြောင့် တောင်သူအချို့ အခက်တွေ့နေကြောင်း သိရသည်။

ချောင်းဝကျေးရွာတွင် လယ်မြေထိခိုက်ပျက်စီးမှုနှင့် ကြုံတွေ့နေရသော တောင်သူ ဆယ်ဦးခန့်ရှိပြီး ဇွန်လမှ ဇူလိုင်လအထိ ရေထရက်သုံးကြိမ်ခန့် လယ်မြေများ ပင်လယ်ရေလှိုင်းရိုက်ခတ်မှုဒဏ်ကို ခံခဲ့ရသော်လည်း အကြိမ်ကြိမ်ပြန်လည် ပြင်ဆင်စိုက်ပျိုးခဲ့ကြကြောင်း၊ ပျိုးခင်းများ၊ စိုက်ခင်းများအကြိမ်ကြိမ် ပျက်စီးခဲ့သည့်အတွက် မျိုးစပါးလက်ကျန်မရှိတော့သည့်အပြင် ယခုအချိန်မှ ထပ်မံစိုက်ပျိုးပါက ရာသီချိန်မမီတော့သည့်အတွက် အခက်ကြုံနေရကြောင်း ချောင်းဝကျေးရွာနေ တောင်သူ ဦးစိုးမြင့်က ပြောသည်။

ယခုရက်ပိုင်းအတွင်း ပင်လယ်ရေလှိုင်းရိုက်ခတ်မှုကြောင့် သဲသောင်ခုံ အပါအဝင် လယ်မြေစုစုပေါင်း ကိုက်တစ်ရာခန့် ပင်လယ်ရေတိုက်စားသွားကြောင်း၊ ယခင်နှစ်များ၌ ပင်လယ်ရေတိုက်စားမှုများရှိသော်လည်း သဲသောင်ခုံများ ပြန်လည်ဖြစ်ထွန်းသည့်အတွက် လယ်မြေထိခိုက်မှုမရှိကြောင်း၊ ယခုနှစ်တွင် သဲသောင်ခုံပြန်လည်ဖြစ်ထွန်းခြင်းမရှိတော့ဘဲ လယ်မြေများကိုပါ ပင်လယ်ရေတိုက်စားမှုများ ရှိလာကြောင်း ဒေသခံတစ်ဦးက ပြောသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**



# မြဝတီမြို့၌ သောင်ရင်းမြစ်ရေ စိုးရိမ်ရေမှတ်ထက်ကျော်လွန်ရောက်ရှိ အနိမ့်ပိုင်းရပ်ကွက်အချို့ ရေများဝင်ရောက်

**မြဝတီ ဇူလိုင် ၂၁**
မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့သည် သောင်ရင်းမြစ်မှ နယ်နိမိတ်ပိုင်းခြားထားကာ ယမန်နေ့က မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ အဆိုပါ သောင်ရင်းမြစ်ရေ၏ စိုးရိမ်ရေအမှတ် ၄၇၇ စင်တီမီတာ ထက်ကျော်လွန်ပြီး ၄၈၅ စင်တီမီတာသို့ ရောက်ရှိခဲ့သည့်အတွက် အနိမ့်ပိုင်းရပ်ကွက်အချို့ ရေများဝင်ရောက်ခဲ့ပြီး အိမ်ထောင်စု ၈၄ စုမှ လူဦးရေ ၄၂၆ ဦးအား ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်၍ ရွှေ့ပြောင်းထားရကြောင်း သိရသည်။

ထိုသို့ သောင်ရင်းမြစ်ရေများ စတင်ဝင်ရောက်ရာ အနိမ့်ပိုင်းရပ်ကွက်များဖြစ်သည့် အမှတ် ၂ ရပ်ကွက် သဲပုံဂိတ်နေရာနှင့် အမှတ် ၅ ရပ်ကွက်ရှိ ကျောက်ဖျာဂိတ်နေရာများသို့ ယမန်နေ့ ည ၇ နာရီခန့်က စတင်ဝင်ရောက်ခြင်းဖြစ်ကာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်၊ ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် အသင်းအဖွဲ့များက ည ၁ နာရီ ဝန်းကျင်ခန့်တွင် အမှတ် ၅ ရပ်ကွက် ကျွန်းတောဈေးသို့ ရွှေ့ပြောင်းပေးခဲ့ခြင်း ဖြစ်သည်။

ယခုလက်ရှိတွင် ရေဘေး ကယ်ဆယ်ရေးစခန်းအဖြစ် အမှတ် ၅ ရပ်ကွက် ကျွန်းတောဈေးတွင် တစ်ခု၊ ကိုးနဝင်းဘုန်းကြီးကျောင်း၌ တစ်ခု စုစုပေါင်း နှစ်နေရာ ဖွင့်လှစ်ထားပြီး ရေဘေးကြုံ မိသားစုများအတွက် တပ်မတော်ဆေးအဖွဲ့နှင့် ခရိုင် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ နေထိုင်ရေးနှင့် စားသောက်ရေး တို့ကိုပါ တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

အမှတ် ၅ ကျွန်းတောဈေး ရေဘေးစခန်းသို့ ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက နယ်မြေခံတပ်များမှ တာဝန်ရှိသူများ ရောက်ရှိပြီး ရေဘေးရှောင် ပြည်သူများကို တွေ့ဆုံအားပေးကာ ဆန်အိတ် ၂၀၊ ပဲ နှစ်အိတ်၊ ခေါက်ဆွဲ ၂၅ ဖာ၊ ဆီ ၁၀ ပိဿာ ၁၀ ပုံး၊ ကြက်ဥ ကတ် ၃၀၊ ရေသန့်ဘူးကြီး ၁၅ ကတ်၊ ဘူးသေး ၃၇ ကတ် ပေးအပ်လှူဒါန်းခဲ့သည်။

အလားတူ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများက ရေဘေး ကယ်ဆယ်နေမှု အခြေအနေများ၊ ကယ်ဆယ်ရေး စခန်းများတွင် နေရာချထားမှု၊ စားသောက်ရေးနှင့် ကျန်းမာရေး အခြေအနေများ၊ သောင်ရင်းမြစ်ရေ၏ အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

# ဘားအံမြို့ပေါ် အနိမ့်ပိုင်းနေရာအချို့ ရေများဝင်ရောက်

**ဘားအံ ဇူလိုင် ၂၁**
ကရင်ပြည်နယ် ဘားအံမြို့တွင် သံလွင်မြစ်ရေသည် ဇူလိုင် ၂၁ ရက် မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းတာချက်အရ ၇၄၅ စင်တီမီတာဖြစ်ပြီး စိုးရိမ်ရေအမှတ်မှာ စင်တီမီတာ ၇၅၀ ဖြစ်ကြောင်း သိရသည်။

မိုးအဆက်မပြတ်ရွာသွန်းပြီး သံလွင်မြစ်ရေတိုးလာသဖြင့် ဘားအံမြို့ပေါ် အနိမ့်ပိုင်းရပ်ကွက်များဖြစ်သော အမှတ် ၁ ရပ်ကွက် အုတ်ဖိုလမ်းတွင် ခြောက်လက်မခန့်၊ အုတ်ဖို ၃ လမ်းတွင် ရှစ်လက်မခန့်၊ ရွှေနှင်းဆီလမ်းသွယ် ၄/ ၅/၆/၇ တို့တွင် ခြောက်လက်မခန့် မြစ်ရေနှင့်မိုးရေများဝင်ရောက်လျက်ရှိပြီး နေအိမ်များ ရွှေ့ပြောင်းခြင်းနှင့် ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ခြင်းမရှိသေးကြောင်း သိရသည်။ **မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**



# မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း တန်ဖိုးငယ်ငွေစက္ကူ ၈၉ ဒသမ ၃၈၆ ဘီလီယံ ဖြန့်ဖြူးပေးခဲ့

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ၈၉ ဒသမ ၃၈၆ ဘီလီယံခန့်အထိ အများပြည်သူသုံးစွဲရန် တန်ဖိုးငယ်ငွေစက္ကူများကို နိုင်ငံတစ်ဝန်း ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း သိရှိရသည်။ ထိုသို့ တန်ဖိုးငယ်ငွေစက္ကူများဖြန့်ဝေနိုင်ရန် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကဘဏ်များထံသို့ လစဉ်အချိုးကျ ဖြန့်ဖြူးပေးလျက်ရှိသည့်အပြင် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေစက္ကူလဲလှယ်ရေးကောင်တာများတွင်လည်း နေ့စဉ်လဲလှယ်ပေးလျက်ရှိကြောင်း သိရသည်။ ထိုကဲ့သို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် အများပြည်သူသုံးစွဲရန် တန်ဖိုးငယ်ငွေစက္ကူများ ဖြန့်ဖြူးနေမှုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ငွေကြေးစီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်သန်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်ကို ပြန်လည်တင်ပြအပ်ပါသည်။**


ဦးအောင်ကျော်သန်း

**မေး။ ။ ဗဟိုဘဏ်အနေနဲ့ ငွေအကြွေတွေ ထုတ်ဝေမယ်လို့ သိရပါတယ်။ ဘယ်လိုမျိုး ထုတ်ဝေမယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ငွေအကြွေတွေ ထုတ်မယ်လို့ပြောရင် အခုမှစထုတ်တဲ့သဘော သက်ရောက်ပါတယ်။ ဗဟိုဘဏ်အနေနဲ့ ငွေစက္ကူတွေ ထုတ်ဝေကတည်းက ငွေအကြွေအမျိုးမျိုး၊ တန်ဖိုးငယ်ငွေစက္ကူအမျိုးမျိုးကို ထုတ်ဝေခဲ့တာဖြစ်ပါတယ်။ ငွေအကြွေထုတ်ဝေမှုဟာဆိုရင် အကြွေစေ့အနေနဲ့ ငါးပြားစေ့၊ ဆယ်ပြားစေ့၊ တစ်မတ်စေ့၊ ငါးမူးစေ့ စသည်ဖြင့် တစ်ရာကျပ်စေ့အထိ ထုတ်ဝေခဲ့ပြီးတော့ ငွေစက္ကူအနေနဲ့ တစ်ကျပ်တန်၊ ငါးကျပ်တန်၊ တစ်ဆယ်တန်၊ နှစ်ဆယ်တန်၊ ငါးဆယ်တန်၊ တစ်ရာတန်၊ နှစ်ရာတန်နဲ့ ငါးရာတန်တွေကို စဉ်ဆက်မပြတ် ထုတ်ဝေခဲ့တာဖြစ်ပါတယ်။

လက်ရှိမှာတော့ ခေတ်ကာလအလိုက် ငွေအကြွေသုံးစွဲမှုအလေ့အထ ပြောင်းလဲလာမှုအရ အကြွေစေ့တွေကို ဆက်လက်ဖြန့်ဝေမှုမရှိတော့ဘဲ ငါးဆယ်တန်၊ တစ်ရာတန်၊ နှစ်ရာတန်ငွေစက္ကူတွေကိုသာ ထုတ်ဝေပေးလျက်ရှိပါတယ်။

**မေး။ ။ ဒါဆိုရင် ဗဟိုဘဏ်က ငွေအကြွေတွေ အမြဲထုတ်ဝေနေပါသလား။**

ဖြေ။ ။ မှန်ပါတယ်။ ဗဟိုဘဏ်က ငွေအကြွေတွေ အမြဲတမ်း ထုတ်ဝေပါတယ်။ အထူးသဖြင့် ဘဏ်တွေကတစ်ဆင့် ပြည်သူတွေအသုံးပြုဖို့ လိုအပ်တဲ့ တန်ဖိုးငယ်ငွေစက္ကူ ငါးဆယ်တန်၊ တစ်ရာတန်၊ နှစ်ရာတန်နဲ့ ငါးရာတန်တွေကို အများဆုံး ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ငွေအကြွေတွေကို ပြည်သူတွေဆီရောက်ဖို့အတွက် တစ်ကျပ်တန်၊ ငါးကျပ်တန်၊ တစ်ဆယ်တန်၊ နှစ်ဆယ်တန်၊ ငါးဆယ်တန်၊ တစ်ရာတန်၊ နှစ်ရာတန်နဲ့ ငါးရာတန် စတာတွေကို မြန်မာ့စီးပွားရေးဘဏ်တွေက ဝန်ထမ်းလစာအဖြစ် ထုတ်ပေးနေပြီး ပင်စင်လစာထုတ်ပေးတဲ့အခါလည်း လစဉ်ထည့်သွင်းဖြန့်ဖြူးပေးလျက်ရှိပါတယ်။

**မေး။ ။ တန်ဖိုးငယ်ငွေစက္ကူတွေကို မြန်မာ့စီးပွားရေးဘဏ်ကတစ်ဆင့်ပဲ ထုတ်ပေးနေတာလားဆိုတာ သိပါရစေ။**

ဖြေ။ ။ မဟုတ်ပါဘူး။ နိုင်ငံပိုင်နဲ့ ပုဂ္ဂလိကဘဏ်တွေဆီ တန်ဖိုးငယ်ငွေစက္ကူတွေ ဖြန့်ဝေမှုက နှစ်စဉ်ငွေကျပ် ၄၀ ဘီလီယံခန့်ရှိပြီးတော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ငွေကျပ် ၄၂ ဒသမ ၆၃၉ ဘီလီယံ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ငွေကျပ် ၄၂ ဒသမ ၃၇၁ ဘီလီယံ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ငွေကျပ် ၃၁ ဒသမ ၅၂၅ ဘီလီယံ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ငွေကျပ် ၈၀ ဒသမ ၅၇၈ ဘီလီယံ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ၈၉ ဒသမ ၃၈၆ ဘီလီယံလောက်အထိ ဖြန့်ဖြူးထုတ်ပေးခဲ့ပါတယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ လက်ရှိမှာ အများပြည်သူသုံးစွဲဖို့ တန်ဖိုးငယ်ငွေစက္ကူ ငါးဆယ်တန်၊ တစ်ရာတန်၊ နှစ်ရာတန်နဲ့ ငါးရာတန်တွေကို နိုင်ငံတစ်ဝန်း ဖြန့်ဖြူးပေးနိုင်ဖို့အတွက် နိုင်ငံပိုင်နဲ့ ပုဂ္ဂလိကဘဏ်တွေဆီ လစဉ်အချိုးကျ ဖြန့်ဖြူးပေးလျက်ရှိတဲ့အပြင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တို့မှာရှိတဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ ငွေစက္ကူလဲလှယ်ရေးကောင်တာတွေမှာလည်း နေ့စဉ်လဲလှယ်ပေးလျက်ရှိပါတယ်။

**မေး။ ။ ပြည်သူတွေဆီရောက်အောင် ဖြန့်ဝေမှုအစီအစဉ်လေး သိပါရစေ။**

ဖြေ။ ။ မြန်မာ့စီးပွားရေးဘဏ်နဲ့ ပုဂ္ဂလိကဘဏ်တွေအနေနဲ့ ဟောင်းနွမ်းငွေစက္ကူတွေကို လဲလှယ်ပေးဖို့ ညွှန်ကြားထားပြီးတော့ ဘဏ်တွေမှာလည်း ဟောင်းနွမ်းငွေစက္ကူကို လဲလှယ်ပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ နေပြည်တော်၊ ရန်ကုန်နဲ့ မန္တလေးဘဏ်ခွဲတို့မှာ ငွေစက္ကူလဲလှယ်ရေးကောင်တာတွေ ဖွင့်လှစ်ပြီး စည်ပင်သာယာရေးများဌာန၊ ယာဉ်လိုင်းတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေကို တန်ဖိုးငယ်ငွေစက္ကူတွေ လဲလှယ်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ယာဉ်လိုင်းတွေ၊ ကုန်တိုက်ကြီးတွေအနေနဲ့ တန်ဖိုးငယ်ငွေစက္ကူတွေ ရရှိလိုရင် မိမိတို့နဲ့ ဆက်သွယ်ရာဘဏ်တွေကတစ်ဆင့် ထုတ်ယူနိုင်ကြပါတယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ အများပြည်သူလက်ဝယ်မှာရှိတဲ့ ဟောင်းနွမ်းငွေစက္ကူတွေ လဲလှယ်နိုင်ရေးအတွက် ဟောင်းနွမ်းငွေစက္ကူလဲလှယ်ရေး ကောင်တာတွေ ဖွင့်လှစ်ထားပါတယ်။ တစ်ခုရှိတာကတော့ ဒီလိုအစီအစဉ်တွေ ဆောင်ရွက်ထားသော်လည်းပဲ ကျွန်တော်တို့နိုင်ငံမှာ ဘဏ်နဲ့ဆက်သွယ်သူဦးရေ နည်းပါးတဲ့အတွက် ဟောင်းနွမ်းငွေစက္ကူတွေ ဘဏ်ကိုလာရောက်လဲလှယ်တာ၊ တန်ဖိုးငယ်ငွေစက္ကူတွေဘဏ်မှထုတ်ယူတာ အင်မတန်နည်းပါးပြီး အကြွေရှားပါးတယ်ဆိုတဲ့အဖြစ်မျိုး ရောက်ရှိသွားလေ့ရှိပါတယ်။

**မေး။ ။ ပြည်သူတွေအနေနဲ့ ကိုယ့်စာရင်းရှိတဲ့ ဘဏ်ကနေကော ကိုယ်လိုချင်တဲ့ တန်ဖိုးငယ်ငွေအကြွေတွေ ထုတ်ယူရနိုင်ရင် ပိုအဆင်မပြေဘူးလားဆိုတာ ရှင်းပြပေးပါ။**

ဖြေ။ ။ အများပြည်သူလက်ဝယ်မှာ တန်ဖိုးငယ် ငွေစက္ကူတွေ ရောက်ရှိပျံ့နှံ့မှု နည်းပါးကြောင်း ကြားသိနေရတဲ့အတွက် နိုင်ငံတစ်ဝန်းမှာ တန်ဖိုးငယ်ငွေစက္ကူတွေ လွယ်ကူစွာသုံးစွဲနိုင်ဖို့၊ ငွေကြေးဆိုင်ရာ ကိစ္စရပ်တွေမှာ ပြည်သူလူထုနဲ့ တိုက်ရိုက်ထိတွေ့ဆက်ဆံရတဲ့ နိုင်ငံပိုင်နဲ့ ပုဂ္ဂလိကဘဏ်တွေက တန်ဖိုးငယ်ငွေစက္ကူတွေ ထုတ်ယူလိုတဲ့သူတွေကို လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးစီစဉ်ဆောင်ရွက်ဖို့ နိုင်ငံပိုင်နဲ့ ပုဂ္ဂလိကဘဏ်တွေကို ညွှန်ကြားထားပြီးဖြစ်ပါတယ်။ ပြည်သူတွေလိုအပ်မယ့် တန်ဖိုးငယ်ငွေစက္ကူတွေကို ဘဏ်တွေမှာ အလွယ်တကူထုတ်ပေးတဲ့အတွက် ငွေအကြွေရှားပါးမှုကို ကုစားနိုင်မှာဖြစ်ပါတယ်။

**မေး။ ။ ဘဏ်တွေကကော ငွေအကြွေနဲ့ပတ်သက်လို့ စီစဉ်ဆောင်ရွက်မှုတွေ မရှိဘူးလားဆိုတာ သိပါရစေ။**

ဖြေ။ ။ နိုင်ငံပိုင်နဲ့ ပုဂ္ဂလိကဘဏ်တွေအနေနဲ့ ပြည်သူတွေအတွက် ငွေပေးချေရေးကိစ္စရပ်တွေမှာ လွယ်ကူချောမွေ့စေဖို့ ဆောင်ရွက်နေတာကို တွေ့ရှိရပါတယ်။ ပြည်သူတွေကို နိုင်ငံပိုင်နဲ့ ပုဂ္ဂလိကဘဏ်တွေက ဟောင်းနွမ်းငွေစက္ကူတွေ လဲလှယ်ပေးနိုင်ဖို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ငွေကြေးညွှန်ကြားလွှာတွေ ထုတ်ပြန်ညွှန်ကြားခဲ့ပါတယ်။

အထက်မှာပြောခဲ့သလိုပဲ ဘဏ်တွေအနေနဲ့လည်း ကိုယ်နဲ့ဆက်သွယ်တဲ့ ကုမ္ပဏီတွေ၊ ယာဉ်လိုင်းတွေ၊ စတိုးဆိုင်တွေ၊ ကုန်တိုက်ကြီးတွေအပါအဝင် ပြည်သူတွေဆီ တန်ဖိုးငယ်ငွေစက္ကူတွေ အပ်နှံပေးသွင်းခြင်း၊ ထုတ်ယူခြင်းတွေကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ဖြန့်ဝေပေးဖို့လည်း ထပ်မံအသိပေး အကြောင်းကြားထားပါတယ်။ ပုဂ္ဂလိကဘဏ်တစ်ခုမှာ တန်ဖိုးငယ်ငွေစက္ကူ ငါးဆယ်တန်၊ တစ်ရာတန်၊ နှစ်ရာတန်နဲ့ ငါးရာတန်စတာတွေကို ATM ကတ်နဲ့ ထုတ်လို့ရအောင် စီစဉ်ထားတာမျိုးလည်း တွေ့ရမှာဖြစ်ပါတယ်။

တန်ဖိုးငယ်ငွေစက္ကူတွေကို ဘဏ်ကိုပြန်လည်ပေးသွင်းမှုနည်းလာပြီးတော့ ပြည်သူတွေအကြား ကြိမ်ဖန်များစွာ လှည့်လည်သုံးစွဲနေတာဖြစ်တဲ့အတွက် ဟောင်းနွမ်းမှုဖြစ်စေပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ဟောင်းနွမ်းငွေစက္ကူလဲလှယ်ရေးကောင်တာတွေ ဖွင့်ပြီးတော့ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း အချိန်တစ်ခု သတ်မှတ်လဲလှယ်ရေးဆောင်ရွက်ဖို့ ဘဏ်တွေကို ညွှန်ကြားထားပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ပြည်သူတွေအကြား လှည့်လည်သုံးစွဲဖို့လိုအပ်တဲ့ ငါးဆယ်တန်၊ တစ်ရာတန်နဲ့ နှစ်ရာတန် ငွေစက္ကူတွေကို ရိုက်နှိပ်ရာမှာ အချိုးကျလုံလောက်အောင် ရိုက်နှိပ်ပြီး ဘဏ်တွေကတစ်ဆင့် ဖြန့်ဝေထုတ်ပေးဖို့ အမြဲအလေးထား စီစဉ်ဆောင်ရွက်နေတာဖြစ်တဲ့အတွက် ပြည်သူတွေကလည်း မိမိတို့လိုအပ်တဲ့ ငွေစက္ကူအမျိုးအစားကို ဘဏ်တွေမှာလာရောက်လဲလှယ်တာ၊ ထုတ်ယူတာတွေကို ပိုမိုလုပ်ဆောင်ကြမယ်ဆိုရင် အကြွေရှားပါးမှုဆိုတာ ပြောစရာမလိုအောင်ဖြစ်လာမယ်ဆိုတာ ပြည်သူတွေကို အသိပေးချင်ပါတယ်။

**ရှင်မင်း၊ ဓာတ်ပုံ - ရွှေကိုလေး**

# ကျောင်းကုန်းမြို့နယ်၌ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေး

**ကျောင်းကုန်း ဇူလိုင် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် သမဝါယမအသင်းစုအနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေကို တရုတ်နိုင်ငံ Exim. Bank ထံမှ ချေးငွေဖြင့် ဗဟိုသမဝါယမအသင်း၊ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်၊ မြို့နယ်သမဝါယမအသင်းစုအဆင့်ဆင့်မှ တာဝန်ခံပြီး တောင်သူအသင်းသားများကို ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း ၉၃ ဘီလီယံကျော် ထုတ်ချေးရာ ကျောင်းကုန်းမြို့နယ်အနေဖြင့် ၂ ဒသမ ၈ ဘီလီယံကို မြို့နယ် သမဝါယမအသင်းပေါင်း ၁၉၈ သင်းမှ အသင်းသား ၉၀၀၀ ကျော်ကို ထုတ်ချေးပေးမည်ဖြစ်ကြောင်း၊ စိုက်ပျိုးစရိတ်ချေးငွေများကို နှစ်စဉ် ဇန်နဝါရီလမှ ဇွန်လအထိတစ်ကြိမ်၊ ဇူလိုင်လမှ ဒီဇင်ဘာလအထိ တစ်ကြိမ် ခြောက်လတစ်ကြိမ် ထုတ်ချေးပေးကြောင်း၊ အသင်းသားများက နဝမအကြိမ်ချေးငွေကို အကျေပေးဆပ်ပြီးဖြစ်၍ ယခုဒသမအကြိမ် ထုတ်ချေးပေးနေကြောင်း မြို့နယ်အသင်းစုဥက္ကဋ္ဌ ဦးငွေဆိုင်က ပြောသည်။



ဆက်လက်၍ အတိုးနှုန်းမှာ တစ်ကျပ်ခွဲနှုန်းသာ ရှိသည့်အတွက် ပြင်ပထက်သက်သာပြီး စုငွေပါစီစဉ်ထားသောကြောင့် အသင်းသားများ နှစ်စဉ်စုဆောင်းငွေများ ရှိနေကြကြောင်း၊ စက်မှုလယ်ယာဦးစီးဌာနနှင့် ချိတ်ဆက်၍ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းနည်းသင်တန်း ဖွင့်လှစ်ပေးခဲ့ပြီး အရစ်ကျစနစ်ဖြင့် ရောင်းချပေးသည့်အတွက် ယနေ့ဆိုလျှင် အသင်းသား ၁၃၂ ဦးထံ လက်ဝယ်ပိုင်ဆိုင်နေပြီဖြစ်ကြောင်း အသင်းစုဥက္ကဋ္ဌက ပြောကြားခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ပြေးခုန်ပစ်အားကစားနည်းမှ ပထမဦးဆုံး ငွေတံဆိပ်ဆု စတင်ဆွတ်ခူးရရှိ

**ရန်ကုန် ဇူလိုင် ၂၁**

မလေးရှားနိုင်ငံ Shah Alam Selagor မြို့တွင် ဇူလိုင် ၁၉ ရက်မှ ၂၇ ရက်အထိ ကျင်းပလျက်ရှိသည့် 10th Asean School Games ပြိုင်ပွဲတွင် ရေကူး၊ ပြေးခုန်ပစ်၊ စားပွဲတင်တင်းနစ်၊ ပိုက်ကျော်ခြင်း၊ ကျွမ်းဘား၊ ဘော်လီဘော၊ ကြက်တောင်အားကစားနည်းခုနစ်မျိုးကို မလေးရှားနိုင်ငံရှိ သက်ဆိုင်ရာ အားကစားကွင်းနှင့် ရုံးများ၌ စတင်ယှဉ်ပြိုင်လျက်ရှိရာ ပြေးခုန်ပစ်အားကစားနည်းမှ ပထမနေ့ပြိုင်ပွဲ၌ မြန်မာမှ ပထမဦးဆုံး ငွေတံဆိပ်ဆုကို စတင်ဆွတ်ခူးရရှိကြောင်း သိရသည်။



အမျိုးသားမီတာ ၃၀၀၀ ဗိုလ်လုအပြေးပြိုင်ပွဲတွင် ဇာနည်ထွန်းက တတိယ (ကြေး)၊ မိုင်းကျော်ထွန်းက ပဉ္စမနှင့် အမျိုးသမီး မီတာ ၃၀၀၀ ဗိုလ်လုအပြေးပြိုင်ပွဲတွင် စံချိန် ၁၀ မိနစ်၊ ၁၈ ဒသမ ၀၉ စက္ကန့်ဖြင့် ဗီယက်နမ်က ပထမ၊ စံချိန် ၁၀ မိနစ်၊ ၄၇ ဒသမ ၂၅ စက္ကန့်ဖြင့် မြန်မာမှ Lwee Zar (အား/ကာသိပ္ပံ-ကယား)က ဒုတိယနှင့် စံချိန် ၁၀ မိနစ်၊ ၄၉ ဒသမ ၃၀ စက္ကန့်ဖြင့် ဖိလစ်ပိုင်က တတိယဆုတို့ ရရှိခဲ့ပြီး ပြိုင်ပွဲများကို ဇူလိုင် ၂၂ ရက်တွင် ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကြေးမုံ**

# အလုပ်ရုံ ဆွေးနွေးပွဲ တက်ရောက်ရန် ထိုင်းနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် ဇူလိုင် ၂၁**

ထိုင်းနိုင်ငံ ချူလာလောင်ကွန်းတက္ကသိုလ်၌ ဇူလိုင် ၂၂ ရက်မှ ၂၅ ရက်အထိ ကျင်းပမည့် "အာဆီယံဒေသတွင်း နိုင်ငံများရှိ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များအချင်းချင်း အပြန်အလှန်အသိအမှတ်ပြုရေး (ASEAN ACCREDITATION) အတွက် အခြေခံလိုအပ်ချက် Dental Practitioners Minimum Competency Standard (၃၃)ချက်" နှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ရန် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ရန်ကုန် နောက်ဆုံးနှစ် ဘီဒီအက်စ်သင်တန်းမှ ကျောင်းသူ မရတီမြတ်နိုးဦးသည် ဇူလိုင် ၂၁ ရက် မွန်းလွဲပိုင်းက မြန်မာ့လေကြောင်း (MAI) ဖြင့် ထွက်ခွာသွားကြောင်း သိရသည်။

**ကြေးမုံ**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု မြောက်ဦးမြို့နယ်ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

**မြောက်ဦး ဇူလိုင် ၂၁**

မြောက်ဦးမြို့နယ်အတွင်းရှိ တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများအား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ စည်ပင်သာယာရေးဝန်ကြီး ဦးဝင်းမြင့်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်က တိန်ညိုတံတား တည်ဆောက်ရေးလုပ်ငန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ တံတားတည်ဆောက်ရေးစီမံကိန်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) တံတားအထူးအဖွဲ့(၇)မှ ဦးမြင့်နိုင်ဦးက စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများအား ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် စည်ပင်သာယာရေးဝန်ကြီးတို့သည် တိန်ညိုကျေးရွာမှ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ နန်းကျားကျေးရွာရှိ ရန်ကုန်-စစ်တွေ ကားလမ်းမကြီး မြေသားမြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို လည်းကောင်း၊ ကိုးသောင်းပုထိုးတော် ကတ္တရာလမ်း ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ မြောက်ဦးမြို့ ဘုရားပေါ်ချောင်း တူးဖော်ထားရှိမှုအခြေအနေနှင့် ထမ္မရာဇ်ရပ်ကွက် ရန်ကုန်-စစ်တွေ အဝေးပြေးကားလမ်း မိုင်တိုင်အမှတ်(၁၁၂/၆)နှင့်(၁၁၂/၇)ကြားတွင် တည်ဆောက်လျက်ရှိသော တောင်ဖြူသံကူကွန်ကရစ်တံတား တည်ဆောက်နေမှုအခြေအနေအား သွားရောက်ကြည့်ရှုခဲ့သည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြောက်ဦးမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကာ စစ်တွေမြို့သို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

**ခရိုင်(ပြန်/ဆက်)**



# ရေချိုခရုမှတစ်ဆင့် ကူးစက်သောကပ်ပါးပိုးကြောင့် ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၁**

ရှမ်းပြည်နယ် အင်းလေးဒေသနှင့် ရခိုင်ပြည်နယ်တွင် ရေချိုခရုမှတစ်ဆင့် ကူးစက်သော Schistostoma ကပ်ပါးပိုးကြောင့် Schistosomiasis ရောဂါ ကူးစက်ဖြစ်ပွားမှုနှင့် ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သာထွန်းကျော်နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ(ဗဟိုကူးစက်) ဒေါက်တာဇော်မျိုးလတ်တို့က Schistosomiasis ရောဂါဖြစ်ပွားမှုနှင့် ပတ်သက်၍ လိုအပ်သော ရောဂါဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများနှင့် ယခုအခါ ရောဂါဖြစ်ပွားရာ နေရာဒေသ၊ ဖြစ်ပွားမှုအခြေအနေတို့အလိုက် ရေတိုရေရှည် ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**ကွင်းဆင်းဆောင်ရွက်**

ထို့နောက် စစ်တွေ အထွေထွေရောဂါကု ဆေးရုံကြီးမှ ကလေးအထူးကုဆရာဝန် ဒေါက်တာ လှမူက Schistosomiasis ရောဂါ သံသယလူနာ ၅၇၄ ဦးထံမှ သွေးနမူနာယူ၍ Schistosoma mansoniIgGS-erology ELISA kit ဖြင့် စမ်းသပ်ခဲ့ရာ လူနာ ၃၀၂ ဦးတွင် ရောဂါဖြစ်ပွားခဲ့သည်ကို စတင်တွေ့ရှိကုသမှုအခြေအနေကို လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(သဘာဝဘေး) ဒေါက်တာ သန်းထွန်းအောင်က Schistosomiasis ရောဂါ ကူးစက်ဖြစ်ပွားမှုနှင့်ပတ်သက်၍ ပုဏ္ဏားကျွန်းမြို့နယ်နှင့် မြောက်ဦးမြို့နယ်တို့တွင် ကွင်းဆင်းဆောင်ရွက်ခဲ့မှုများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ထားရှိမှုအခြေအနေကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ဓာတ်ခွဲ) ပါမောက္ခ ဒေါက်တာဌေးဌေးတင်က ဓာတ်ခွဲစစ်ဆေးရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် လိုအပ်ချက်များကို အားဖြည့်ဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Stephen Paul Jost နှင့် အဖွဲ့က Schistosomiasis ရောဂါနှင့်ပတ်သက်၍ ကျွမ်းကျင်မှုပိုင်းဆိုင်ရာမှ ထည့်သွင်းစဉ်းစားသင့်သည့် အချက်များကို လည်းကောင်း၊ အခြေခံ ကျန်းမာရေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာထင်ဇော်စိုးက ရှမ်းပြည်နယ် အင်းလေးဒေသတွင် Schistosomiasis ရောဂါနှင့်ပတ်သက်သော သုတေသနလုပ်ငန်းများကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ဆောင်ရွက်ထားရှိခဲ့ရာ အဆိုပါဒေသတွင် Schistosomiasis ရောဂါဖြစ်ပွားမှု တွေ့ရှိရမှုအခြေအနေကို လည်းကောင်း တင်ပြဆွေးနွေးသည်။

ယင်းနောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရောဂါဖြစ်ပွားမှုအခြေအနေအား ပြန်လည်ဆန်းစစ်၍ ဦးစားပေးနေရာအုပ်စုများ ရွေးချယ်သတ်မှတ်ရန်၊ ထိရောက်မည့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ရွေးချယ်ဆောင်ရွက်ရန်၊ ရောဂါနှင့်ပတ်သက်၍ ဆရာဝန်များ၊ ကျန်းမာရေး ဝန်ထမ်းများအကြား အသိရှိစေရန်နှင့် ပြည်သူလူထုများအကြား အသိပညာရရှိစေရန်အတွက် မြန်မာနိုင်ငံ ဆရာဝန်အသင်းနှင့် ပူးပေါင်း၍ စာတမ်းဖတ်ပွဲတစ်ခု ပြုလုပ်ရမည် ဖြစ်ပါကြောင်း၊ သုတေသနလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ နိုင်ငံတကာမှ ကျွမ်းကျင်သူများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားကာ လိုအပ်ချက်များကို ညှိနှိုင်းပံ့ပိုးပေးသည်။

**ဝိုင်းဝန်းအကြံပြု**

ထို့နောက် အစည်းအဝေး တက်ရောက်လာသူများက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအား ဝိုင်းဝန်းဆွေးနွေး အကြံပြုကြသည်။

**သတင်းစဉ်**

# နယ်လှည့်စာကြည့်တိုက်၊ နယ်လှည့်စာဖတ်ဝိုင်းနှင့် စာအုပ်ပြပွဲ ကွင်းဆင်းဆောင်ရွက်

**စစ်တွေ ဇူလိုင် ၂၁**

လူငယ်သင်တန်းကျောင်း(စစ်တွေ) ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေပြီး စာပေကိုချစ်မြတ်နိုးစေရန်အတွက် ယမန်နေ့ ညနေ ၃ နာရီက စစ်တွေခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက်၊ နယ်လှည့်စာဖတ်ဝိုင်းနှင့် စာအုပ်ပြပွဲ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထို့သို့ဆောင်ရွက်ပေးရာတွင် စစ်တွေခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများသည် အဆိုပါ သင်တန်းကျောင်းရှိ နည်းပြဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား သုတ၊ ရသစာအုပ်များ၊ စာစောင်များ၊ ဂျာနယ်များနှင့် လစဉ်ထုတ် မဂ္ဂဇင်းများကို ရက်သတ္တပတ်ဖတ်ရှုနိုင်ရန် ကွင်းဆင်းငှားရမ်းပေးခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် စစ်တွေခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသား ကျောင်းသူများ စာဖတ်ရှုခြင်းအလေ့အထ တိုးပွားလာစေရေး၊ ကျောင်းသား ကျောင်းသူများ စာပေအသိပညာ ဗဟုသုတများ ရရှိစေရေးအတွက်၊ နယ်လှည့်စာဖတ်ဝိုင်းနှင့် စာအုပ်ပြပွဲ ကွင်းဆင်းဆောင်ရွက်ပေးကြသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**




# ရုံးဌာနများအရောက် စာငှားဆောင်ရွက်ပေး

**မြောင်းမြ ဇူလိုင် ၂၁**

ပြည်သူများ စာပေဖတ်ရှုမှု အလေ့အထကောင်းများ ရရှိရေး၊ အသိပညာဗဟုသုတ တိုးပွားစေရေးအတွက် မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ရုံးဌာနများအရောက် နယ်လှည့်စာကြည့်တိုက်၊ စာငှားစနစ်ကို ဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၂၀ ရက်က မြောင်းမြခရိုင်နှင့် မြို့နယ်ပညာရေးမှူးရုံးများ၌ ပြန်/ဆက်ဦးစီးဌာနဝန်ထမ်းများက သွားရောက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နယ်လှည့်စာကြည့်တိုက်၊ စာငှားစနစ်ဆောင်ရွက်မှုတွင် မြောင်းမြခရိုင် ပြန်/ဆက်ဦးစီးမှူး ဒေါ်စန္ဒာမိုးက ဌာနဆိုင်ရာများအရောက် စာအုပ်လာရောက်ငှားရမ်းပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပညာရေးမှူးရုံးဝန်ထမ်းများ၊ မိသားစုများက စာအုပ်စာစောင်များ ငှားရမ်းခြင်းနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်၊ သယ်ဆောင်ပုံသယ်ဆောင်နည်းများ၊ မူးယစ်ဆေးဝါးထုတ်လုပ်ပုံ အဆင့်ဆင့်ဓာတ်ပုံမှတ်တမ်းများ ကြည့်ရှုလေ့လာခဲ့ကြသည်။

"ဌာနဝန်ထမ်းတွေ အားလပ်တဲ့ အခိုက်အတန့်အချိန်လေးမှာ မိုဘိုင်းဖုန်းတွေနဲ့ အချိန်ကုန်နေမည့်အစား စာအုပ်စာစောင်များ ဖတ်ရှုခြင်းဖြင့် ဗဟုသုတနဲ့ အသိပညာတွေ တိုးပွားစေရန် ရည်ရွယ်ခြင်းဖြစ်ပါတယ်"ဟု ခရိုင်ပြန်/ဆက်ဦးစီးမှူး ဒေါ်စန္ဒာမိုးက ပြောသည်။

**မြောင်းမြ(ပြန်/ဆက်)**

# မြေပုံမြို့နယ် လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်

**မြေပုံ ဇူလိုင် ၂၁**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့နယ် င/ခူ ချောင်းကျေးရွာရှိ လေဘေးသင့် ပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မြောက်ဦးခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက ယနေ့မွန်းလွဲ ၁ နာရီက ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇူလိုင် ၁၇ ရက်က မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် အမိုးလန်ပျက်စီးသွားသော သွပ်မိုး၊ ဓနိမိုး၊ ဝါးထရံကာ လူနေအိမ် ၂၃ လုံးအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၀ မျိုးနှင့် အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၄၆၀၀၀၀၊ လုံးဝပျက်စီးသွားသော သွပ်မိုး၊ ဓနိမိုး၊ ဝါးထရံကာ လူနေအိမ် ခြောက်လုံးအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၅ မျိုး၊ အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၆၀၀၀၀၀ နှင့် လူဦးရေ ၁၂၂ ဦး အတွက် ဆန်ရိက္ခာ ခုနစ်ရက်စာဖိုး ငွေကျပ် ၂၅၆၂၀၀ စုစုပေါင်း ငွေကျပ် ၁၃၁၆၂၀၀ ကို မြေပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ သွားရောက်လွှဲပြောင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# ရဝမ်ဒါ၊ ယူဂန္ဒာနှင့် တောင်အာဖရိကနိုင်ငံများသို့ အိန္ဒိယဝန်ကြီးချုပ် မိုဒီ သွားရောက်မည်




**နယူးဒေလီ ဇူလိုင် ၂၁**

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နာရန်ဒရာမိုဒီသည် ရဝမ်ဒါ၊ ယူဂန္ဒာနှင့် တောင်အာဖရိကနိုင်ငံများသို့ ဇူလိုင် ၂၃ ရက်တွင် ငါးရက်ကြာခရီး သွားရောက်မည်ဖြစ်ကြောင်း ပြည်ပရေးရာဝန်ကြီးဌာနက ဇူလိုင် ၂၀ ရက်တွင် ပြောကြားသည်။

အိန္ဒိယဝန်ကြီးချုပ်မိုဒီသည် ၎င်းခရီးစဉ်၏ ပထမဆုံးခရီးအဖြစ် ရဝမ်ဒါနိုင်ငံသို့ သွားရောက်မည်ဖြစ်ပြီး နှစ်ရက်ကြာ နေထိုင်မည်ဖြစ်ကြောင်း၊ အဆိုပါခရီးစဉ်အတွင်း ရဝမ်ဒါနိုင်ငံနှင့် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် သဘောတူညီမှုတစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်လိမ့်မည်ဟု မျှော်လင့်ရကြောင်း အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာန အထက်တန်းအရာရှိ တီအက်စ်တီရူမာတီက ပြောကြားသည်။

အိန္ဒိယဝန်ကြီးချုပ်သည် ရဝမ်ဒါနိုင်ငံမှ ယူဂန္ဒာသို့ သွားရောက်ပြီး ယူဂန္ဒာနိုင်ငံ ထိပ်တန်းခေါင်းဆောင်များနှင့် ကိုယ်စားလှယ်အဖွဲ့အဆင့် တွေ့ဆုံဆွေးနွေးပြီး ယူဂန္ဒာလွှတ်တော်တွင် မိန့်ခွန်းပြောကြားမည်ဖြစ်ကြောင်း တီရူမာတီက ပြောကြားသည်။

အိန္ဒိယဝန်ကြီးချုပ်သည် ယူဂန္ဒာနိုင်ငံမှ တောင်အာဖရိကနိုင်ငံသို့ သွားရောက်မည်ဖြစ်ပြီး ယင်းနိုင်ငံတွင် ကျင်းပမည့် ဘီအာရ်အိုင်စီအက်စ် ထိပ်သီးအစည်းအဝေးသို့ တရုတ်၊ဘရာဇီး၊ရုရှားနှင့် တောင်အာဖရိကနိုင်ငံများမှ ခေါင်းဆောင်များနှင့်အတူ တက်ရောက်မည်ဖြစ်ကြောင်း အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနမှ ပြောကြားသည်။

**ဆင်ဟွာ**

# ဝန်ကြီးချုပ်အပါအဝင် စင်ကာပူပြည်သူများ၏ သတင်းအချက်အလက်များ ခိုးယူခံရ

**စင်ကာပူ ဇူလိုင် ၂၁**

စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းအပါအဝင် ပြည်သူ ၁ ဒသမ ၅ သန်းခန့်၏ ကိုယ်ရေးအချက်အလက်များနှင့် ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များ ခိုးယူခြင်းခံခဲ့ရကြောင်း စင်ကာပူအစိုးရက ယမန်နေ့က ပြောကြားခဲ့သည်။



ဝန်ကြီးချုပ် လီရှန်လွန်း၏ ကျန်းမာရေးမှတ်တမ်းမှတ်ရာ သတင်းအချက်အလက်များကို ကွန်ပျူတာဟက်ကာများက ပစ်မှတ်ထားခိုးယူခဲ့ကြောင်းနှင့် ဟက်ကာများက ယခုကဲ့သို့ခိုးယူခြင်းမပြုမီ မည်သည့်သတိပေးချက်ကိုမျှ လုပ်ဆောင်ခဲ့ခြင်းမရှိကြောင်း သူ၏ အင်တာနက်စာမျက်နှာတွင် ဝန်ကြီးချုပ်လီရှန်လွန်းက ရေးသားခဲ့သည်။

နိုင်ငံ၏ကျန်းမာရေးအင်စတီကျူများတွင် သိမ်းဆည်းထားသော ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက် ပေါက်ကြားမှုကိစ္စရပ်များကို စင်ကာပူအစိုးရအဖွဲ့က ဇူလိုင် ၄ ရက်တွင် စတင်စုံစမ်းစစ်ဆေးခဲ့သည်။

**ခိုးယူခြင်းခံရ**

စုံစမ်းစစ်ဆေးမှုတွေ့ရှိချက်အရ ဇွန် ၂၇ ရက်မှ ဇူလိုင် ၄ ရက်အထိ သိမ်းဆည်းထားသော နာမည်များ၊ လိပ်စာများနှင့် အခြားသော ကိုယ်ရေးအချက်အလက်များ ခိုးယူခြင်းခံခဲ့ရကြောင်း သိရသည်။

စင်ကာပူအစိုးရအဖွဲ့က နိုင်ငံ၏ ဆိုင်ဘာလုံခြုံရေးစနစ်ကို ပိုမိုခိုင်မာမှုရှိစေရန် ကွန်ပျူတာကျွမ်းကျင်ပညာရှင်များ ဖြည့်တင်းကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အီရန်နိုင်ငံအနောက်ပိုင်းတွင် စစ်သွေးကြွများနှင့် တိုက်ခိုက်မှုဖြစ်ပွား တော်လှန်ရေးအစောင့်တပ်ဖွဲ့ဝင် ၁၁ ဦးသေဆုံး

**တီဟီရန် ဇူလိုင် ၂၁**

အီရန်နိုင်ငံအနောက်ပိုင်းတွင် ဇူလိုင် ၂၁ ရက်က စစ်သွေးကြွများနှင့်အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့(အိုင်အာရ်စီဂျီ)တို့ တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ တော်လှန်ရေးအစောင့်တပ်ဖွဲ့ဝင် ၁၁ ဦး သေဆုံးသွားကြောင်း အီရန်အစိုးရသတင်းဌာန အိုင်အာရ်အန်အေက သတင်းဖော်ပြသည်။

**ပစ်မှတ်ထားတိုက်ခိုက်**

ဇူလိုင် ၂၁ ရက် နံနက်အစောပိုင်းက ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုအတွင်း တော်လှန်ရေးအစောင့်တပ်ဖွဲ့ဝင် ရှစ်ဦးထိခိုက် ဒဏ်ရာရခဲ့သည်။ ကာဒစ္စတန်ပြည်နယ် မာရီဗန်မြို့အနီးရှိ ဒါရီကျေးရွာမှ တော်လှန်ရေးအစောင့်တပ်ဖွဲ့၏ အခြေစိုက်စခန်းကို စစ်သွေးကြွများက ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အိုင်အာရ်အန်အေသတင်းတွင် ဖော်ပြသည်။

အီရန်နိုင်ငံအနောက်ပိုင်းရှိ ကာဒစ္စတန်ပြည်နယ်တွင် လွန်ခဲ့သည့်နှစ်များအတွင်းက ကာဒစ္စတန်သူပုန်များနှင့် အီရန်လုံခြုံရေးအကြား လူအသေအပျောက်ရှိသော တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည်။

**ဆင်ဟွာ**

# ပြုံယမ်းအပေါ် စီးပွားရေးပိတ်ဆို့မှုများ ဆက်လက်ချမှတ်ရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး တိုက်တွန်း

**ဝါရှင်တန် ဇူလိုင် ၂၁**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုက ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများအား မြောက်ကိုရီးယားနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ ဆက်လက်ချမှတ်ရန် တိုက်တွန်းပြောကြားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

သို့သော် တရုတ်နှင့် ရုရှားတို့က ပြုံယမ်းအပေါ် စီးပွားရေးပိတ်ဆို့မှုများ ဖြေလျှော့ရန် တောင်းဆိုခဲ့ပြီး အခြားအဖွဲ့ဝင်နိုင်ငံများနှင့် သဘောထားကွဲလွဲခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုက နယူးယောက်မြို့ရှိ ကုလသမဂ္ဂရုံးချုပ်တွင် တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ကန်ကျိုးဝှာ၊ ကုလသမဂ္ဂဆိုင်ရာ ဂျပန်သံအမတ်ကြီး ကိုယိုဘက်စ်ဟိုနှင့် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ၏ သံအမတ်ကြီးများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် ပြုံယမ်း၏ န်ျူကလီးယားလက်နက် ကင်းစင်ပပျောက်စေရေးနှင့် စီးပွားရေးပိတ်ဆို့ အရေးယူမှုများ ချမှတ်ခြင်းတို့ကို အစည်းအဝေးတက်ရောက်သူများက ဆွေးနွေးခဲ့ကြသည်။

ကမ္ဘာ့နိုင်ငံများအနေဖြင့် ပြုံယမ်းအား န်ျူကလီးယားလက်နက်စွန့်လွှတ်ရန် တောင်းဆိုထားပြီးဖြစ်ကြောင်းနှင့် နိုင်ငံတိုင်းက ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ချမှတ်ထားသော စီးပွားရေးပိတ်ဆို့မှုများကို လိုက်နာကျင့်သုံးကြရန် လိုအပ်ကြောင်း အစည်းအဝေးပွဲအပြီးတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုက သတင်းထောက်များကို ပြောကြားခဲ့သည်။

ထို့ပြင် ပြုံယမ်းအနေဖြင့် န်ျူကလီးယားလက်နက် အပြီးတိုင် စွန့်လွှတ်သည့်တိုင် ၎င်းအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများ ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုက ဆိုသည်။

**အင်န်အိတ်ချ်ကေ**

# ယူကရိန်းစစ်ဘက် ကာကွယ်ရေးစွမ်းရည်မြှင့်တင်ရေးအတွက် အမေရိကန်က ဒေါ်လာ သန်း ၂၀၀ ထောက်ပံ့မည်ဟုဆို

**ဝါရှင်တန် ဇူလိုင် ၂၁**

ယူကရိန်းနိုင်ငံ၏ စစ်ဘက်ဆိုင်ရာ ကာကွယ်ရေးစွမ်းဆောင်ရည်တိုးမြှင့်နိုင်ရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၂၀၀ ထောက်ပံ့ပေးမည်ဟု အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက ဇူလိုင် ၂၀ ရက်တွင် ပြောကြားသည်။



၂၀၁၄ ခုနှစ်အတွင်းက ရုရှားနိုင်ငံက ခရိုင်းမီးယားဒေသကို ၎င်း၏ ပိုင်နက်နယ်မြေအတွင်း ပေါင်းစပ်လိုက်စဉ်ကတည်းက အမေရိကန်က ယူကရိန်းနိုင်ငံသို့ ငွေကြေးထောက်ပံ့မှုများ အစီအရီပြုလုပ်ခဲ့ရာ ယခုပေးအပ်သည့် ငွေကြေးပမာဏအပါအဝင် အမေရိကန် ဒေါ်လာသန်း ၁၀၀၀ ကျော် ရှိပြီဖြစ်သည်။

ယူကရိန်းနိုင်ငံသည် နိုင်ငံအရှေ့ပိုင်းဒေသများဖြစ်သည့် ဒွန်းစတက်နှင့် လူဂါနက်စ်ဒေသများရှိ ရုရှားဘာသာစကားပြောကြားသည့် ခွဲထွက်ရေးဝါဒီသူပုန်များနှင့် တိုက်ခိုက်နေရသည်။

ယူကရိန်းအား ငွေကြေးထောက်ပံ့မည်ဟူသော ကြေညာချက်သည် အမေရိကန်သမ္မတ ထရန့်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့၏ ထိပ်သီးဆွေးနွေးပွဲကျင်းပအပြီး ရက်အနည်းငယ်အကြာတွင် ထွက်ပေါ်လာခြင်းဖြစ်သည်။

၂၀၁၄ ခုနှစ် ဧပြီလအတွင်းက ရုရှားနိုင်ငံက ခရိုင်းမီးယားဒေသကို ၎င်း၏ပိုင်နက်အတွင်း ထည့်သွင်းခဲ့ပြီးနောက် ရုရှားကထောက်ခံအားပေးသည့် သောင်းကျန်းသူများ၏ တိုက်ခိုက်မှုများ စတင်ဖြစ်ပွားစဉ်ကတည်းကစ၍ ပြည်သူ ၁၀၀၀၀ ကျော် သေဆုံးခဲ့ရပြီးဖြစ်သည်။

ရုရှားနိုင်ငံသည် နယ်စပ်သို့ ဖြတ်ကျော်ပြီး တပ်ဖွဲ့ဝင်များနှင့် စစ်လက်နက်ပစ္စည်းများကို ရုရှားလိုလားသည့်သူပုန်များထံ စီးဝင်စေကြောင်း ယူကရိန်းနှင့် အနောက်မဟာမိတ်ဝင်များက စွပ်စွဲခဲ့သော်လည်း ရုရှားက ယင်းစွပ်စွဲမှုများကို ငြင်းပယ်ခဲ့သည်။

**အေအက်ဖ်ပီ**



# စပါးအသင်းတောင်ပံကစားသမား လာမယ်လာ လေးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ် ချုပ်ဆို

စပါးအသင်းတောင်ပံကစားသမား လာမယ်လာသည် လက်ရှိကလပ်အသင်းနှင့် လေးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ်ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း သိရသည်။

အသက် ၂၆ နှစ်အရွယ်ရှိ အာဂျင်တီးနားတောင်ပံကစားသမား လာမယ်လာသည် ၂၀၁၃ ခုနှစ်က အီတလီစီးရီးအေကလပ် ရိုးမားအသင်းမှ ပရီမီယာလိဂ်ကလပ် စပါးအသင်းသို့ ပြောင်းရွှေ့ကြေးပေါင်သန်း ၃၀ ဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။

တောင်ပံကစားသမား လာမယ်လာသည် လက်ရှိတွင် စပါးအသင်းနှင့်အတူ ပွဲပေါင်း ၁၅၄ ပွဲပါဝင်ကစားပေးခဲ့ရာတွင် သွင်းဂိုး ၂၃ ဂိုးအထိသွင်းယူထားနိုင်ခဲ့သူဖြစ်သည်။

စပါးအသင်းသည် ယခုအပြောင်းအရွှေ့ကာလတွင် ကစားသမားခေါ်ယူမှုတစ်စုံတစ်ရာပြုလုပ်ထားခဲ့ခြင်းမရှိခဲ့သော်လည်း အသင်းအတွက် အားထားရသည့်ကစားသမားနှစ်ဦးကိုမူ စာချုပ်သစ်ချုပ်ဆိုခဲ့သည်။ အဆိုပါကစားသမားနှစ်ဦးမှာ ယခုစာချုပ်သစ်ချုပ်ဆိုခဲ့သည့် လာမယ်လာနှင့် တိုက်စစ်မှူး ဆွန်ဟောင်မင်တို့ဖြစ်သည်။

လာမယ်လာသည် စပါးအသင်းနှင့် စာချုပ်သစ်ချုပ်ဆိုခဲ့ခြင်းကြောင့် ဝိုက်ဟက်လိန်းတွင် ၂၀၂၂ ခုနှစ်အထိ ဆက်ရှိနေမည်ဖြစ်ကြောင်းသိရသည်။

လာမယ်လာသည် ၂၀၁၇-၂၀၁၈ ဘောလုံးရာသီတွင် စပါးအသင်းနှင့်အတူ ပွဲပေါင်း ၂၉ ပွဲပါဝင်ကစားပေးခဲ့သူဖြစ်သည်။

# လီဗာပူးဂိုးသမား ဒန်နီဝက်အား လက်စတာစီးတီးအသင်း ခေါ်ယူ

လက်စတာစီးတီးအသင်းသည် ပရီမီယာလိဂ်ပြိုင်ဘက် လီဗာပူးအသင်းမှ ဂိုးသမား ဒန်နီဝက်အား ပြောင်းရွှေ့ကြေးပေါင် ၁၂ ဒသမ ၅ သန်းဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သိရသည်။

ဂိုးသမားဒန်နီဝက်သည် လီဗာပူးအသင်းက အီတလီစီးရီးအေကလပ် ရိုးမားအသင်းမှ ဂိုးသမား အဲလစ်ဆင်အား စံချိန်တင်ပြောင်းရွှေ့ကြေးပေါင် ၆၆ ဒသမ ၈ သန်းဖြင့် ခေါ်ယူခဲ့ပြီးနောက် လီဗာပူးအသင်းနှင့် လမ်းခွဲခဲ့ခြင်းဖြစ်သည်။

အသက် ၂၅ နှစ်အရွယ်ရှိ ဂိုးသမား ဒန်နီဝက်သည် ဝေးလ်လက်ရွေးစင်အသင်းနှင့်အတူ လေးပွဲအထိ ပါဝင်ကစားပေးခဲ့သူဖြစ်ပြီး လီဗာပူးအသင်းအတွက်မူ သုံးပွဲသာ ပွဲထွက်ကစားခွင့်ရရှိခဲ့သူဖြစ်သည်။ လက်ရှိတွင် ဂိုးသမား ဒန်နီဝက်သည် ပုံမှန်ပွဲထွက်ကစားခွင့်ရရှိရန်အတွက် လက်စတာစီးတီးအသင်းနှင့် လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ဂိုးသမား ဒန်နီဝက်သည် ၂၀၁၂ ခုနှစ် ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း ပေါင်တစ်သိန်းဖြင့် လီဗာပူးအသင်းသို့ ရောက်ရှိလာခဲ့သူဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘောလုံးရာသီတွင်မူ ဟက်ဒါဖီးလ်အသင်းသို့ အငှားချထားခြင်းခံခဲ့ရသူဖြစ်သည်။

လက်စတာစီးတီးအသင်းသည် ယခုအပြောင်းအရွှေ့ကာလတွင် ရီကာဒိုပါရဲရာ၊ ဂျွန်နီအီဗန်၊ ဂျိမ်းစ်မက်ဒီဆန်တို့ကို ခေါ်ယူထားခဲ့ပြီးဖြစ်သောကြောင့် ဒန်နီဝက်သည် လက်စတာစီးတီးအသင်း၏ လေးဦး မြောက်ခေါ်ယူခဲ့သည့် ကစားသမားဖြစ်လာခဲ့သည်။






# ရီးယဲလ်မက်ဒရစ်က ဟာဇက်ကို ခေါ်ယူရန် ပေါင် ၁၁၂ သန်းဖြင့် ကမ်းလှမ်း

စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းသည် ချယ်လ်ဆီးအသင်း တိုက်စစ်မှူး အေဒင်ဟာဇက်အား ပြောင်းရွှေ့ကြေးပေါင် ၁၁၂ သန်းဖြင့် ခေါ်ယူရန် ကမ်းလှမ်းထားကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ချယ်လ်ဆီးဂိုးသမား ကော်တိုရစ်အား ပြောင်းရွှေ့ကြေးပေါင် ၃၅ ဒသမ ၅ သန်းဖြင့် ခေါ်ယူရန်စီစဉ်ခဲ့ပြီးနောက် အေဒင်ဟာဇက်ကို ခေါ်ယူရန်ပြင်ဆင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တိုက်စစ်မှူး အေဒင်ဟာဇက်သည် ရုရှားကမ္ဘာ့ဖလားတွင် အင်္ဂလန်အသင်းအား အနိုင်ရရှိကာ ကမ္ဘာ့ဖလားပြိုင်ပွဲ၏ တတိယနေရာကို ရရှိအောင် ဘယ်လ်ဂျီယံအသင်းအတွက် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

လက်ရှိတွင် အေဒင်ဟာဇက်သည် ချယ်လ်ဆီးအသင်းနှင့် စာချုပ်သက်တမ်း နှစ်နှစ်ကျန်ရှိနေသေးပြီး ချယ်လ်ဆီးအသင်းက ဟာဇက်၏ အပြောင်းအရွှေ့နှင့် စပ်လျဉ်း၍ ပေါင်သန်း ၂၀၀ သတ်မှတ်ထားကြောင်း သိရသည်။

ငွေကြယ် - ရေးသားသည်

# ဘာစီလိုနာအသင်းက ဝီလီယံအား ပေါင် ၅၅ သန်းဖြင့် ကမ်းလှမ်းထားဟုဆို

စပိန်လာလီဂါထိပ်သီးကလပ် ဘာစီလိုနာအသင်းသည် ချယ်လ်ဆီးအသင်း၏ တောင်ပံကစားသမား ဝီလီယံအား ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိပြီး လက်ရှိတွင် ပြောင်းရွှေ့ကြေးပေါင် ၅၅ သန်းဖြင့် ကမ်းလှမ်းထားကြောင်း သိရသည်။

ပြီးခဲ့သည့်သတင်းတစ်ပတ်အတွင်းက ထွက်ပေါ်လာသည့် သတင်းများအရ ဘာစီလိုနာအသင်းသည် ဘရာဇီးကွင်းလယ်ကစားသမား ဝီလီယံအား ပြောင်းရွှေ့ကြေးပေါင် ၅၃ သန်းဖြင့် ခေါ်ယူရန်စီစဉ်လျက်ရှိပြီး ဘာစီလိုနာအသင်းနှင့် ဝီလီယံ၏ အေးဂျင့်ဖြစ်သူတို့မှာမူ အပြောင်းအရွှေ့ကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးနေဆဲဖြစ်ကြောင်း သိရသည်။

ဘာစီလိုနာအသင်းနှင့်အပြိုင် ပရီမီယာလိဂ်ကလပ် မန်ယူအသင်းကလည်း ဝီလီယံအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိပြီး မန်ယူအသင်းသည် ဝီလီယံကို ခေါ်ယူရန်အတွက် မန်စီးတီးအသင်းနှင့် အပြိုင်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းသည် ဝီလီယံအား ရောင်းချရန်အတွက် စဉ်းစားထားခြင်းမရှိသေးဘဲ လက်ရှိတွင် နည်းပြကွန်တီနေရာတွင် ဆာရီအား အစားထိုးခန့်အပ်ထားခြင်းကြောင့် ဆာရီအနေဖြင့်လည်း ဝီလီယံအား အသင်းမှ ထွက်ခွာခွင့်ပြုရန် စဉ်းစားလျက်ရှိကြောင်း သိရသည်။ ချယ်လ်ဆီးအသင်းက မန်ယူအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် အက်ဖ်အေဖလားနောက်ဆုံးဗိုလ်လုပွဲတွင် ခြေစွမ်းပြကစားနိုင်ခဲ့ခြင်းကြောင့်လည်း ဖြစ်သည်။

ကွင်းလယ်ကစားသမား ဝီလီယံသည် ရုရှားနိုင်ငံတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘရာဇီးအသင်းအတွက် ခြေစွမ်းပြကစားနိုင်ခဲ့သူဖြစ်သည်။

ကွင်းလယ်ကစားသမား ဝီလီယံသည် ချယ်လ်ဆီးအသင်းသို့ ၂၀၁၃ ခုနှစ်တွင် အန်ဇီအသင်းမှ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ချယ်လ်ဆီးအသင်းနှင့်အတူ ၂၃၆ ပွဲ ပါဝင်ကစားပေးခဲ့ကာ သွင်းဂိုး ၄၄ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။



# လေပြင်းတိုက်ခတ်ရာမှ အဆောက်အအုံအချို့ ပျက်စီးပြီး ကျောင်းသူတစ်ဦး ဓာတ်လိုက်သေဆုံး



**သထုံ ဇူလိုင် ၂၁**
မွန်ပြည်နယ် သထုံမြို့ နန်းခဲရပ်ကွက်တွင် ဇူလိုင် ၂၀ ရက် ည ၈ နာရီခန့်က ရုတ်တရက် လေပြင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်းတစ်ကျောင်း အပါအဝင် လူနေအိမ်အချို့ ပျက်စီးခဲ့ပြီး ဓာတ်ကြိုးပြတ်ကျရာမှ ကျောင်းသူတစ်ဦး ဓာတ်လိုက်သေဆုံးခဲ့ကြောင်း သိရသည်။

လေပြင်း တိုက်ခတ်မှုကြောင့် နန်းခဲရပ်ကွက် ကွက်သစ် ၁ လမ်းတွင် သစ်ပင်များပြိုလဲပြီး ဓာတ်ကြိုးပေါ် သစ်ကိုင်းကျိုးကျ၍ ဓာတ်ကြိုးပြတ်ကျရာ စာကျက်ဝိုင်းမှ နေအိမ်သို့ ပြန်လာသည့် အသက် ၁၂ နှစ်အရွယ် ခုနစ်တန်းကျောင်းသူ နန်းခဲကွက်သစ် ၂ လမ်းနေ မဇွန်ဖူးဝေမှာ ဓာတ်လိုက်သေဆုံးခဲ့သည်။ သထုံမြို့နယ်အတွင်းရှိ လိပ်အင်းရပ်ကွက်မှ စိန်ကုန်း (အမက)ကျောင်းနှင့် လူနေအိမ်တစ်အိမ်၊ နန်းခဲရပ်ကွက် ကွက်သစ်ရပ်မှ လူနေအိမ်သုံးအိမ်နှင့် မြေနီကုန်းကျေးရွာမှ လူနေအိမ်သုံးအိမ်တို့ အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# ရွှေကူမြို့နှင့် မြစ်ကြီးနားမြို့တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၁**
ရွှေကူမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၀ ရက် နံနက် ၇ နာရီက ရွှေကူမြို့ အမှတ် ၂ ရပ်ကွက်ရှိ မတင်မြလေး၏ ဈေးဆိုင်ကိုရှာဖွေရာ ဘိန်းစိမ်းလေးထုပ် (အလေးချိန် ၄ ဒသမ ၈၉၉ ကီလို)၊ စိတ်ကြွရူးသွပ် ဆေးပြား ၁၂၀၀၀၀ နှင့် ဘိန်းဖြူ ဆပ်ပြာခွက် ၃၁ ခွက် (အလေးချိန် ၃၉၈ ဂရမ်)၊ ငွေကျပ် ၈၄၄၁၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ အလားတူ ညနေ ၆ နာရီက မူးယစ်တပ်ဖွဲ့စု ၂ မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် နောင်ယားနယ်မြေ မနော‌ဥယျာဉ် ပတ်လမ်းရှိ ရွှေညီကိုစားသောက်ဆိုင် အခန်းအမှတ် (5-B)ကို ရှာဖွေရာ မမြင့်လေး(ခ)မအိမှုန်နှင့် တိုးမြင့်အောင်တို့ကို တွေ့ရှိရပြီး ဘိန်းဖြူ ဆပ်ပြာခွက် ၁၁ ခွက် (အလေးချိန် ၁၃၂ ဂရမ်)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀၊ လက်ကိုင်ဖုန်း နှစ်လုံး၊ မော်တော်ဆိုင်ကယ် နှစ်စီးတို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့နံနက် ၁၁ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၄၃) ရန်ကုန် (တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မင်္ဂလာတောင်ညွန့်မြို့နယ် စံပြဖဆပလ ရပ်ကွက် အောင်ဆန်းကွင်း မြောက်ဘက်လမ်း ဖဆပလတိုက်(၁၂)ဘေးရှိ ကားဂိတ်အနီးတွင် ခန့်စိုးသာအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၉၆ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



**မတင်မြလေး၊ မမြင့်လေး(ခ)မအိမှုန်နှင့် တိုးမြင့်အောင်တို့ကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ် (Depression) တစ်ခုအဖြစ်သို့ ရောက်ရှိပြီး အိန္ဒိယနိုင်ငံ ဘလာဆော (Balasore) မြို့၏ အရှေ့-အရှေ့တောင်ဘက် ၆၆ မိုင်ခန့်၊ ဒီဂါ (Digha)မြို့၏ တောင်-အရှေ့တောင်ဘက် ၄၆ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါမုန်တိုင်းငယ် (Depression) သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားပြီး ယနေ့ညနေပိုင်းတွင် အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေမြောက်ပိုင်းကို ဘလာဆော (Balasore)မြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေသည်။

# မိုးကောင်းမြို့နယ်၌ ဘိန်းဖြူအမှုန့်နှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**မိုးကောင်း ဇူလိုင် ၂၁**
ကချင်ပြည်နယ် မိုးကောင်းမြို့နယ် အုတ်ကျင်းကျေးရွာ၌ ဇူလိုင်၂၀ရက် ည ၉ နာရီက ဘိန်းဖြူမှုန့်နှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးကောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အုတ်ကျင်းကျေးရွာနေ ကျော်မင်း၏နေအိမ်သို့ သတင်းအရ ဝင်ရောက်ရှာဖွေရာ ကျော်မင်းမှာ ထွက်ပြေးတိမ်းရှောင်နေပြီး ၎င်း၏ဇနီးဖြစ်သူ ဒေါ်လှိုင်နှင့် မူးယစ်ဆေးဝါးသုံးစွဲရန် ရောက်ရှိနေသည့် တစ်ရွာတည်းနေ မျိုးသူ၊ မန်ရွက်ကျေးရွာ အုတ်ဖိုတဲစုနေ လတောင်တို့ကို အတူတွေ့ရှိရပြီး ဆောက်လက်စ နေအိမ်အသစ်၏ တိုင်ခြေမြေကြီးအတွင်း မြှုပ်နှံထားသည့် ပလတ်စတစ်ကပ်ခွာအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၅ ပြား၊ ဘိန်းဖြူ အမှုန့် ၈ ဒသမ ၂ ဂရမ်ကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တိမ်းရှောင်နေသူ ကျော်မင်း၊ ဒေါ်လှိုင်၊ မျိုးသူ၊ လတောင်တို့ လေးဦးကို မိုးကောင်းမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**



**မူးယစ်ကင်းစင် အောင်ပွဲဆင်**

## မြန်မာ့ရုပ်မြင်သံကြား

**၂၂-၇-၂၀၁၈ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | လှေလာစရာစုံလင် အမိမြန်ပြည်တစ်ခွင် (ထူးမြတ်သာယာ လက်ဆေးကန်တော်မဟာ) |
| ၈း၃၅ | **"ရတနာထဲကရတနာ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်"** |
| ၉း၁၀ | ဇာတ်လမ်းအတိုအထွာပြုံးစရာ "အနိုင်ကျင့်တာ တို့လက်မခံ" (ဆလိုင်းလွမ်း၊ ကံမိုးဆန်း၊ အောင်ကျော်ကျော်၊ ဖြူခင်ချို) (ဒါရိုက်တာ - ဆလိုင်းမိုးဝင်းအောင်) |
| ၉း၂၀ | "မြန်မာနိုင်ငံရှိ လူကုန်ကူးခံရသူများအတွက် အခွင့်အရေးနှင့် ပြစ်မှုတရားစီရင်ရေး လုပ်ထုံးလုပ်နည်းများ" |
| ၉း၃၅ | MRTV Travelogue |
| ၁၀း၀၀ | Sunday Talk |
| ၁၀း၃၀ | မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ |
| ၁၁း၀၀ | လှပစုံလင်အာဆီယံတစ်ခွင် |
| ၁၁း၀၅ | ကဗျာရိပ်မြုံ "ယောင်တတ်သူ" |
| ၁၁း၃၅ | ကျန်းမာရေးမဂ္ဂဇင်း "ကျန်းမာရေးနှင့်ပတ်သက်ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ ပြည်သူများသိသင့်သော အခြေခံအချက်များ" |
| ၁၂း၃၀ | This Week's Special Interest |
| ၁၂း၄၅ | မြန်မာ့ဂန္ထဝင်ရုပ်ရှင် "ချစ်လာတတ်သောနှလုံးသား" (ညွှန့်ဝင်း၊ နွဲ့နွဲ့မူ) (ဒါရိုက်တာ-မောင်လှဝေ) |

**ညပိုင်း**

| | |
|---|---|
| ၁၅း၁၅ | Myanmar National League 2018 ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Yangon United FC Vs Hantharwady Untited FC) |
| ၁၇း၃၀ | Sunday Talk |
| ၁၈း၂၀ | လှေလာစရာစုံလင် အမိမြန်ပြည်တစ်ခွင် "ကရင်တိုင်းရင်းသားတို့၏ ရိုးရာလက်မှုပညာ" |
| ၁၈း၄၀ | "သဘာဝအလှတရားများရှိရာ ပိုးအင်ရွာ" |
| ၁၉း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ" (အပိုင်း-၈) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | In & Out "ချင်းမိုင်၊ ချင်းရိုင်ခရီးစဉ်" (အပိုင်း-၁) (လေးဖြူနှင့်အဖွဲ့) - နိုင်ငံခြားဇာတ်လမ်းတွဲ "အကယ်၍သာ" (အပိုင်း-၅) - "သုဝဏ္ဏသာမဇာတ်တော်ကြီး" (ဒုတိယပိုင်း) |
| | **- အစီအစဉ်ပြီး၏။** |

# မရမ်းချောင်စစ်ဆေးရေးစခန်းတွင် တရားမဝင်ကုန်စည်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၁**
မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ဇူလိုင် ၂၀ ရက်က ရှောင်ကွင်းလမ်းများသို့ ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်စဉ် လမ်းဘေးတွင် ပိုင်ရှင်မဲ့စုပုံထားသော တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Gas မီးဖိုဒေါက် 300 Kg နှင့် Sugar (1× 50Kg) 55 Bags (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၃၆၀ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၂၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၇၅ စီး၊ သွင်းကုန် ၉၈၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၈ စီး၊ သွင်းကုန် ၁၄၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၂၄၀ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၃၆၀ သန်းခန့်) စုစုပေါင်းတားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၆၀၀ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**သထုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၆ ရက်က လှည့်ကင်းဆောင်ရွက်စဉ် မသင်္ကာဖွယ်လူနှစ်ဦးကို စစ်ဆေးရာ ဖုန်း ၁၀ လုံး ခိုးမှုနှင့် စက်ဘီးခုနစ်စီး ခိုးမှုများပေါ်ပေါက်စဉ်။**

လှိုင်ထွန်းအောင်

# ရွှေယုန်နဲ့ရွှေကျားဘယ်ဆီသွား

ဆူးငှက်

**လူလေးရယ်ငို**
**နို့ဖမ်းလို့ပေး၊**
**နို့ဖြူနို့ပြာနက်ရယ်**
**ဖမ်းခက်လှလေး။**

## သားချော့တေး

ငယ်စဉ်ကလေးဘဝ အမေ့ရင်ခွင်ကြား နို့ချိုသောက်စို့လို့ဖြစ်စေ၊ ပုခက်ထဲမှာထည့်အိပ် လွှဲသိပ်ခံရ စဉ်ကဖြစ်စေ မိခင်ရဲ့ ချိုချိုအေးအေးအသံလေးနဲ့ ကလေးချော့တေးတွေ ကြားခဲ့ရသူချည်းပါပဲ။ ဒီနေရာမှာ ခွြင်းချက်တစ်ခုတော့ရှိတာပေါ့။ မြန်မာလူမျိုးတွေ ကိုယ်နိုက်မှာ ကိုပဲဒီကနေ့ အသက် ၂၀ ကျော်ဝန်းကျင် မြို့နေမြန်မာလူငယ်တွေ ငယ်စဉ်က သူတို့ကို ဒီလိုသားချော့တေးတွေနဲ့ ချော့သိပ်ခဲ့ကြတာ မိခင်တွေမဟုတ်ဘဲ အဘွားတွေ၊ အမေကြီးတွေပဲ အများစုဖြစ်နေကြရော့မယ်။ ဒါကလည်း ကိုယ်တွေ့နဲ့ နှိုင်းယှဉ်ပြီးပြောရတာပါ။ အခုအသက်၂၀ကျော် ၂၅ ဝန်းကျင်ရှိတဲ့ ကျွန်တော်တို့ရဲ့ ကလေးတွေကို ငယ်ငယ်က ချော့သိပ်တဲ့အခါ သူတို့အမေတွေဟာ ကိုရွှေဗျိုင်းတွေ၊ ကြောင်အိုပေမွေးတွေ၊ ခိုဖြူခိုပြာနက်တွေ မဆိုတတ်တော့ပါဘူး။ သူတို့ စိတ်လိုလက်ရရှိရင် သူတို့သားသမီးတွေကို ချော့သိပ်ရင်း မေဆွိသီချင်းတို့၊ ဖြူသို့သီချင်းတို့၊ အယ်လ်ခွန်းရီသီချင်းတွေကိုပဲ ဟိုနားတစ်စ၊ သည်နားတစ်စသီဆို ကလေးချော့ကြတော့မှာပေါ့။

## ဝေးစမ်းပါစေ မိုင်ပေါင်းကုဋေ

ကလေးက ဝက်သက်လို၊ ကျောက်ဖြူလိုအနာတွေပေါက်တော့ မအိပ်နိုင်ဘဲ တဂျီဂျီဖြစ်နေတော့ ပုခက်ထဲထည့်သိပ်ပြီး

ကြက်အဆီပြန် . . . ဝက်အသားနီလန် . . . မအီအောင် ချဉ်ပေါင်ခံ . . . . ဆိုလို့တစ်မျိုး . . .၊

ဝေးစမ်းပါစေ . . . မိုင်ပေါင်းကုဋေ . . . . ညည်းလို့တစ်မျိုး. . .၊

စင်ဒရဲလား . . . ဟူး. . . ဟူး. . . ဟူး. . . ဟူး. . . . လို့ ဟစ်လို့တစ်မျိုးကလေးချော့သိပ်တာပဲ ကြားဖူးတယ်။ ကလေးက ဝက်အသားနီလန်တွေ၊ မိုင်ပေါင်းကုဋေတွေ၊ စင်ဒရဲလားတွေ စိတ်ဝင်စားပုံမပေါ်ပါဘူး။ အငိုမတိတ်ရှာဘူး။ ထွန့်ထွန့်လူးထပ်ငိုတော့မှ အဘွားလုပ်သူက မနေသာတော့ဘဲ ကလေးကို ပုခက်ထဲကပွေ့ချီ၊ ရင်ခွင်ထဲအပ်၊ ပွေ့ပိုက်ထားပြီး. . .

**လူကလေးတဲ့ ချော့စရာ**
**မိတ္ထီလာကန်တော်အောက်က**
**ဖားကောက်ခဲ့ပါ။**
**ဖားပါရင်တစ်ကောင်ပေးပါ့၊**
**မျက်လုံးရယ် ကြောင်တောင်တောင်နဲ့**
**ဖားကောင်ကသေး ....**

ဆိုပြီး နှုတ်ကလည်း မိုးရွာရင် အုံးအင်၊ အုံးအင်လို့ အော်တဲ့ ဖားကြီးရေ၊ မျက်လုံးကြီး ပြူးကြည့်မနေပါနဲ့ကွယ်။ လူလေးနဲ့ လာကစားလှည့်ပါကွယ်။ ကလေးလေးနဲ့ ကစားရအောင် ဖားတစ်ကောင်လောက် ပေးပါကွယ်။ စသည်ဖြင့် အဘွားက ကလေးစိတ်ဝင်စားလောက်စရာတွေ ရှာကြံပြောတော့တာပေါ့။

**မိတ္ထီလာ၊ အိုလေ ကန်တော်အောက်ဆီက**

ရင်ခွင်ထဲ ကော့လန်နေတဲ့ ကလေးက ဖားကြီးရယ် . . . . လို့ ကြားတာနဲ့ နည်းနည်းစိတ်ဝင်စားသွားပြီ။ ဟုတ်တာပေါ့။ တစ်နေ့ မနက်ကပဲမိုးတွေရွာ၊ ရေတွေကြီးလို့ အိမ်ရှေ့လှေကားရင်းအထိ ခုန်ဆွခုန်ဆွနဲ့ ဝင်လာတဲ့ ဖားတွေကိုသူ့အဘိုးပြလို့ မြင်ဖူးနေတာကိုး။ မျက်လုံးပြူးပြူး၊ ခုန်ဆွခုန်ဆွနဲ့ ရယ်စရာကောင်းလိုက်တာ။ အခု. . . အဲဒီဖားတစ်ကောင်လာပြီတဲ့။ ကြည့်ချင်လိုက်တာ။ ဟော. . . အဘွားကသီချင်းကိုထပ်ဆိုပြန်သေးတယ်။

**လူကလေးတဲ့ ချော့စရာ ... ချော့စရာ ...**
**စိတ်ကြည်စရာ ... အမှန်နော်ရောက်မည်ပ ...၊**
**မိတ္ထီလာ ... အိုလေ ... ကန်တော်အောက်ဆီက**
**ဖားလေး ... လေး ...၊ တစ်ကောင်ပါရင်နော်ရှင်...**

**ဟောဒီက ... လူလေးဖို့ ကောက်လှည့်ပါ...**
**ပေးလှည့်ပါတဲ့...။ ညှင်းညှင်းနွဲ့နွဲ့**
**သွယ့်သွယ့်အေးအေး နှုတ်ကဆိုညည်းတယ်။**

ဒီတော့ ရင်ခွင်ထဲ ယုယုယယ ပွေ့ပိုက်ခံထားရတဲ့ ကလေးကအငိုရပ်ပြီး ဘွားဘွား . . .၊ ဘွားဘွား. . . ဖားကြီးက တကယ်လာမှာလားဟင်. . . . တဲ့. . ။ ဒီတော့ အဘွားက သူ့စကားအောင်နိုင်ပြီဆိုတော့ ပြုံးပြုံးရွှင်ရွှင်အမူအရာနဲ့ တကယ်လာမှာပေါ့ကွယ်. . .၊ လူလေးနဲ့ ဖားကြီးကလာကစားမှာတဲ့လို့ အမြန်ပြန်ပြောတာပေါ့။

## ကျန်စစ်သားအကြောင်း၊ ဗန္ဓုလအကြောင်း

အငိုတိတ်ပေမယ့် အရှိုက်မရပ်သေးတဲ့ မြေးငယ်က တစ်ချက်ရှိုက်လိုက်ရင်း လက်ညှိုးလေးကို နှုတ်ခမ်းလေးနဲ့စုပ်ပြီး ဖားကြီးက ဘယ်ကလာမှာလဲလို့၊ အဟင့်၊




အခုရောက်ပြီလားဘွားဘွားတဲ့ ပြန်မေးတယ်။ အဘွားက တကျွတ်ကျွတ်နဲ့ စုတ်သပ်ရင်း ကလေးကပုခက်ထဲမှာ အိပ်နေရင်းစောင့်ပေါ့လို့ ပြောတယ်။ ကလေးက ဟင်. . . အခုမလာသေးဘူးပေါ့၊ ဟုတ်လားဘွားဘွား။ မိတ္ထီလာဆိုတာ ဘုရားကြီးနားမှာလားဟင်လို့ ပြန်မေးတယ်။ အဘွားကပြုံးပြီး လူလေးက ဖေဖေမေမေတို့နဲ့ သွားဖူးတဲ့ ဘုရားကြီးထက် မိတ္ထီလာက ပိုဝေးတယ်ကွယ့်။ ဘတ်စ်ကားကြီးနဲ့သွားရတာ။ ဘုရားကြီးကို လူလေးက စက်ဘီးနဲ့ပဲသွားတာမဟုတ်လား။ ဘုရားကြီးမှာလိပ်တွေ၊ ငါးတွေရှိတဲ့ ရေကန်ကြီးကို လူလေးတွေ့ခဲ့မှာပေါ့။ မိတ္ထီလာမှာလည်း အဲ့ဒီထက်ကြီးတဲ့ ရေကန်ကြီးရှိတာကွယ့်။ ရေကန်ကြီးထဲမှာ ဖားတွေအများကြီးရှိတယ်လို့ ကလေးကိုရှင်းပြတယ်။ ကလေးက မျက်နှာလေးကြည်လာပြီး ပြုံးလို့ရယ်လို့။

ဒီတစ်ခါ. . ဘွားဘွားနဲ့ မိတ္ထီလာသွားမယ်။ ဘွားဘွားက ဖားတွေအများကြီး ဖမ်းပေးမှာလား ဆိုတာမျိုးဖြစ်သွားပါပြီ။ နောက်တော့ ကလေးက သူ့အဘွားကို ဖားကြီးအကြောင်း ပြောပါဦးလို့ ပူဆာပြီး အဘွားကလည်း ဖားကြီးအကြောင်းသာမက ဗျိုင်းအကြောင်း၊ ကြောင်အိုပေမွေးအကြောင်း၊ ရွှေယုန်နဲ့ ရွှေကျားအကြောင်း၊ မထွေးလေးနဲ့ လင်းမြွေကြီးအကြောင်း၊ ပန်းပဲမောင်တင့်တယ်အကြောင်း၊ ကျန်စစ်သားအကြောင်း၊ ဗန္ဓုလအကြောင်းစတာတွေအထိ အချိန်ရတိုင်း မြေးအဘွားနှစ်ယောက် ပြောဖြစ်ကြတော့တာပါပဲ။

## ကြီးနိုင်ငယ်ညှဉ်းစိတ်ဓာတ်တွေ မဖြစ်ရအောင်

ဟုတ်တာပေါ့. . ၊ ဘွားဘွားတို့ကဖိုးစိန်တို့၊ ရွှေကျီးညိုတို့၊ ပဲခူးမြတို့၊ ရွှေမန်းတင်မောင်တို့၊ ကက်နက်စိန်တို့နဲ့ ကြီးပြင်းခဲ့တော့ ဇာတ်ထုပ်ဇာတ်လမ်းနဲ့ အိုင်ကျင်းဖွဲ့ပြီး ပြောနိုင်တယ်။ ကိုယ့်မြေးလေးဆိုတော့ ကြောက်စရာတွေမပါအောင်၊ လန့်စရာတွေမပါအောင်၊ ငယ်ငယ်ရွယ်ရွယ်နဲ့ နားမလည်တဲ့ အကြောင်းအရာ စကားလုံးတွေ မပါအောင်၊ စိတ်ပျက် အားငယ်စရာတွေ၊ သတ္တိကြောင်စရာတွေ၊ တစ်ကိုယ်ကောင်းဆန် ဗိုလ်ကျတာတွေ၊ ကြီးနိုင်ငယ်ညှဉ်းစိတ်ဓာတ်တွေ မဖြစ်ရအောင်။ နူးညံ့သိမ်မွေ့ပြီး အချင်းချင်း ကူညီရိုင်းပင်းစေမှာတွေ၊ လူကြီးမိဘ ဆရာသမားတွေကို ချစ်ခင်ရိုသေလေးစားမှာတွေ၊ စိတ်ဆိုးကောက်ကျစ် ယုတ်မာပက်စက်တဲ့ စိတ်ထားမျိုး မထားမိအောင် ဆင်ခြင်စရာတွေကိုပဲ ရှာကြံပြောတာပေါ့။ ကိုယ့်မြေးလေးကိုး။ သားအချစ်၊ မြေးအနှစ်လေးကိုး။

## အပစ်အခတ်၊ အထစ်အဖြတ်၊ အညှစ်အသတ်နဲ့

ဟော ကျွန်တော်တို့ သားလူလေးရဲ့ ဖခင်ဖြစ်တဲ့ ကျွန်တော်တို့ သူ့မိခင်တို့ ကြီးပြင်းခဲ့ရတာက ဆရာမောင်စွမ်းရည်စကားကို ငှားသုံးရရင် အပစ်အခတ်၊ အထစ်အဖြတ်၊ အညှစ်အသတ်နဲ့ အညစ်အပတ် ဇာတ်အိမ်ဇာတ်လမ်းတွေနဲ့ကိုး။ မျက်စိမမြင်တဲ့ ဂျပန်ဓားခုတ်သူရဲကောင်းမလို၊ လက်တစ်ဖက်ပြတ် တရုတ်ဓားသမားသူရဲကောင်းလို၊ မိန်းမတွေအများကြီးနဲ့ ပွေရှုပ်ပြီး မကောင်းသူပယ် ကောင်းသူကယ်တဲ့ လက်နက်စကြာများရှင် ဇီးရိုးဇီးရိုးဆဲဗင်း ဂျိမ်းစ်ဘွန်းသူရဲကောင်းလို ဇာတ်လမ်းတွေပဲ မျက်စိရည်ဝ၊ နားရည်ဝနေတော့ ကလေးရဲ့အဘွားလို ချစ်စရာ တိရစ္ဆာန်လေးတွေနဲ့ လူယဉ်ကျေး လူလိမ္မာလေးတွေနဲ့ ဇာတ်အိမ်ဇာတ်လမ်းလေးတွေဆင်ပြီး တစ်နေ့တစ်မျိုးမရိုးရအောင် ဖွဲ့ကာနွဲ့ကာလည်းမပြောတတ်ပါဘူး။ ပြောရင်လည်း ဓားခုတ်တာ၊ လက်သီးထိုးတာ၊ သေနတ်ပစ်တာ၊ မြားပွေတာ၊ တိုက်ကြခိုက်ကြတာစတဲ့ ဇာတ်လမ်းပုံပြင်တွေပဲ ဖြစ်မှာပါ။ ပုံပြင်ပြောဖို့အနေသာ မိုးလင်းကမိုးချုပ် ပခုံးပေါ်မှာလည်း အထပ်ထပ်သော တာဝန်ထမ်းပိုးတွေကြောင့် အချိန်ပြည့် စိတ်တို၊ စိတ်အလိုမကျ ဖြစ်နေတာမို့ ကလေးချော့ဖို့အနေသာ ရိုက်ပစ်လိုက်ရမလား၊ သတ်ပစ်လိုက်ရမလားဆိုပြီး ကလေးအပေါ် ဒေါသပုံချနေခဲ့မိကြတာကလား။

## မွေ့ခံထိုက်စေ ဖြစ်ပါရဲ့လား

ဒီတော့ မြန်မာတို့ရဲ့ မိရိုးဖလာ အစဉ်အလာအတိုင်း သားချော့တေးတွေနဲ့ ချော့သိပ်ပြီး ကလေးတွေကိုစိတ်နှလုံးကောင်းနှင့် လူတော်လူကောင်းလေးတွေဖြစ်ဖို့ ဖွယ်ဖွယ်ရာရာပုံပြင်လေးတွေ ကြံဆပြောပြပြီး အိပ်ရာဝင်စေတဲ့ အလေ့အကျင့်ကောင်းဟာ ကျွန်တော်တို့ (ဒီကအသက် ၅၀ ကျော် အရွယ်ပင်ရှိနေကြပြီဖြစ်တဲ့) မျိုးဆက်ကစပြီး ပျက်ခဲ့ပုံရခဲ့ပါပြီ။ သေချာပါတယ်။

ဟော. . အခု၊ သူ့အဘွားရဲ့ ပုံပြင်လေးတွေ၊ သားချော့တေးလေးတွေနဲ့ ကြီးပြင်းခဲ့ရတဲ့ ကျွန်တော့ သားသမီးတွေလက်ထက်မှာရောအဘွားအမွေ၊ အဘိုးအမွေများဆက်လက် မွေ့ခံထိုက်စေ ဖြစ်ပါရဲ့လား။ ဒါကတော့ အထင်းသားအရှင်းသားအမြင်သာကြီးမို့ မပြောလိုတော့ပါဘူး။ သူတို့သားသမီး (ကျွန်တော်တို့မြေးများ) ကြီးပြင်းလာတာက ကွန်ပျူတာဂိမ်းတွေလေ။ ဖန်သားပြင်နဲ့ ရွေ့လျားမှုထိန်းချုပ်ရေး ခလုတ်တွေရဲ့စေခိုင်းမှုက ပေါ်ပေါက်လာတဲ့ ပုံရိပ်တွေလေ။ အကြောင်းအရာကလည်းစုံ၊ အရောင်ကလည်းစုံ၊ အသံကလည်းစုံ၊ အံ့သြစရာ ထူးဆန်းထွေလာ အဆန်းတကြယ်။ လက်နက်ကယ်အစုံအညီနဲ့ ပစ်ကြခတ်ကြ၊ တိုက်ကြခိုက်ကြ။ အဖေနဲ့ အမေနဲ့၊ အဘိုးနဲ့ အဘွားနဲ့ တိုက်ရိုက်ထိတွေ့စရာမလို၊ ရင်ခွင်ထဲပိုက်ရင်ငွေ့ပေး၊ မေတ္တာဓာတ် လွှမ်းခြုံပြီးကလေးရဲ့ မျက်နှာအမူအရာနဲ့ စိတ်ခံစားမှုကို အကဲခတ်ပြီး ချက်ချင်းဇာတ်လမ်းဆင်၊ ကလေးစိတ်ပြောင်းအောင် ဆွဲဆောင်နိုင်မယ့် ပုံပြင်တွေလည်း မရှိတော့။

## အခြေခံအကျဆုံး သင်ရိုးညွှန်းတမ်း

ဒီတော့ ဘာဖြစ်သလဲ။ သတ္တဝါထဲမှာ နှလုံးသားခံစားချက်ကြောင့် အဆင့်မြင့်ဆုံး လူသတ္တဝါဖြစ်ရတဲ့ ကျွန်တော်တို့ရဲ့ သားငယ်သမီးငယ် ကလေးငယ်တွေရဲ့ နူးနူးညံ့ညံ့ နှလုံးသားတွေမှာ မေတ္တာငတ်ပြီး စက်ပစ္စည်းကိရိယာက အချင့်ချိန်မရှိ ရိုက်သွင်းပေးလိုက်တဲ့ သံမဏိအတ္တစိတ်တွေကြောင့် မာကျောရိုင်းပျသွားကြတာ မျက်မြင်ကိုယ်တွေ့ပဲ မဟုတ်ပါလား။ အတိုးတက်လွန်လွန်းတဲ့ လူ့အဖွဲ့အစည်းကြီးတွေက အငမ်းမရတောင်းဆိုနေကြပါပြီ။ လူသားချင်းစာနာထောက်ထားမှုတဲ့။ E.Q တဲ့။ ဟုတ်ပါတယ်။ ကျွန်တော်တို့ဆီမှာ ဒီလို စိတ်ဓာတ်ခံစားမှုကို မွေးကတည်းက ကျွန်တော်တို့ ဘိုးဘွားမိဘများက သားချော့တေးတွေ၊ ပုံပြင်တွေနဲ့ ပုံသွင်းပေးခဲ့ကြတာ လုပ်ရိုးလုပ်စဉ်ပါ။

မိဘဝတ္တရားငါးပါးမှာ အခြေခံအကျဆုံး မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ် အချက်ရဲ့ သင်ရိုးညွှန်းတမ်းဟာ ကလေးဘဝက ပုံပြင်တွေပါပဲ။

အခုကလေးတွေကြား ပုံပြင်မရှိတော့။ ပုံပြင်မရှိလျှင်ဖြင့် . . .













# နည်းရောင်း များရောင်း တောင်းပြည့်

**ကိုရင်ညြ**


ဓာတ်ပုံ- Japan Auction Agency

ဂျပန်နိုင်ငံနှင့် ဥရောပသမဂ္ဂ (အီးယူ)တို့ လွတ်လပ်စွာ ကုန်သွယ်ကြရန် ဇူလိုင် ၁၇ ရက်တွင် သဘောတူညီ လိုက်ကြသည်ဆိုသော သတင်းမှာ ကမ္ဘာ့ ကုန်သွယ်ရေးလောကအတွင်း တစ်မုဟုတ်ချင်း ရိုက်ခတ်သွား၏။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် စီးပွားရေး မိတ်ဖက်ပြု ဆောင်ရွက်ရေး သဘောတူညီချက်ကို အနုစိတ်ခြယ်မှုန်းရေးသားပြုစုခဲ့ကြပြီးနောက် သမိုင်းတွင်ရစ်မည့် ကုန်သွယ်ရေး သဘောတူစာချုပ်ကို တစ်ပြိုင်နက် တစ်ချက်တည်း လက်မှတ်ရေးထိုးလိုက်ကြခြင်းဖြစ်၏။

လွတ်လပ်သော ကုန်သွယ်ရေးကို အလေးထားကြလျက် နိုင်ငံများအချင်းချင်း တရားမျှတသော ဝါဏိဇ္ဇဆက်ဆံရေးကို တည်ဆောက်ကြမည်ဟု မိမိတို့ သန္နိဋ္ဌာန်ပြုပါကြောင်း ဝန်ကြီးချုပ် အာဘေးက လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် မြွက်ဟခဲ့သည်။

**မခေါက်သည့်အိုးက ဒေါင်ဒေါင်မြည်**

'မခေါက်သည့်အိုးက ဒေါင်ဒေါင်မြည်' ဟူဘိသို့ပင် အမေရိကန်၏ မိတ်ဆွေလက်ပေါင်းများအဖြစ် ရပ်တည်လာခဲ့ကြသော ဂျပန်နှင့် ဥရောပသမဂ္ဂတို့ကို အပြစ်တင်ခဲ့သူက သမ္မတကြီး ဒေါ်နယ်ထရန့် မဟုတ်ပါလော။

ကုန်သွယ်ရေးကျင့်စဉ်များအရ မိမိ၏ နိုင်ငံကို ရန်သူသဖွယ် ဆက်ဆံခဲ့သည်ဟု သမ္မတထရန့်က အဖွဲ့ဝင် ၂၇ နိုင်ငံပါဝင်သော အီးယူကို တစ်ဖြုတ် တစ်ခဏအတွင်းမှာပင် ပယ်ပယ်နယ်နယ် ဝေဖန်ခဲ့ရာ အုတ်အုတ်ကျက်ကျက် ဖြစ်ခဲ့ရသေးသည်။

နှစ်ဖက်ချုပ်ဆိုသည့် ကုန်သွယ်ရေးသဘောတူညီချက်များအနက် အကြီးကျယ်ဆုံး သဘောတူညီချက်အဖြစ် ဥရောပကောင်စီ အကြီးအကဲ ဒေါ်နယ်တပ်စ်က သင်္ဂဟတရားနှင့် အညီ ထုတ်ဖော်ချီးကျူးခဲ့၏။ တန်းတူရည်တူနှိုင်းယှဉ်မှု၍ ချုပ်ဆိုသော စာချုပ်အဖြစ် ကလျာဏမိတ္တာ စိတ်ဓာတ်ကို သူဖော်ကျူး၏။

ဥရောပသမဂ္ဂဘက်မှ ကြည့်လျှင် ဂျပန်နိုင်ငံသည် တရုတ်နိုင်ငံပြီးလျှင် အင်အားအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး ယခုပင်လျှင် ရရှိသော သဘောတူစာချုပ်အရ နှစ်ဖက်ကုန်သည်ကြီးတို့မှာ တံခါးမရှိ ဓားမရှိ(ဝါ) အတားအဆီး အပိတ်အပင်မရှိ ရွှေလမ်းငွေလမ်း ဖောက်နိုင်ပေတော့မည်။ တစ်နည်းအားဖြင့် အာရှတိုက်နှင့် ဥရောပတိုက်တို့အကြား ချောမောပြေပြစ်သော ကုန်သွယ်ရေး လမ်းကြောင်း ဖောက်လုပ်ခြင်းလည်းဖြစ်သည်။

အာရှတိုက်၏ စီးပွားရေးတွင် ဒုတိယမြောက် အင်အားအကြီးဆုံးနိုင်ငံအဖြစ် ရပ်တည်နေသော ဂျပန်နိုင်ငံနှင့် ကုန်သွယ်ရေးဆက်ဆံရာတွင် သွင်းကုန်ခွန် (ဝါ) ကုန်သွယ်စည်းကြပ်ခွန် အစုအဝေးကို ရှင်းလင်းဖယ်ရှားခြင်းဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်နေရာများ ဖန်တီးပေးနိုင်မှုတည်းဟူသော ရလဒ်ကောင်းများ ဖြစ်ပေါ်လာမည်ကား မလွဲဧကန် ဖြစ်ပေလိမ့်မည်။

**အရေးကြီးတော့ သွေးနီး**

'အရေးကြီးတော့ သွေးနီးကြပြီ' ဟူဘိသို့ပင် ဂျပန်နှင့် အီးယူတို့မှာ ချိန်ခါသင့်ပေါင်းစည်းလုပ်ရှားမှုအဖြစ် ကျွန်ုပ်ရှုမြင်မိ၏။ သံမဏိနှင့် အလျူမီနီယမ် ထုတ်ကုန်များအပေါ် ကုန်သွယ်စည်းကြပ်ခွန်များ အလုံးအရင်းဖြင့် ကောက်ယူမှုကို ယခုနှစ်အစောပိုင်းမှာပင် အမေရိကန်က ပြုလုပ်ခဲ့ရာ ဂျပန်ရော၊ ဥရောပပါ ကုန်သွယ်ရေးအရ အယက်အကန် ခံရပုံမျိုး ရှိနေခဲ့ကြရ၏။

ဂျပန်နှင့် အီးယူအကြား ကုန်သွယ်မှုကို ငဲ့စောင်းကြည့်လေသော် ကုန်စည်တင်ပို့မှုအရ ဂျပန်က ကုန်သွယ်ရေးပိုငွေ ပြနေဆဲဖြစ်သည်။ ၂၀၁၇ ခုနှစ် အခြေပြုစာရင်းတွင် ကုန်စည်ကုန်သွယ်မှုအရ ဂျပန်က ယူရို ၈ ဒသမ ၄ ဘီလီယံ ပိုငွေပြနေသည်။ ဝန်ဆောင်မှု ကုန်သွယ်မှုအရ ဥရောပသမဂ္ဂဘက်မှ အလုံးအရင်းဖြင့် ပိုငွေပြနေသည်။ အီးယူ၏ ဝန်ဆောင်မှုအရ ကုန်သွယ်မှုတွင် ယူရို ၁၃ ဘီလီယံအထိရှိခဲ့သည်ဟု ကျွန်ုပ်လေ့လာတွေ့ရှိရလေသည်။

ဇူလိုင် ၁၇ ရက်တွင် ပေါ်ထွက်လာခဲ့သော ကုန်သွယ်ရေး သဘောတူညီချက်အရ ဥရောပသမဂ္ဂသည် ဂျပန်ကုန်ပစ္စည်းများအပေါ် ကုန်သွယ်စည်းကြပ်ခွန် ၉၉ ရာခိုင်နှုန်းအထိ ဖျက်သိမ်းပေးမည်ဖြစ်သည်။ အလားတူပင် ဂျပန်နိုင်ငံကလည်း ဥရောပမှ တင်သွင်းသော ကုန်ပစ္စည်းများအပေါ် ကုန်သွယ်စည်းကြပ်ခွန် ၉၄ ရာခိုင်နှုန်းအထိ ဖယ်ရှားပေးရန် ရှိလေသည်။

**မာရသွန် ဆွေးနွေးပွဲများ**

ဂျပန်နှင့် ဥရောပသမဂ္ဂတို့၏ ကုန်သွယ်ရေးသဘောတူညီချက်မှာ ယခုတွင်မှ စွေ့ခနဲ ပေါ်ထွက်လာသည် မဟုတ်မူ၍ ကာလရှည်ကြာ ဆွေးနွေးခဲ့ပြီးခါမှ ရရှိလာသော မိတ်ဖက်ပြုဆောင်ရွက်ရေး စာချုပ်တစ်ခုဖြစ်သည်။

လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်အတွက် ဆွေးနွေးခဲ့ကြသည်မှာ ငါးနှစ်ငါးမိုးမျှ ကြာမြင့်ခဲ့သည်။ ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် ကုန်သွယ်ရေး သဘောတူညီချက်အတွက် အခြေခံမှုများကို အပြီးသတ်ရေးဆွဲနိုင်ခဲ့ကြသည်။

ဂျပန်-အီးယူ ကုန်သွယ်ရေး သဘောတူညီချက်သည် ဂျပန်ဝန်ကြီးချုပ်အတွက် သမိုင်းမှတ်တိုင်သစ်တစ်ရပ်ကို စိုက်ထူနိုင်ခြင်းဖြစ်သည့်အပြင် သူ၏ 'အာဘေးနိုမစ်' မူဝါဒများနှင့်အညီ ဖြည့်ဆည်း ဆောင်ရွက်ခြင်းအဖြစ်လည်း ပြောစမှတ်ပြုကြသည်။ 'အာဘေးနိုမစ်' ဟူသည် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ အထွေထွေရွေးကောက်ပွဲကာလမှ အစပြု၍ ရှင်ဇိုဘာဘေးက လက်ကိုင်ပြုကာ ကြွေးကြော်လာခဲ့သော စီးပွားရေးမူဝါဒ လမ်းညွှန်ချက်များဖြစ်ပြီး ယင်းရွေးကောက်ပွဲသည် သူ့အား ပထမဆုံးအကြိမ် အာဏာရရှိမှုကို ဖြစ်ပေါ်စေခဲ့သော သမိုင်းဝင် ရွေးကောက်ပွဲလည်း ဖြစ်ချေသည်။

ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒနှင့် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ ပြုပြင်ပြောင်းလဲရေး မူဝါဒတည်းဟူသော စီးပွားရေး လက်စွဲလမ်းညွှန်ချက်မူဘောင်များသည် သူ၏ လက်သုံးတော် မြားသုံးစင်းအဖြစ် တင်စားခေါ်ဝေါ်ခြင်းခံရပေသည်။

ဂျပန်နှင့် ဥရောပသမဂ္ဂတို့သည်ကား ကမ္ဘာပေါ်ရှိ ပွင့်လင်းသော စီးပွားရေးဇရိယာများအနက် အကြီးဆုံးသော ဇရိယာကို ကိုယ်စားပြု၏။ ရှိနှင့်ပြီး နိုင်ငံတကာ ကုန်သွယ်ရေး သဘောတူညီချက်များကို ပေယျာလကန်ပြုသော သမ္မတ ထရန့်၏ လုပ်ဆောင်ချက်ကြောင့် ပေါ်ပေါက်လာရသည့် 'ကုန်သွယ်ရေး လေဟာနယ်' အတွင်းသို့ ဂျပန်နှင့် အီးယူတို့က အပီအပြင် ဝင်ရောက်လာခြင်းအဖြစ်လည်း နိမိတ်ပုံဖော်နိုင်၏။

**အထိနာချက်**

ပစိဖိတ်သမုဒ္ဒရာ နှုတ်ခမ်းသတ်နိုင်ငံများ၏ စီးပွားရေး မိတ်ဖက်ပြု သဘောတူစာချုပ်မှ (တီပီပီ) အမေရိကန်နုတ်ထွက်ခဲ့ခြင်းသည် အာဘေးအတွက် ကြီးစွာ အထိနာချက်ဖြစ်ခဲ့ရသည်။

သို့ဖြစ်လင့်ကစား ဥရောပသမဂ္ဂနှင့် ရရှိလိုက်သော ကုန်သွယ်ရေး သဘောတူညီချက်သစ်မှာ အာဘေးအတွက် သူ၏ စီးပွားရေး ပြုပြင်ပြောင်းလဲရေး မျှော်လင့်ချက်အတွက် အားတက်စရာဖြစ်ရပြန်၏။

အာဘေး၏ သမိုင်းဝင် ဆောင်ရွက်ချက်အဖြစ် ဂျပန်ကုမ္ပဏီများသည် ဥရောပတစ်ခွင်တွင် တောင်ကိုရီးယားကုမ္ပဏီများနှင့် တန်းတူရည်တူ ရပ်တည်လာနိုင်ပေလိမ့်မည်။ တောင်ကိုရီးယားနိုင်ငံသည် ဥရောပသမဂ္ဂနှင့် ၂၀၁၅ ခုနှစ်ကတည်းကပင်လျှင် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်ကို ရရှိခဲ့ပြီးလျှင် ယင်းသဘောတူညီချက်၏ အသီးအပွင့်များကို ဆွတ်ခူးစားသုံးနေချိန်ဖြစ်ပေရာ နောက်ကျကျန်နေခဲ့သော ဂျပန်ကုမ္ပဏီများက ကိုရီးယားကုမ္ပဏီများကို မကြာမီ အမီလိုက်လာနိုင်တော့အံ့ဟု ကျွန်ုပ်တွေးဆမိလေသည်။

အဖွဲ့ဝင် ၁၂ နိုင်ငံပါဝင်သော တီပီပီမှ အမေရိကန် နုတ်ထွက်သွားပြီးနောက် 'တစ်ခုလပ်' တီပီပီကို ဆက်လက်အသက်သွင်းနိုင်ရန် ဝန်ကြီးချုပ်အာဘေးက ကြိုးပမ်းနေပြီး အိမ်နီးချင်း တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့နှင့်လည်း နှစ်ဦးနှစ်ဖက် ကုန်သွယ်ရေး မိတ်ဖက်သဘောတူညီချက်များရရှိနိုင်ရန် လုံးပမ်းနေသည်။

ဂျပန်နှင့် အီးယူတို့တည်ဆောက်လျက်ရှိသော 'ကုန်သွယ်ရေးဇုန်' မှာ ပြည်သူသန်း ၆၀၀ ခန့် မှီတင်းနေထိုင်လျက်ရှိပြီး ကမ္ဘာ့ ဂျီဒီပီ (အသားတင် ထုတ်လုပ်မှုတန်ဖိုး) ၏ သုံးပုံတစ်ပုံကို ကိုယ်စားပြုသည့် ဒေသဖြစ် အထင်ကရ ထင်ရှားတည်ရှိနေ၏။

ဂျပန်နိုင်ငံနှင့် 'ကုန်သွယ်ရေးဇုန်' ထူထောင်နိုင်ခြင်းဖြင့် ဥရောပနိုင်ငံများတွင် အလုပ်အကိုင်နေရာ ၆၀၀,၀၀၀ အထိ ဖန်တီးဖော်ထုတ်ပေးနိုင်မည်ဟု အီးယူက ခန့်မှန်းသည်။ ထို့အပြင် ဂျပန်၏ အခြေခံအဆောက်အအုံ စီမံကိန်း လုပ်ငန်းကြီးများတွင် ဥရောပကုမ္ပဏီများ ဝင်ရောက်လာနိုင်ပြီး ဓာတုပစ္စည်းများနှင့် စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍမှ ထုတ်လုပ်သော ထွက်ကုန်များ၊ ထုတ်ကုန်များကို ဂျပန်နိုင်ငံသို့ ပိုမိုတင်ပို့ရောင်းချလာနိုင်မည်ဟု မျှော်လင့်ရသည်။

ဥရောပလုပ် ဝိုင်အရက်၊ ဒိန်ခဲ၊ ဝက်ပေါင်ခြောက်၊ မွေးမြူရေး ထုတ်ကုန်များနှင့် အခြားထုတ်ကုန်များတင်သွင်းရာတွင် ကုန်သွယ်ခွန် စည်းကြပ်မှုများ ဂျပန်ဘက်မှ အဆုံးသတ်ပေးမည်ဖြစ်ပြီး ဂျပန်လုပ် မော်တော်ကားများအပေါ် သွင်းကုန်ခွန် ကောက်ယူမှုကို အီးယူဘက်မှ ရပ်ဆိုင်းပေးရန် သဘောတူညီချက်ရရှိပြီဖြစ်ကြောင်း ဂျပန်ရှိ ဂျာမန်ကုန်သည်ကြီးများအသင်း၏ ညွှန်ကြားရေးမှူး မားကပ်ရှောမင်းက ပြောကြားသည်။ ဂျပန်လုပ် မော်တော်ယာဉ်များအပေါ် သွင်းကုန်ခွန် ကောက်ယူမှုမှာ လက်တလောတွင် ၁၀ ရာခိုင်နှုန်း သတ်မှတ်ထားရာမှ တစ်စစဖြင့် 'သုည' ရာခိုင်နှုန်းအထိ ဖျက်သိမ်းပေးသွားရန် သဘောတူထားလေသည်။

**နည်းရောင်း များရောင်း တောင်းပြည့်**

နှစ်ဦးနှစ်ဖက် မျှတမှုကိုဖြစ်စေသော ကုန်သွယ်ရေး အခြေခံမှုများကို ကိုင်စွဲကြလျက် ဝါဏိဇ္ဇအမှု ပြုကြပါလျှင် သမ္မာအာဇီဝတန်ခိုးဖြင့် စီးပွားတိုးမည်ကား သေချာလှ၏။ ရာဇူ ချိန်ခွင်လျှာသဖွယ် မျှတမှုကို ဖော်ကျူးသော ကုန်သွယ်ရေးဟူသည်ကား နှစ်ဦးနှစ်ဖက် ညှိနှိုင်းခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ တန်းတူရည်တူ လေးလေးစားစား ဆက်ဆံခြင်း၊ သာတူညီမျှမှုရှိခြင်း၊ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုအတွက် အထောက်အကူပေးခြင်း၊ ခွဲခြားဆက်ဆံမှုမရှိဘဲ ကုန်သွယ်၊ လယ်လုပ်၊ အလုပ်သမားများအားလုံးမကျန် ပါဝင်ခွင့်ရှိခြင်း၊ နိုင်ငံတကာ ကုန်သွယ်ရေး၏ အစဉ်အလာကောင်းများနှင့် ကျင့်စဉ်ကောင်း (ဝါ) ကျင့်ဝတ်ကောင်းများရှိခြင်း၊ ကမ္ဘာ့ကုန်သွယ်ရေးဆိုင်ရာ ဥပဒေမူဘောင်များနှင့် ကိုက်ညီခြင်းတို့နှင့် ပြည့်စုံကာ နိုင်ငံကြီးငယ်မရွေး တစ်တပ်တစ်အား ပါဝင်ခွင့်ရှိသည်ဟု တွေးတောမိရင်း "နည်းရောင်း များရောင်း တောင်းပြည့်" ဟု ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။

*Ref:*
*Largest Bilateral Free Trade Agreement: Japan, EU Conclude Bilateral Economic Partnership Agreement (The Diplomat)*

## ကြည့်ရှုသူ သန်း ၂၀၀ ပြည့်ကာ စံချိန်သစ်တင်ခဲ့ပြန်တဲ့ DDU-DU DDU-DU



တောင်ကိုရီးယားရဲ့ အောင်မြင်တဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BLACK PINK" ဟာ တေးအယ်လ်ဘမ်သစ် စတင်ထုတ်လွှင့်ချိန်မှစတင်ကာ မှတ်တိုင်တိုင်းမှာ စံချိန်သစ်တွေ တင်လာခဲ့တာဖြစ်ပါတယ်။ လတ်တလောမှာလည်း တေးအယ်လ်ဘမ်သစ် "SQUARE UP "မှာ ပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "DDU-DU DDU-DU"ရဲ့ တေးဗီဒီယိုဟာ စတင်ထုတ်လွှင့်ခဲ့သည်မှ လက်ရှိအချိန်အထိ ကြည့်ရှုသူ သန်း ၂၀၀ ပြည့်ခဲ့ပြီဖြစ်ပါတယ်။ ဒီလိုပြည့်မြောက်ခဲ့ရာမှာလည်း အချိန်အတိုဆုံးနဲ့ ပြည့်ခဲ့တဲ့ တေးဗီဒီယိုဖြစ်လာခဲ့ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

"DDU-DU DDU-DU"ဟာ ယူကျူပေါ်မှာ စတင်ထုတ်လွှင့်ခဲ့သည်မှ ၃၃ ရက်အကြာမှာပင် ယခုလို မှတ်တိုင်သစ် စိုက်ထူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒီအကြောင်းကိုတော့ အဖွဲ့ရဲ့ အေဂျင်စီဘက်က တရားဝင်ထုတ်ဖော်ပြောကြားလာတာ ဖြစ်ပါတယ်။

ယခင်က ဒီစံချိန်ကို အမျိုးသားတေးဂီတအဖွဲ့ "BTS"က အဖွဲ့ရဲ့ အောင်မြင်ခဲ့တဲ့ တေးသီချင်း "Fake Love"နဲ့ ၄၄ ရက်အတွင်း စံချိန်တင်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် လတ်တလောမှာတော့ "BLACK PINK"ရဲ့ "DDU-DU DDU-DU"က ၃၃ ရက်နဲ့ စံချိန်သစ်တင်နိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

"DDU-DU DDU-DU"တေးဗီဒီယိုဟာ စတင်ထုတ်လွှင့်ခဲ့တဲ့ ၂၄ နာရီအတွင်းမှာလည်း တောင်ကိုရီးယားနိုင်ငံမှာ ကြည့်ရှုသူအများဆုံးတေးဗီဒီယိုအဖြစ် စံချိန်တင်နိုင်ခဲ့ပါတယ်။ ကမ္ဘာတစ်ဝန်းမှာတော့ ခုနစ်ခုမြောက် ကြည့်ရှုသူအများဆုံးဗီဒီယိုဖြစ်ခဲ့ပြီး ကမ္ဘာ့တေးဂီတဇယားမှာတော့ ဒုတိယမြောက် ပရိသတ်အများဆုံးတေးဗီဒီယိုဖြစ်လာခဲ့ပါတယ်။ ဒ့ါအပြင် မှတ်တိုင်တိုင်းမှာလည်း စံချိန်သစ်တွေ ချိုးနိုင်ခဲ့တာကိုလည်း တွေ့ရပါတယ်။ အဖွဲ့ဝင်တွေဟာ တေးအယ်လ်ဘမ်သစ်ရဲ့အောင်မြင်မှုနဲ့အတူ အမေရိကန်မှာပါ တေးဂီတလှုပ်ရှားမှုတွေကို လုပ်ဆောင်သွားဖို့ရာ စီစဉ်ထားတာဖြစ်တယ်လို့လည်း သိရပါတယ်။

## ရက်ပ်တေးသံရှင် အော့ဖ်စက် ဂျော်ဂျီယာ၌ ဖမ်းဆီးခံရ



ကမ္ဘာကျော်ရက်ပ်တေးသံရှင်တစ်ဦးဖြစ်တဲ့ အော့ဖ်စက်ဟာ လတ်တလောမှာတော့ တရားမဝင်လက်နက်ကိုင်ဆောင်မှုနဲ့ ဂျော်ဂျီယာပြည်နယ်မှာ အဖမ်းခံလိုက်ရတာဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။ ပြီးခဲ့တဲ့ သောကြာနေ့မှာတော့ ယခင်အမှုတွေကြောင့် စောင့်ကြည့်ကာလအဖြစ် သတ်မှတ်ခံထားရချိန်မှာပင် တေးသံရှင်ဟာ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရတာဖြစ်တယ်လို့လည်း သိရပါတယ်။

အတ္တလန္တာမှာ ကားမောင်းလာစဉ် အော့ဖ်စက်မောင်းနှင်လာတဲ့ကားမှာ မှန်တွေကို ဆေးရောင်ပါးပါးသုတ်ထားကာ မှန်ချမောင်းနှင်လာခဲ့တာကြောင့် တာဝန်ရှိသူတွေက ရပ်တန့်စစ်ဆေးခဲ့တာဖြစ်ပါတယ်။ ကားပေါ်မှာ ရှာဖွေမှုတွေပြုခဲ့ရာမှာတော့ ယခုလို တရားမဝင်လက်နက်တင်ဆောင်လာတာကို တွေ့ခဲ့ရတာဖြစ်တယ်လို့ သိရပါတယ်။ အော့ဖ်စက်ဟာ ယခင်ကလည်း တရားမဝင်လက်နက်ကိုင်ဆောင်မှု၊ မူးယစ်ဆေးပြဿနာတွေကြောင့် တရားရင်ဆိုင်ခဲ့ရဖူးပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွင်းမှာလည်း အချုပ်တစ်ရက် ကျခံခဲ့ဖူးသူပါ။ လက်ရှိမှာ စောင့်ကြည့်ကာလ သတ်မှတ်ခံထားရချိန်မှာ ယခုလို ဖမ်းဆီးခံခဲ့ရတာဖြစ်ပါတယ်။ လက်ရှိအချိန်အထိ ရက်ပ်တေးသံရှင်ဘက်က တရားဝင်ထုတ်ဖော်ပြောကြားလာခြင်း မရှိသေးပါဘူး။

## အမေရိကန်ဒေါ်လာ တစ်သန်းကျော် လှူဒါန်းခဲ့တဲ့ ဟယ်ရီစတိုင်



ပေ့ါပ်ကြယ်ပွင့် ဟယ်ရီစတိုင်ဟာ ဗြိတိန်ရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "One Direction"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး အဖွဲ့လိုက်လှုပ်ရှားမှုတွေ ရပ်နားခဲ့ချိန်ကစလို့ တစ်ကိုယ်တော် တေးသံရှင်တစ်ဦးအဖြစ် ရပ်တည်လှုပ်ရှားခဲ့တာဖြစ်ပါတယ်။ သူ့ရဲ့ ပထမဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ်ကို ထုတ်လွှင့်ခဲ့ချိန်မှာလည်း ပရိသတ်တွေရဲ့ အားပေးမှုကို ရရှိခဲ့ပါတယ်။ ဒီတေးအယ်လ်ဘမ်အတွက် နယ်လှည့်ဖျော်ဖြေပွဲတွေကို ကမ္ဘာတစ်ဝန်းပြုလုပ်ခဲ့ရာ မကြာသေးမီက ပြီးဆုံးခဲ့တာဖြစ်ပါတယ်။ ဒီဖျော်ဖြေရေးခရီးစဉ်တစ်လျှောက်မှာလည်း ပရိသတ်တွေရဲ့ အားပေးမှုကြောင့် ဝင်ငွေများစွာရရှိခဲ့ကာ အဲဒီထဲက ငွေအချို့ကို လှူဒါန်းမှုတွေ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ ဖျော်ဖြေပွဲတစ်လျှောက် စုစုပေါင်း အမေရိကန်ဒေါ်လာ တစ်သန်းကျော် လှူဒါန်းခဲ့တာဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အသက် ၂၄ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ပေ့ါပ်ကြယ်ပွင့်ဟာ သူ့ရဲ့ ပထမဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ် "Sign of the Time"အတွက် နယ်လှည့်ဖျော်ဖြေပွဲတွေကို ၁၀ လကြာ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် စက်တင်ဘာလအတွင်း စတင်ခဲ့တဲ့ ဖျော်ဖြေပွဲရဲ့ အဆုံးသတ်အဖြစ် ပြီးခဲ့တဲ့ သီတင်းပတ်အကုန်မှာ ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အန်ဂျလိစ်မှာ ဖျော်ဖြေခဲ့တာပါ။ ဒီနယ်လှည့်ဖျော်ဖြေပွဲခရီးစဉ်တစ်လျှောက်လုံးမှာတော့ နေရာ ၈၉ နေရာမှာ ဖျော်ဖြေခဲ့တာဖြစ်ပြီး သူဖျော်ဖြေပွဲပြုလုပ်ခဲ့ရာနေရာတွေမှာ စုစုပေါင်း လှူဒါန်းမှု ၆၂ ကြိမ် ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ လှူဒါန်းငွေစုစုပေါင်းကတော့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ သန်း ဖြစ်တယ်လို့ သိရပါတယ်။

သူ့ရဲ့ဖျော်ဖြေပွဲတွေအနက် တစ်ခုဖြစ်တဲ့ မန်ချက်စတာအရီနာမှာ ပြုလုပ်ခဲ့တဲ့ ဖျော်ဖြေပွဲမှာတော့ ဟယ်ရီစတိုင်က ပြီးခဲ့တဲ့နှစ်အတွင်း အဲဒီနေရာမှာ ပြုလုပ်ခဲ့တဲ့ အရီရန်နာဂရန်းဒ်ရဲ့ ဖျော်ဖြေပွဲမှာ ဖြစ်ပွားခဲ့တဲ့ အသေခံဗုံးဖောက်ခွဲမှုမှာ သေဆုံးခဲ့ရသူတွေကိုလည်း အမှတ်တရ ပြုလုပ်ပေးခဲ့ပါတယ်။ ယင်းဗုံးပေါက်ကွဲမှုမှာ ပရိသတ် ၂၂ ဦး သေဆုံးခဲ့ပြီး အများစုကတော့ ကလေးငယ်တွေ ဖြစ်ကြပါတယ်။ ဖျော်ဖြေပွဲတစ်လျှောက် ပရိသတ်တွေရဲ့ အားပေးမှုတွေကို ရရှိခဲ့ပြီး ဆန်ဖရန်စစ္စကိုက ဖျော်ဖြေပွဲမှာတော့ ပရိသတ်တစ်ဦးက ရောင်စုံသက်တံအလံတစ်ခုကို ဖျော်ဖြေရေးစင်မြင့်ပေါ် ပစ်တင်ပေးခဲ့ပြီး ဟယ်ရီစတိုင်ကလည်း အဲဒီအလံကို ဝှေ့ယမ်းကာ သီဆိုဖျော်ဖြေခဲ့ကာ နောက်ပိုင်းမှာတော့ အလံကို သူ့ရဲ့ မိုက်ခရိုဖုန်းထောက်တိုင်မှာ တွဲချည်ထားခဲ့ပါတယ်။ လန်ဒန်က ဖျော်ဖြေပွဲမှာတော့ ပရိသတ်တွေက သူတို့ရဲ့ မိုဘိုင်းဖုန်းတွေကို အသုံးပြုကာ ရောင်စုံအလင်းတန်းတွေကို ထုတ်လွှင့်ပြီး ကြီးမားတဲ့ ရောင်စုံသက်တံကို ဖန်တီးကာ ပေ့ါပ်ကြယ်ပွင့်ကို အားပေးခဲ့တာကိုလည်း တွေ့ရပါတယ်။

နယ်လှည့်ဖျော်ဖြေပွဲတွေ အဆုံးသတ်ခဲ့ခြင်းအမှတ်တရအဖြစ် ပြီးခဲ့တဲ့ တနင်္လာနေ့မှာတော့ ဟယ်ရီစတိုင်က သူ့ရဲ့ လူမှုကွန်ရက်စာမျက်နှာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်ပေါ်မှာ ဖျော်ဖြေပွဲမှာ ပါဝင်ခဲ့ကြသူတွေကို ကျေးဇူးတင်ကြောင်း စာအချို့ရေးသားဖော်ပြခဲ့ပါတယ်။ ဟယ်ရီက သူ့ရဲ့ ပရိသတ်တွေကိုလည်း ကျေးဇူးတင်ကြောင်းဆိုခဲ့တဲ့အပြင် ပါဝင်တီးခတ်ပေးကြသူတွေနဲ့ ကူညီခဲ့သူတွေကိုလည်း ကျေးဇူးတင်ကြောင်းနဲ့ နှုတ်ဆက်ကြောင်း ဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

အေးပြည့် – ရေးသားသည်

## မိုက်ကယ်ဂျက်ဆင် အမှတ်တရအစီအစဉ်မှာ မပါဝင်နိုင်တော့တဲ့ BTS



တောင်ကိုရီးယားရဲ့ ကမ္ဘာကျော်အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BTS"ဟာ ပေ့ါပ်ဘုရင် မိုက်ကယ်ဂျက်ဆင်အတွက် အမှတ်တရပြုလုပ်သွားမယ့်အစီအစဉ်မှာ မပါဝင်နိုင်တော့ကြောင်း လတ်တလောမှာတော့ ထုတ်ဖော်ပြောကြားလာတာဖြစ်ပါတယ်။ ယခင်က အဆိုပါအစီအစဉ်မှာ ပါဝင်နိုင်ဖို့ရာ ဖိတ်ကြားခြင်းခံထားရတာဖြစ်ပေမယ့် ပါဝင်နိုင်ခြင်းမရှိတော့ကြောင်း အဖွဲ့ဘက်က ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မိုက်ကယ်ဂျက်ဆင်ရဲ့ တေးထုတ်လုပ်သူအဖြစ် ဆောင်ရွက်ခဲ့တဲ့ ဂျယ်ရီဂရင်းဘာ့ချ်က မိုက်ကယ်ဂျက်ဆင်အတွက် အမှတ်တရတေးသီချင်း ဖန်တီးထုတ်လုပ်သွားမယ့်အစီအစဉ်မှာ ပါဝင်နိုင်ဖို့ရာ ဖိတ်ကြားထားတဲ့ တေးသံရှင်တွေအကြောင်းကို ဗီဒီယိုဖိုင်နဲ့ ထုတ်ဖော်ပြသခဲ့ရာမှာတော့ ကေပေ့ါပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BTS"လည်း ပါဝင်နေတာ တွေ့ရပါတယ်။ ဒါကြောင့် ကမ္ဘာတစ်ဝန်းက အဖွဲ့ရဲ့ ပရိသတ်တွေဖြစ်ကြတဲ့ "ARMYs"တွေက ဒီအစီအစဉ်အတွက် စိတ်လှုပ်ရှားနေကြတာဖြစ်ပါတယ်။ ဒါပေမယ့် လတ်တလောမှာတော့ အဖွဲ့ဝင်တွေဘက်က ပါဝင်နိုင်ခြင်းမရှိတော့ကြောင်း ထုတ်ဖော်ပြောကြားလာတာဖြစ်ပါတယ်။ ယင်းအစီအစဉ်ဟာ မိုက်ကယ်ဂျက်ဆင်ရဲ့ အသက် ၆၀ ပြည့် အထိမ်းအမှတ်လည်း ဖြစ်တယ်လို့ သိရပါတယ်။

အဖွဲ့ရဲ့ အေဂျင်စီဖြစ်တဲ့ ဘစ်ဟစ်အန်တာတိန်းမန့်ကလည်း " BTS "အနေနဲ့ ဖိတ်ကြားချက်ကို လက်ခံရရှိခဲ့ကြောင်း အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ ဖိတ်ကြားခံရချိန်မှာတော့ အေဂျင်စီက ဒီလို ဖိတ်ကြားခံခဲ့ရတာဟာ အလွန်ကို ဂုဏ်ယူစရာဖြစ်တယ်လို့လည်း ပြောကြားခဲ့ပါတယ်။

လတ်တလောမှာ ပါဝင်နိုင်ခြင်းမရှိတော့ကြောင်း သတင်းတွေ ပေါ်ထွက်လာချိန်မှာ အေဂျင်စီက အဆိုပါသတင်းတွေ မှန်ကန်ကြောင်းနဲ့ ဒီလို ဖျက်သိမ်းခဲ့ရတာကတော့ အဖွဲ့ဝင်တွေရဲ့ များပြားလွန်းတဲ့ အစီအစဉ်တွေကြောင့် ဖြစ်တယ်လို့လည်း ပြောကြားခဲ့ပါတယ်။

## ချောင်းဦးမြို့၌အသိပညာပေး ဟောပြောပွဲကျင်းပ

**ချောင်းဦး ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့ မြို့နယ်ရဲတပ်ဖွဲ့မှ ဦးဆောင်၍ အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၂၀ ရက် မွန်းလွဲ ၂ နာရီက ချောင်းဦးမြို့ အနော်ရထာခန်းမ၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ချောင်းဦးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်းက လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ မုံရွာမြို့ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲအုပ် ဝင်းကိုကို က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးစောလှထွန်းက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ခေါင်းစဉ်များဖြင့် ချောင်းဦးမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသားကျောင်းသူများအား အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အသိပညာပေးဟောပြောပွဲသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်း၊ မုံရွာမြို့ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲအုပ်ဝင်းကိုကို၊ အထူးကော်မရှင်အဖွဲ့ဝင် ဦးစောလှထွန်း၊ ချောင်းဦးမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မော်နှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အိအိစိုး(ချောင်းဦး)**

## မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် ကျေးရွာလျှပ်စစ်မီးလင်းရေးဖွင့်ပွဲသို့ တက်ရောက်

**မြင်းခြံ ဇူလိုင် ၂၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် သိမ်တိုင်ကျေးရွာ၌ ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီနှင့် ဇလပ်ကုန်းကျေးရွာ၌ နံနက် ၁၁ နာရီ ၄၅ မိနစ်တို့တွင် လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲ အခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်နှင့်အဖွဲ့၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးလတ်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးဇာနည်အောင်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဒေါက်တာစိုးသန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်အေးတို့ တက်ရောက် ဖွင့်လှစ်ပေးခဲ့ကြသည်။



ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်မြို့ စိန်ရတနာဓမ္မာစရိယ စာသင်တိုက် ပဓာနနာယက ဆရာတော် ဦးသာသနက ဩဝါဒစကားမိန့်ကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ ခရိုင်လျှပ်စစ်မန်နေဂျာ ဦးမြသောင်းက ကျေးရွာလျှပ်စစ်မီးလင်းရေးအကြောင်း ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် သိမ်တိုင်ကျေးရွာ လျှပ်စစ်မီးလင်းရေး ကော်မတီဝင်တစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစိုးဝင်းနှင့် ဦးအောင်လွင်တို့မှ လျှပ်စစ်အန္တရာယ် ကင်းဝေးရေး အသိပညာပေးလက်ကမ်းစာစောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ယခုအခါတွင် သိမ်တိုင်ကျေးရွာ၌ ၁၁/သုည ဒသမ ၄ ကေဗွီ၊ ၃၁၅ ကေဗွီအေထရန်စဖော်မာတစ်လုံးဖြင့် မီးလင်းနိုင်ခဲ့ပြီး ဇလပ်ကုန်းကျေးရွာတွင်လည်း ၁၁/သုည ဒသမ ၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးဖြင့် မီးလင်းနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ အခမ်းအနားများသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ခဲ့ကြသည်။ မြင်းခြံမြို့နယ်တွင် လျှပ်စစ်ဖြင့် မီးလင်းနိုင်ခဲ့သော ကျေးရွာပေါင်း ၇၀ ရှိပြီဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**

## ရှိန်းမကားအိုးများ မတ္တရာမြို့နယ်အတွင်း ကျေးရွာများသို့ တွင်ကျယ်စွာတင်ပို့ရောင်းချ

**မတ္တရာ ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ရှိန်းမကားအိုးများကို မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းရှိ ရေရောက်သည့် ကျေးရွာများသို့ ရေတိုးချိန်၌ တွင်ကျယ်စွာတင်ပို့ရောင်းချလျက်ရှိသည်။ ရေတိုးချိန်တွင် ရေများ ရွာအနီးအထိ ရောက်သည့်အတွက် သယ်ယူပို့ဆောင်မှု ပိုမိုလွယ်ကူကာ ရေတိုးချိန်တိုင်း ရွာအရောက် လာရောက် ရောင်းချကြကြောင်းသိရသည်။



စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ရှိန်းမကားမှ မြေအိုးအမျိုးမျိုးကို မန္တလေးမြို့နှင့် အနီးအနားကျေးရွာများကို တင်ပို့ရောင်းချသည့် လုပ်ငန်းလည်းလုပ်ကိုင်ကြသည်။ ရှိန်းမကားအိုးမှာနာမည်ရပြီး သောက်ရေအိုး အမျိုးမျိုးနှင့် အခြားအိုးများကိုလည်း ပြုလုပ်ရောင်းချကြသည်။

ရှိန်းမကားမှအိုးများကို စက်လှေဖြင့် တင်ဆောင်ကာ ညအိပ်ရောင်းချကြသည်။စက်လှေတစ်စင်းလျှင် ရေအိုး အလုံး ၇၀၀ ခန့်အထိ တင်ဆောင်နိုင်သည်။ ရေတိုးချိန်တွင်မူ ရေအိုး ၃၀၀ ကျော်အထိသာ တင်ဆောင်ပြီး ရေရောက်သည့် ကျေးရွာများသို့ တင်ပို့ရောင်းချကြသည်။ လက်ရှိကာလတွင် မတ္တရာမြို့နယ်ထဲမှ တောင်ပြုံးကျေးရွာနှင့် အခြားကျေးရွာများကို အားထားရောင်းချလျက်ရှိသည်။ ရှိန်းမကားမှ တင်ဆောင်လာသော အိုးများကို နှစ်ရက်အတွင်းကုန်အောင် ဖြန့်ချိရောင်းချကြသည်။

လက်ရှိကာလတွင် ရှိန်းမကားသောက်ရေအိုး တစ်လုံးလျှင် ငွေကျပ် ၁၂၀၀ ဖြင့် ရောင်းချပြီး ဘုရားပန်းအိုး၊ စဘူးနှင့် အိုးဖိုအိုးမဟုတ်သော အိုးပုတ်များပါ ရောင်းချကြသည်။ရေတိုးချိန် ရွာခြေအထိ ရေရောက်သည့်အတွက် အိုးများ သယ်ဆောင်မှုလွယ်ကူသွားသည်။ ကျေးရွာများမှလည်း အိုးလှေများရောက်လာပါက အားထားဝယ်ယူကြသည်။ ရှိန်းမကားမှ အိုးစက်လှေများသည် နှစ်စဉ် အိုးများကို ရွာအထိအရောက် သယ်ယူကာ ရောင်းချကြောင်း အိုးရောင်းချသူတစ်ဦးက ရှင်းပြသည်။ **နွေနဒီ (မြစ်ငယ်)**

## ခန္တီးမြို့၌ ဗိုလ်ချုပ်ကြေးရုပ်တုဖွင့်ပွဲ ကျင်းပ

ခန္တီး ဇူလိုင် ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့တွင် ပထမဦးဆုံးထားရှိမည့် လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မြင်းစီးကြေးရုပ်တုဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီက အဆိုပါ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ်တုရှေ့တွင် ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က အဖွင့်အမှာစကားပြောကြားပြီး ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ်တု ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ညွန့်က "နိုင်ငံတော်တည်ဆောက်ရေးမှာ ယနေ့ခေတ်လူငယ်တွေဟာ နောင်တစ်ချိန်ခေါင်းဆောင်ကောင်းတွေ ဖြစ်လာမှာမို့ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ ကြေးရုပ်တုကို မြင်တွေ့ခွင့်ရကြပြီး တိုင်းပြည်နဲ့လူမျိုးအတွက် စွန့်လွှတ်စွန့်စားရဲတဲ့စိတ်ဓာတ်၊ တောင်ပေါ်မြေပြန့်မခွဲခြားဘဲ သာတူညီမျှနေထိုင်လိုတဲ့စိတ်ဓာတ် စတဲ့ ဗိုလ်ချုပ်စိတ်ဓာတ်တွေကို လေးစားအားကျ အတုယူစေဖို့ ရည်ရွယ်ပြီး မြင်းစီးကြေးရုပ်တုကို သွန်းလုပ်ရခြင်းဖြစ်ပါတယ်" ဟု ပြောသည်။

အဆိုပါ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ်တုကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံ၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းစိန်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်တေး၊ ဦးသိန်းလှိုင်ဝင်း၊ မြင်းစီးကြေးရုပ်တုဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မြင်းစီးကြေးရုပ်တုမှာ အမြင့် ၁၁ ပေ၊ အလျား ၁၁ ပေ၊ အကျယ် လေးပေ၊ အလေးချိန် ပိဿာ ၇၀၀ ကျော်ရှိပြီး အဆိုပါဗိုလ်ချုပ်မြင်းစီးကြေးရုပ်တုကို ရန်ကုန်မြို့ ဗဟန်းမြို့နယ်တွင် နေထိုင်သူ ဗိသုကာပညာရှင် ဦးအောင်ကျော်ထွန်းက သုံးလကျော် သွန်းလုပ်ခဲ့၍ ဇွန် ၂၇ ရက်တွင် ရန်ကုန်မြို့မှ စတင်သယ်ဆောင်လာရာ မန္တလေးမြို့သို့ ဇူလိုင် ၂ ရက်တွင် ရောက်ရှိခဲ့ကာ မန္တလေးမြို့မှ ဆက်လက်သယ်ဆောင်လာရာ မုံရွာမြို့သို့ ဇူလိုင် ၄ ရက်တွင် ရောက်ရှိခဲ့သည်။ မုံရွာမြို့မှ ခန္တီးမြို့သို့ ဇူလိုင် ၄ ရက်တွင် အမြန်ရေယာဉ်ဖြင့် ဆက်လက်သယ်ဆောင်လာရာ ခန္တီးမြို့သို့ ဇူလိုင် ၉ ရက် ညနေပိုင်းတွင် ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ကြေးရုပ်တုကို ကျော်စွာလမ်း(ခေါ်)နားမေတ္တာလမ်းနှင့် ချင်းတွင်းတံတား ချဉ်းကပ်လမ်းဆုံတွင် စိုက်ထူထားရှိကြောင်း သိရသည်။

**ချန်လော(ခန္တီး)**

## ပျဉ်းမနားမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ အင်ဂျင်နီယာခန့်မှန်းခြေကုန်ကျစရိတ် တွက်ချက်မှုသင်တန်းဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၂၁**

ပြည်ထောင်စုနယ် နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် ရည်ရွယ်၍ အင်ဂျင်နီယာ ခန့်မှန်းခြေကုန်ကျစရိတ် တွက်ချက်မှုသင်တန်းကို ဇူလိုင် ၂၁ ရက် နံနက် ၈ နာရီက ဖွင့်လှစ်သင်ကြားခဲ့သည်။



အဆိုပါသင်တန်းကို ဆရာမဒေါ်ယုယုထွန်း (Engineering)က သင်ကြားပေးကာ ဆောက်လုပ်ရေးလုပ်ငန်းကို စိတ်ပါဝင်စားသူများ၊ အင်ဂျင်နီယာ ကျောင်းဆင်းများ၊ ဆောက်လုပ်ရေးလုပ်ငန်း လုပ်ကိုင်နေသူများ တက်ရောက်လျက်ရှိရာ နှစ်ရက်ကြာ သင်ကြားပို့ချမည်ဖြစ်သည်။

ထို့အပြင် ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် အပတ်စဉ် ကွန်ပျူတာသင်တန်းများ၊ အင်္ဂလိပ်၊ ဂျပန်၊ ကိုရီးယား ဘာသာစကားသင်တန်းများ၊ လူငယ်အတတ်ပညာဆိုင်ရာ သင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

### မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လှရီ
**အသက် (၉၃)နှစ်**

စစ်တက္ကသိုလ်အမှတ်စဉ်(၂၄)မှ ဦးသန်းထွဋ်-ဒေါ်စိုးမိုးအောင်တို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်လှရီ အသက်(၉၃) နှစ်သည် ၁၉-၇-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကျောင်းဆင်းသူငယ်ချင်းများနှင့် မိသားစုများ**
**D.S.A (24) Intake**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မကြည် (မြောင်းဘွေ)
**အသက် ( ၈၄ ) နှစ်**

Myanmar United Engineering Co.,Ltd. မှ ဒါရိုက်တာ ဦးသိန်းဇော် + ဒေါ်သန္တာခိုင် တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်မကြည် (၈၄) နှစ်သည် ၂၁-၀၇-၂၀၁၈ (စနေနေ့) နေ့လည် (၁၂း၀၅) နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါသည်။

**Myanmar United Engineering Co.,Ltd.**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဆွေဆွေလှ (Cinderella Hla Pe)
**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ဘုရင့်နောင်တာဝါ(၂)၊ အခန်း(၂၁၀)နေ ဦးမင်းမောင်မောင်ဦး (တွဲဖက်လေယာဉ်မှူး-ရွှေမြန်မာလေကြောင်း)၏ မိခင် ဒေါ်ဆွေဆွေလှ အသက်(၆၇)နှစ်သည် ၁၈-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ည ၇း၂၅ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အရာရှိချုပ်နှင့်ဝန်ထမ်းမိသားစု**
**(ရွှေမြန်မာလေကြောင်း)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးခင်လေး (ဒါရိုက်တာ၊ ပုလဲနဒီကုမ္ပဏီ)
**အသက် (၅၄) နှစ်**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်ကြီး-ဒေါ်စန်းစန်းပွားတို့၏ ညီဖြစ်သူ ဦးခင်လေး အသက်(၅၄)နှစ် ဒါရိုက်တာ(ပုလဲနဒီကုမ္ပဏီ)သည် ၂၀-၇-၂၀၁၈ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သတ္တုတွင်းဦးစီးဌာန**
**ရှမ်း/တောင် ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးခင်လေး(ဒါရိုက်တာ၊ပုလဲနဒီကုမ္ပဏီ)
**အသက် (၅၄) နှစ်**

Pale' Nadi Group of Companies မှ B.O.D အဖွဲ့ဝင် SCZ Business Unit ၏ CEO ဦးခင်လေး အသက် (၅၄) နှစ်သည် ၂၀-၇-၂၀၁၈ (သောကြာနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Pale' Nadi Group of Companies**
**ဝန်ထမ်းများ**

## အစာအဆိပ်သင့်မှု မဖြစ်ပွားစေရေး နှိုးဆော်ချက်

ပွင့်လင်းရာသီတွင် နိုင်ငံအတွင်း အလှူပွဲတော်များ စည်ကားစွာကျင်းပလေ့ရှိပါသည်။ ဤကာလအတွင်း အစာအဆိပ်သင့်မှုများ နှစ်စဉ်နှစ်တိုင်း ဖြစ်ပွားတတ်ပါသည်။ အစာအဆိပ်သင့်မှုသည် ရောဂါပိုးများပါဝင်သော မသန့်ရှင်းသည့်အစားအသောက်များကို စားသုံးမိခြင်းကြောင့် အများဆုံးဖြစ်ပွားတတ်ပါသည်။

**အစာအဆိပ်သင့်မှု မဖြစ်ပွားစေရန်အတွက် အစားအသောက် ပြင်ဆင်ချက်ပြုတ်သူများ လိုက်နာရန်**

၁။ အစာမစားမီ၊ အစားအစာများကို ကိုင်တွယ်ချက်ပြုတ်ခြင်း မပြုမီနှင့် အိမ်သာအသုံးပြုပြီးချိန်များတွင် လက်များကို ဆပ်ပြာဖြင့် သေချာစွာဆေးကြောပါ။
၂။ အိုးခွက်၊ ပန်းကန်များ၊ စဉ်းတီတုံးများအပါအဝင် မီးဖိုချောင်ပစ္စည်းများ၏ သန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။
၃။ ချက်ပြုတ်ပြီး အစားအစာနှင့် မချက်ပြုတ်ရသေးသော အစားအစာများအား သီးခြားစီထားရှိပါ။
၄။ အစားအစာများ ချက်ပြုတ်ရာနှင့် ပန်းကန်များဆေးကြောရာတွင် သန့်ရှင်းသောရေကိုသာ သုံးစွဲပါ။
၅။ အစားအစာများကို ကျက်အောင်ချက်ပြုတ်၍ လတ်လတ်ဆတ်ဆတ်နှင့် ပူပူနွေးနွေးစားသုံးပါ။ ချက်ချင်းမစားသုံးဖြစ်ပါက ပွက်ပွက်ဆူအောင်နွေးပြီးမှ စားသုံးပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ဦးထွန်းဦး(ဆောက်လုပ်ရေး-ငြိမ်း)
**အသက် (၉၅)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ နီလာလမ်း၊ အမှတ်(၂၁၁/ခ)နေ (ဦးငွေကိုင်-ဒေါ်မျှင်)တို့၏ သား၊ (ဒေါ်အေးကြည်)၊ (ဦးအောင်ကြည်)၊ (ဒေါ်သိန်းတင်)တို့၏ညီ/မောင်၊ (ဒေါ်မြသန်း)၏ခင်ပွန်း၊ ဦးသိန်းလှိုင်၊ ဦးစန်းမြင့်မောင်-ဒေါ်အေးအေးမွန်၊ ဦးအောင်သန်းမြင့်-ဒေါ်ဝင်းဝင်းကြည်၊ ဒေါ်ခင်ခင်ဝင်း၊ ဦးမင်းစိန်၊ ဦးသန်းနိုင်ထွန်း-ဒေါ်ငယ်ငယ်ထွေး၊ ဒေါ်ရီရီထွန်း၊ ဦးသန်းလင်းနိုင်တို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုးသည် ၂၁-၇-၂၀၁၈(စနေနေ့) နံနက် ၆း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၇-၂၀၁၈ (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဝင်းမောင်(ကတိုး-ကော့နှပ်)
**အသက် (၉၃) နှစ်**

မော်လမြိုင်မြို့၊ ကတိုး-ကော့နှပ်ရွာနေ (ဦးချစ်မောင်-ဒေါ်အုန်းမေ)တို့၏သား၊ (ဦးမြကောင်း-ဒေါ်ငွေရင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက်(၄)၊ အခန်း(၂၄)နေ (ဒေါ်အေးကျင်)၏ခင်ပွန်း၊ ဦးသောင်းကြည်-ဒေါ်အေးအေးမြင့်၊ ဦးသန်းရွှေ (ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံး)-ဒေါ်မူမူစိန် (Creation Myanmar Co., Ltd)၊ ဦးသန်းစိန်-ဒေါ်အေးအေးတင့်(သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန-ငြိမ်း)၊ ဦးအေးရွှေ၊ ဦးမြင့်ဌေး-ဒေါ်ထွေးထွေးမြင့်၊ ဦးသန်းဌေးတို့၏ဖခင်၊ မတင်နွယ်၊ မောင်ခင်မောင်သိန်း၊ မောင်ချမ်းမြေ့ဦး၊ မနှင်းအေးလွင်၊ မောင်ဘုန်းမြင့်နိုင်၊ မမေသူပိုင်တို့၏အဘိုးသည် ၂၁-၇-၂၀၁၈ (စနေနေ့) နံနက် ၂း၄၅နာရီတွင် ရွှေဂုံတိုင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၈(တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဆရာကြီး ဦးဝင်းမြင့်
**အသက် (၆၉) နှစ်**

တောင်ကြီးမြို့၊ အမှတ်(၅၂)၊ စိန်ဆွယ်လမ်း၊ ကျောင်းကြီးစုရပ်၊ ဖရဲမြောက်ရွာ၊ နယ်မြေ(၁၁)နေ ဒေါ်မြင့်မြင့်ဦး၏ ချစ်လှစွာသောခင်ပွန်း ဆရာကြီး ဦးဝင်းမြင့်(တောင်ကြီးစက်မှုအထက်တန်းကျောင်းဆရာ)သည် ၂၀-၇-၂၀၁၈ (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကျောင်းသားဟောင်းများ**
**စက်မှုအထက်တန်းကျောင်း(တောင်ကြီး) (၁၉၆၈-၁၉၉၈)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ကိုညီညီဦး (တောင်ကြီး)
**အသက် (၄၀)**

ကိုညီညီဦး(၁၉၉၅၊ အထက-၄၊ ကျောင်းသားဟောင်း)သည် ၂၁-၇-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်း ညီညီဦး မြင့်မြတ်ကောင်းမွန်တဲ့ ဘုံဘဝရောက်ပါစေ. .

**၁၉၉၅၊ အ. ထ. က(၄) သူငယ်ချင်းများ**

## ဒေါ်စန်းမြင့်
**အသက် (၈၇)နှစ်**

မိုးညိုမြို့နေ (ဦးဖိုးရွှေ-ဒေါ်သန်းကြည်)တို့၏ သမီး၊ သာယာဝတီမြို့နေ (ဦးမောင်မြ-ဒေါ်သိန်းငွေ)တို့၏သမီးချွေးမ၊ (ဦးခင်သောင်း)-ဒေါ်မြတ်နွယ်၊ ဦးမျိုးမြတ်-ဒေါ်မေရီ၊ ဦးကျော်မြင့်-(ဒေါ်မြင့်ဇင်)၊ (ဦးသိန်းဌေး)-ဒေါ်မေဇင်၊ ဦးမောင်အုန်း-(ဒေါ်မေတီ)၊ (ဦးအောင်ထွန်း - ဒေါ်တင်တင်)၊ (ဦးစိုင်းရောဘတ်-ဒေါ်စန်းမေ)တို့၏ အစ်မ၊ (ဦးခင်ကျော်)၏ဇနီး၊ (ဦးသန်းထွဋ်)-ဒေါ်ချို့နွယ်ဦး၊ ဦးထွန်းထွန်းနိုင်-(ဒေါ်ခင်ချိုမြင့်)၊ ဦးချစ်မောင်မောင်-ဒေါ်ကေသီမြင့်၊ ဦးဇော်မင်းထက်-ဒေါ်မေမြင့်မွန်တို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွား ဒေါ်စန်းမြင့်သည် ၂၀-၇-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၈ (တနင်္ဂနွေနေ့)တွင် ကျီစုသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ရဟန်းဒါယိကာမကြီး
## ဒေါ်တင်ကြည်
**အသက် (၈၂) နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ စက္ကဝတ်(၂)လမ်း၊ အမှတ် (၂၉၅)နေ ဒေါ်နိုင်နိုင်မော် (ကိတ္တိမသမီး)၏ မိခင်သည် ၁၇-၇-၂၀၁၈ (အင်္ဂါနေ့) ည ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၇-၂၀၁၈ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ စက္ကဝတ်(၂)လမ်း၊ အမှတ် (၂၉၅) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်တင်ထွေး(အသုတ်မြို့)
**အသက် (၈၀)**

အသုတ်မြို့နေ (ဦးဘဂျမ်း-ဒေါ်ဟန်ရှိန်)တို့၏ သမီးထွေး၊ (ဦးစံဦး)၊ (ဒေါ်တင်ဌေး)တို့၏ညီမ၊ (ဦးစံလှိုင်)၏ အစ်မ၊ ရန်ကုန်မြို့နေ (ဦးမျိုးလှိုင်)၏ ဇနီး၊ ဦးကိုကိုနိုင်-ဒေါ်ခင်သိန်းဦး၊ ဒေါ်မျိုးစန္ဒာတို့၏မိခင် ဒေါ်တင်ထွေးသည် ၂၁-၇-၂၀၁၈ (စနေနေ့) နံနက် ၃း၄၅ နာရီတွင် အမှတ်(၁၂)၊ ရတနာလမ်း၊ မြေနီကုန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးကျော်ခိုင်သန်း(ခ)ငယ်ငယ်
**အသက် (၅၇) နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ သုတလမ်း၊ အမှတ်(၇၉၃/က)နေ (ဦးအောင်သန်း-ဒေါ်လှလှ)တို့၏သား၊ ဒေါ်ချိုချိုသန်း၊ ဒေါ်မူမူသန်း၊ ဦးအောင်ခိုင်သန်းတို့၏ ညီ/မောင်၊ မောင်သူရထွန်း၊ ကိုပိုင်စိုးသူ-မမေသူအောင်တို့၏ ဖခင်၊ မသဒ္ဒါဝတ်ရည်၊ မောင်ဘုန်းမြတ်ပိုင်တို့၏အဘိုး၊ ဒေါ်စန်းစန်းအောင်၏ ချစ်လှစွာသောခင်ပွန်းသည် ၂၀-၇-၂၀၁၈ (သောကြာနေ့) ညနေ ၅း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၇-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# နာရေး

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မမလေး (၈၄)နှစ်
**အထက်တန်းပြဆရာမ(ငြိမ်း)**
**အထက-၁ အင်းစိန်၊**
**အထက-၂ တာမွေ၊**
**အထက-၂ တောင်ငူ**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဘူတာရုံလမ်း၊ အမှတ် (၁၄/ဇ)နေ [ဦးစူပင့်-ဒေါ်အေးစိန် (တောင်ငူမြို့)]တို့၏သမီး၊ [ဦးထွန်းရွှေ-ဒေါ်နှင်းစိန်(မော်လမြိုင်မြို့)]တို့၏ သမီးချွေးမ၊ [ဦးလှအေး(ခ) ဦးကင်စွမ်း (ဌာနမှူး-ငြိမ်း၊ ဆည်မြောင်းဦးစီး/FAO)]၏ဇနီး၊ ဒေါ်ခိုင်ခိုင်အေး-ဒေါက်တာခင်မောင်ဇော်၊ ဒေါ်စိုးစိုးအေး (Cool City Zone Co., Ltd)-ဦးသန်းလွင်၊ ဒေါက်တာခင်မျိုးအေး (ကလေးအထူးကုဆရာဝန်ကြီး-တောင်ဥက္ကလာ အမျိုးသမီးနှင့်ကလေးဆေးရုံကြီး)-ဒေါက်တာထွန်းမင်း (ကရင်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး)၊ ဒေါ်ခင်နှင်းအေး၊ ဒေါ်လှဲ့လှဲ့အေး-ဦးခိုင်ဇင် (Takanori Hosogawa)တို့၏ မိခင်၊ မြေးရှစ်ယောက်တို့၏ အဘွားသည် ၂၁-၇-၂၀၁၈ (စနေနေ့) နံနက် ၉ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၈ (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၇-၂၀၁၈(သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်စန်း
**အသက် (၆၉)နှစ်**
**မင်းဇော်လတ် ဓာတ်ဗူး၊**
**ပန်းကန်ရောင်းဝယ်ရေး၊ မန္တလေးမြို့**

မန္တလေးမြို့နေ (ဦးခင်မောင်ရင်)၏ ဇနီး၊ ရန်ကုန်မြို့၊ အမှတ် (၈)၊ သီရိမင်္ဂလာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးသိန်းဇော်ဦး-ဒေါ်ဇာဇာမွန်၊ အကွက်(၈၄၂)၊ ချမ်း/မြောက်နေ (ဦးမင်းဇော်လတ်)-ဒေါ်မြတ်မြတ်ထွေးတို့၏မိခင်၊ မောင်ရဲရင့်မင်းမြတ်၊ မဆုရတီဦး၊ မောင်ဟန်သူဟိန်း၊ မခိုင်ယမုံဦး၊ မြေးလေးယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၂၀-၇-၂၀၁၈(သောကြာနေ့) ည ၉း၂၅ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (တောင်ဥက္ကလာပနေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်မေသန်းဆွေ (ခ)
## Dolly Smith
**အသက် (၆၆)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ အမှတ်(၂၆)၊ ဦးလူနီလမ်းနေ (ဦး R.J.Smith-ဒေါ်သိန်းမြ)တို့၏သမီး၊ (ဦးမောင်လေး-ဒေါ်ညွန့်သိန်း)တို့၏ သမီးချွေးမ၊ Rev. ဦးသက်ထိုက်ဇော်-နော်အယ်ကပေါ၊ ဦးအေးမင်းထက်-နော်ထူးကပေါ၊ ဦးနေလတ်သိုက်-Nလှိုင်နူး၊ ဒေါ်အိရွှေရည်လက်-စောသောတူထူးတို့၏ မွေးသမိခင်၊ မောင်ဘုန်းသက်ပိုင်၊ စောမိုးစက်ထူး၊ စောညီညီထူး၊ နော်ကေဇီထက်တို့၏အဘွား၊ ဦးချာလီမောင်လေး၏ ချစ်လှစွာသောဇနီး ဒေါ်မေသန်းဆွေ (ခ) Dolly Smith သည် ၂၁-၇-၂၀၁၈ (စနေနေ့) မွန်းလွဲ ၂း၅၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၄-၇-၂၀၁၈ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံဥယျာဉ်တော်ခန်းမ၌ ဆုတောင်းဝတ်ပြုပြီး ဂူသွင်းသဂြိုဟ်ပါမည်။ (ဦးလူနီလမ်းထိပ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဆရာတော်ဘဒ္ဒန္တဉာဏဓမ္မ(ခ)ဦးမောင်မောင်အေး(မင်းကင်း)
**သိက္ခာတော်(၁၅) ဝါ၊ သက်တော် (၉၁) နှစ်**
**ဓမ္မရတနာသာသနာ့ရိပ်သာ(သဃ်န်းကျွန်း)**

စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်နေ (ဦးဘရှိန်-ဒေါ်ဖွားခင်)တို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ ဦးဘကျော်လမ်း၊ အမှတ်(၇)နေ (ဒေါ်ခင်ခင်ကြီး)၏ခင်ပွန်း၊ မခင်မေမေအေး၊ မောင်တင်မောင်မောင်အေး၊ (မောင်ခင်မောင်မောင်အေး)၊ မတင်မေမေအေး(ခ)မမေသီရိတို့၏ ဖခင် ဆရာတော် ဘဒ္ဒန္တဉာဏဓမ္မ(ခ)ဦးမောင်မောင်အေး(မင်းကင်း)သည် (၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၈ ရက်)၂၀-၇-၂၀၁၈ (သောကြာနေ့) ညနေ ၅း၂၇ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၁၂ ရက်) ၂၄-၇-၂၀၁၈ ရက် မွန်းလွဲ ၂ နာရီတွင် အန္တိမအဂ္ဂိစျာပနသာခုကီဋ္ဌနသဘင်ကို ရေဝေးသုသာန်၌ ဆင်ယင်ကျင်းပမည်ဖြစ်ပြီး ဘဝနတ်ထံပျံလွန်တော်မူကို ရည်စူး၍ ၂၆-၇-၂၀၁၈ (ကြာသပတေးနေ့) နံနက်ပိုင်းတွင် တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ (အထက်လိပ်စာပါ နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မမ (မကွေး)
**အသက် (၈၅)နှစ်**

မကွေးမြို့၊ မြို့ဟောင်းရပ်၊ ဘုရားလမ်း၊ အမှတ် (၆၅)နေ (ဦးဘရင်-ဒေါ်တင်တင်)တို့၏ သမီး၊ ရန်ကုန်မြို့နေ (ရဲမှူးကြီး ဦးအောင်ကြွယ်)-ဒေါ်ခင်သန်း၊ (ဗိုလ်မှူးကြီးထွန်းအောင်ကျော်-ဒေါ်ဖြူဖြူ)တို့၏ညီမ၊ [ဦးညွန့်လှိုင် (ပါတီယူနစ်ဥက္ကဋ္ဌ)]၏ ဇနီး၊ ဦးအောင်ကျော်သန်း (ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နေပြည်တော်)-ဒေါ်မာမာလွင်၊ ဦးကျော်ဇေယျ (ကပရ-မကွေး)-ဒေါ်ဝိုင်းရီ၊ ဦးကျော်သူရ၊ ဒေါ်ဇာနည်လွင် (အလပြ၊အထက-၁၊ မကွေး)တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေးငါးယောက်၊ မြစ်ရှစ်ယောက်တို့၏ အဘွားသည် ၂၀-၇-၂၀၁၈ (သောကြာနေ့) ညနေ ၅း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် မကွေးမြို့ သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမြင့်
**အသက် (၈၄) နှစ်**
**B.Sc.Engg, M.Sc Engg. (Public Health), Dip in WPC & M**
**ဒု-ညွှန်မှူး(ငြိမ်း)၊ ပ. ဝ. သ၊ ကျန်းမာရေးဦးစီးဌာန**

ပဲခူးမြို့နေ (ဦးစိုးမောင်-ဒေါ်ကြိုင်)တို့၏သားကြီး၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မိကျောင်းကန်ရပ်ကွက်၊ ရိပ်သာ(၁)လမ်း၊ ဝေဇယန္တာဥယျာဉ်အိမ်ရာ၊ တိုက်(က)၊ အခန်း(၀၀၁)နေ ဒေါ်ခင်သန်းစိန်(ဒဂုံ-၁၊ ငြိမ်း)၏ခင်ပွန်း၊ (ဦးတိုးရီ)-ဒေါ်ခင်မျိုးဦး၊ ဦးဝင်းလတ်-ဒေါ်ထရီဆန်၊ ဦးသက်ထွန်းအောင်-ဒေါ်စန္ဒာလှိုင်၊ ဒေါက်တာခင်သန်းပို၊ ဦးခင်ငြိမ်း-ဒေါ်ခင်စပယ်တိုးတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုး ဦးမြင့်သည် ၂၀-၇-၂၀၁၈ (သောကြာနေ့) နံနက် ၈း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် မီးသဂြိုဟ်ဂူသွင်းပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၇-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မကြည်(မြောင်းဘွေ)
**အသက် (၈၄) နှစ်**

ရန်ကုန်မြို့၊ ယုဇနဥယျာဉ်မြို့တော်၊ (၁၀)လမ်း(အေ)၊ တိုက်(၁၁/၁၀၂)နေ (ဦးမြဦး-ဒေါ်စိန်သာ)တို့၏သမီးကြီး၊ ဦးမောင်ဦးစိန်၏ညီမ၊ ဦးကြည်ထွန်း၊ ဒေါ်သောင်းမေ၊ ဒေါ်ခင်သန်း၊ ဦးအောင်ရွှေသိန်းတို့၏အစ်မ၊ ဒေါ်မြင့်မြင့်အေး-ဦးအေးကိုကို၊ (ဒေါ်ဌေးဌေး)၊ ဒေါ်သန်းသန်းနွယ်-ဦးသန်းထွန်းဦး၊ ဦးသိန်းဇော်-ဒေါ်သန္တာခိုင် (Royal Pole Star Services Co.,Ltd)၊ ဦးသိန်းလွင်-ဒေါ်သိန်းဝင်း၊ ဒေါ်ဖြူဖြူစော၊ ဦးသက်တင်၊ ဒေါ်အေးအေးသက်-ဦးဝင်းသိန်းတို့၏ ချစ်လှစွာသောကျေးဇူးရှင်မိခင်ကြီး၊ မြေး ၁၃ ယောက်တို့၏အဘောင်ရှင်၊ မြစ်နှစ်ယောက်တို့၏အဖီးရှင်သည် ၂၁-၇-၂၀၁၈(စနေနေ့) မွန်းလွဲ ၁၂း၀၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၈ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်သန်းနွဲ့(B.Sc.IC) (၆၁)နှစ်
**M.D JEWEL HOTEL**
**မန္တလေးအသင်း (ရန်ကုန်)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ဆရာစံရပ်ကွက်၊ ဥယျာဉ်လမ်းသွယ်(၂)၊ အမှတ်(၁၅၄-စီ)နေ ဦးမြသောင်း-[ဒေါ်တင်တင်အောင် (JEWEL HOTEL)]တို့၏ ချစ်လှစွာသောတစ်ဦးတည်းသောသမီး၊ [ဗိုလ်မှူးမျိုးမြင့်(ငြိမ်း)-ဒေါ်ရင်ရင်]တို့၏ သမီးချွေးမ၊ ဦးမြင့်သူ၊ ဦးဇော်ညွန့်-ဒေါ်လှဲ့လှဲ့ခိုင်၊ ဦးဝင်းမင်းတို့၏ ချစ်လှစွာသောအစ်မ၊ မခိုင်မြတ်နိုးစံ(ခ)ဂျူးဂျူး၏ အဒေါ်၊ ဦးဝင်းမြင့်၏ချစ်လှစွာသောဇနီး၊ ကိုအောင်သူဝင်း၊ ကိုအေးသူဝင်းတို့၏ ချစ်လှစွာသောမိခင် ဒေါ်ခင်သန်းနွဲ့သည် ၂၁-၇-၂၀၁၈ (စနေနေ့) နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၈ (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးညီညီဦး
**အသက် (၄၀)**

တောင်ကြီးမြို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ လမ်းမတော်ရပ်၊ အမှတ် (လ/၁၀၁)နေ ဦးတင်မောင်ဦး(ညွှန်ကြားရေးမှူး-ငြိမ်း၊ ရှမ်းပြည်နယ်သစ်တောဦးစီးဌာန)-[ဒေါက်တာ ဒေါ်မြမြတင်စိန်(ပြည်နယ်မျက်စိအထူးကုဆရာဝန်ကြီး)]တို့၏သား၊ ဗိုလ်မှူးနေလင်းဦး-ဒေါ်စပယ်ဖြူတို့၏ညီ၊ ဒေါက်တာကျော်သူဝင်း-ဒေါက်တာခင်မမဦး၊ ဒေါက်တာ ခင်ထွေးထွေးဦးတို့၏အစ်ကိုသည် ၂၁-၇-၂၀၁၈ (စနေနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် တောင်ကြီးမြို့ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း Myanmar Insight 2018 ဆွေးနွေးပွဲ တက်ရောက် စိန်ခေါ်မှုများကို ရင်းနှီးမြှုပ်နှံသူများ အခွင့်အလမ်းများအဖြစ် ပြောင်းလဲဖန်တီးနိုင်ကြောင်း ပြောကြား

**နေပြည်တော် ဇူလိုင် ၂၁**

ထိုင်းနိုင်ငံခြားရေးဝန်ကြီး H.E. Mr. Don Pramudwinai ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်းသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ရှန်ဂရီလာဟိုတယ်၌ ဇူလိုင် ၂၀ ရက်တွင် ကျင်းပသည့် Myanmar Insight 2018 ဆွေးနွေးပွဲသို့ တက်ရောက်၍ "Myanmar's Political and Economic Climate: Enabling Environment for International Investment" ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်တို့နှင့် စပ်လျဉ်းသည့် အဖွင့်မိန့်ခွန်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောင်းလဲနေသည့် ကမ္ဘာ့အခြေအနေ၊ ဒေသတွင်းအခြေအနေများနှင့်အညီ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ရှိရင်းစွဲအားသာချက်များကို အခြေခံ၍ အပြန်အလှန် အကျိုးပြုသွားရန်လိုအပ်ကြောင်း၊ အိမ်နီးချင်းနှစ်နိုင်ငံ၏ ပြည်သူများအကြား၌လည်း ဆွေမျိုးသားချင်းသဖွယ် ချစ်ကြည်ရင်းနှီးမှုနှင့် ကာလရှည်ကြာစွာတည်ရှိခဲ့သည့် ချည်နှောင်ထားမှုများ တည်ရှိနေကြောင်း၊ နှစ်နိုင်ငံအကြား တီထွင်ဆန်းသစ်မှုကို အခြေခံသည့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် အမြန်လိုအပ်ကြောင်း၊ အိမ်နီးချင်း ဆက်နွှယ်မှုကို အခြေခံ၍ ကမ္ဘာလုံးဆိုင်ရာ ဆက်စပ်မှုဖြစ်စဉ်၏ ကောင်းကျိုးရလဒ်များကို အတူတကွ ခံစားနိုင်ရန် အရေးကြီးကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်နေသည့် **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**




ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း Myanmar Insight 2018 ဆွေးနွေးပွဲသို့ တက်ရောက်ကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# ရွှေခါးပတ်ချန်ပီယံလုပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်ထိုးသတ်

**ရန်ကုန် ဇူလိုင် ၂၁**

၂၀၁၈ ခုနှစ် ရွှေခါးပတ်ချန်ပီယံဗိုလ်လုပွဲကြီး GOLDEN BELT CHAMPIONSHIP 2018 ကွာတားဖိုင်နယ်(ပထမနေ့)ပွဲစဉ်များကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ သိမ်ဖြူလက်ဝှေ့ အားကစားရုံ၌ ကျင်းပရာ ၅၁ ကီလိုတန်း သိန်းစိုး(အဖြူရောင်သွေးသစ်)နှင့် နိုင်းဝမ်း(မြိုင်ကလေးဘီလပ်မြေစက်ရုံ)ပွဲစဉ်တွင် နှစ်ဦးစလုံး ငါးချီပြည့် အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြပြီး သိန်းစိုးက အမှတ်ဖြင့်လည်းကောင်း၊ ရွှေမိုးပျံ(ရွှေသထုံ)နှင့် အောင်အောင်(ရန်စစ်ငြိမ်း)ပွဲစဉ်တွင် အောင်အောင်၏ ဘယ်ညာတွဲလုံးများ၊ ရွှေမိုးပျံ၏ ဝိုက်လက်သီးများဖြင့် နှစ်ဦးစလုံး ထိုးချက်ကန်ချက်များ ကောင်းခဲ့သော်လည်း ပွဲချီပြည့်၌ အောင်အောင်က အမှတ်ဖြင့်လည်းကောင်း၊ ရွှေတောင်သား(တောင်ဇလပ်) နှင့် ကျော်အဲပညာ(တောင်ကလေး)ပွဲစဉ်တွင် **စာမျက်နှာ ၈ ကော်လံ ၁ သို့ ○**



မင်းထက်အောင်(ရွှေသထုံ)နှင့် သွေးသစ်ဝင်းလှိုင်တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

# ဒုတိယဝါဆိုလပြည့် ညပိုင်း၌ လအပြည့်ကြတ်ခြင်းဖြစ်စဉ်အား မြန်မာနိုင်ငံမှ တွေ့မြင်ရမည်

**ရန်ကုန် ဇူလိုင် ၂၁**

၂၁ ရာစုနှစ်အတွင်း ထူးခြားစွာဖြစ်ပေါ်မည့် အချိန်အကြာဆုံး လကြတ်ခြင်းဖြစ်စဉ်မှာ ဒုတိယဝါဆိုလပြည့်ရက်ဖြစ်သည့် ဇူလိုင် ၂၇ ရက် ညသန်းခေါင်ယံအချိန်တွင် လသဗ္ဗကြတ်(လအပြည့်ကြတ်ခြင်း)မည်ဖြစ်၍ မြန်မာနိုင်ငံတွင်လည်း ၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလပြည့်ညဖြစ်သော ဇူလိုင် ၂၇ ရက် ညပိုင်း၌ လကြတ်ခြင်းဖြစ်စဉ်အား တွေ့မြင်ရမည်ဖြစ်ကြောင်း မြန်မာ့နက္ခတ္တတွက်ရိုးပညာရှင် ဦးအောင်သန်း၏ပြောပြချက်အရ သိရသည်။

လာမည့်ဇူလိုင် ၂၇ ရက်တွင် ဖြစ်ပေါ်မည့် လကြတ်ခြင်းကို ဩစတြေးလျ၊ အာရှ၊ အာဖရိက၊ ဥရောပနှင့် တောင်အမေရိကတိုက် တစ်ဝန်းလုံးတွင် တွေ့မြင်ရမည်ဖြစ်ပြီး ဇူလိုင် ၂၇ ရက် မြန်မာစံတော်ချိန် ည ၁၁ နာရီ ၄၆ မိနစ် ၄၀ စက္ကန့်မှစ၍ အရိပ်ဖျော့ လကြတ်မှုစတင်မည်ဖြစ်ကာ ဇူလိုင် ၂၈ ရက် နံနက် ၀၀ နာရီ ၅၄ မိနစ် ၂၇ စက္ကန့်တွင် လအပိုင်းကြတ်မှု စတင်ဖြစ်ပွားမည် ဖြစ်သည်။

ဇူလိုင် ၂၈ ရက် မြန်မာစံတော်ချိန် နံနက် ၂ နာရီ ၅၃ မိနစ် ၈ စက္ကန့်မှစ၍ လသဗ္ဗကြတ်မှု(လအပြည့်ကြတ်ခြင်း) စတင်ဖြစ်ကာ လသဗ္ဗကြတ်မှုသည် နံနက် ၃ နာရီ ၄၃ မိနစ် ၁၁ စက္ကန့်အထိ ဖြစ်ပွားလိမ့်မည်ဖြစ်ပြီး **စာမျက်နှာ ၈ ကော်လံ ၅ သို့ ✳**



ဝတ္ထုတို

## မမြင်ခဲ့ရတဲ့ နှုတ်ခမ်းသား



■ လင်းဝေ(ဒဿနိက)

“သား ထမင်းစားတော့မလား”

“မစားသေးဘူး” ဟု ဗလာစာအုပ်ပေါ်မှာ ကျွန်တော်ရေးပြလိုက်သည်။

“စားချင်ရင် ထမင်းပွဲ ပြင်ထားတယ်”

ကျွန်တော်ခေါင်းညိတ်ပြလိုက်သည်။ အခန်းထဲက အမေထွက်သွားတော့ လက်ထဲက ကိုင်ထားသည့် ဗလာစာအုပ်လေးကို ကျွန်တော်ငုံ့ကြည့်မိသည်။ ကျွန်တော့်ဘဝမှာ ပြောချင်သည့် စကားလုံးတွေကို ဗလာစာအုပ်ပေါင်းများစွာက ကူညီပေးခဲ့သည်။ ကြားခံ ဆက်သွယ်ပေးခဲ့သည်။ သူငယ်ချင်း အပေါင်းအသင်းကလဲမရှိ၊ အထီးကျန်စွာ ဘဝကိုဖြတ်သန်းခဲ့ရသည်။ ဒီလို အထီးကျန်မှုတွေကြောင့်ပဲ ကျွန်တော် စာရေးဆရာ ဖြစ်လာခဲ့သည်။ ကျွန်တော် တစ်ကိုယ်တည်း တွေးတောနေစဉ် အိမ်ရှေ့က ဆူဆူညံညံ အသံများကြောင့် ဝရန်တာဘက် ထွက်ကြည့်လိုက်သည်။

“အဲဒီခုံကို ဟိုဘက်မှာချ။ ဖန်ခွက်တွေ ကွဲအုံးမယ် သတိထား”

ကျွန်တော်တို့နှင့် မျက်နှာချင်းဆိုင်တိုက်က အိမ်ငှားတွေ ပြောင်းလာတာဖြစ်မည်။ မျက်နှာချင်းဆိုင်တိုက်က လူမနေတာ ငါးနှစ်ကျော်ရှိခဲ့ပြီ။ ကျွန်တော့်အမေနှင့် ဒီတိုက်ပိုင်ရှင်တွေက တော်တော်ရင်းနှီးသည်။ ကျွန်တော်ငယ်ငယ်ကလည်း ပိုင်ရှင်တွေကို မြင်ဖူးသည်မို့ အခုပြောင်းလာတာ အိမ်ငှားတွေဟု ကျွန်တော်ထင်သည်။

“သား ဘာကြည့်နေတာလဲ”

အတွေးကောင်းနေတာကြောင့် ဝရန်တာဘက်အမေ ရောက်လာတာတောင် သတိမထားမိ၊ အမေ့ကိုမျက်နှာချင်းဆိုင်တိုက်သို့ ကျွန်တော်လက်ညှိုးထိုးပြလိုက်သည်။

“ဩော် အိမ်ငှားတွေတောင် ရောက်လာကြပြီ”

“အမေ သူတို့ကိုသိလား”

ဟု စာရွက်ပေါ် အလျင်အမြန်ချရေးပြီး ကျွန်တော် အမေ့ကိုပြလိုက်သည်။

“သူတို့ကို မသိဘူး၊ သူတို့ပြောင်းလာမှာကိုတော့ အမေသိတယ်၊ သူတို့မိသားစုက သုံးယောက်၊ အိမ်လခ ခြောက်လစာ စပေါ်တင်ပြီး နှစ်လလောက်ပဲနေမှာ၊ အမေ့ကို ပိုင်ရှင် ဦးသီဟတို့လင်မယား ဖုန်းဆက်ပြောလို့ အမေလည်း သိတာပါ။ သူတို့လင်မယားက သားတောင်မေးသေးတယ် ချစ်ဦးရော နေကောင်းလားတဲ့”

“ဦးသီဟတို့လင်မယားကို အခုနေတွေ့ရင် သားမမှတ်မိတော့ဘူး” ကျွန်တော်ရေးလိုက်သည့်စာကိုဖတ်ပြီး အမေပြုံးသည်။

“ဒီအိမ်ငှားတွေ ပြန်သွားရင် သူတို့ လင်မယားလည်းဒီကို အပြီးပြောင်းလာတော့မှာ”

အမေ့စကားကြောင့် မျက်နှာချင်းဆိုင် အိမ်ကို ကျွန်တော်လှမ်းကြည့်လိုက်သည်။ အလုပ်သမားတွေနှင့် ရှုပ်နေသည်ကို ကျွန်တော် တွေ့လိုက်ရသည်။

× × × × ×

ညနေခင်းလေက တဟူးဟူးတိုက်ခတ်ကာ ရာသီဥတု ကြည်လင်နေသည်မို့ ကော်ဖီတစ်ခွက်နှင့်ဝရန်တာမှာ ကျွန်တော်စာရေးနေသည်။ ကော်ဖီကို တစ်ငုံသောက်ပြီး ခွက်ကိုပြန်အချ၊ မျက်နှာချင်းဆိုင်တိုက်က ဝရန်တာမှာ ကောင်မလေးတစ်ယောက်ကို တွေ့လိုက်ရသည်။ ခပ်ပါးပါး တိုက်ခတ်လာသည့် လေကြောင့် သူမ၏ဆံနွယ်လေးတွေ လွင့်နေသည်။ သေးသွယ်သည့် နှုတ်ခမ်းလေးနှင့် နီရဲနေသည့် ပါးမို့မို့လေးက ရွှေလိုဝါဝင်းသော သူမအသားရည်နှင့် ပနံသင့်လှသည်ဟု ကျွန်တော်ထင်သည်။ ကျွန်တော်ဘက်ကို သူ တစ်ချက်လေးတောင် လှည့်မကြည့်၊ သူမကိုကျွန်တော် ကြည့်နေတုန်းမှာပဲ အိမ်ထဲသို့ ပြန်ဝင်သွားသည်။ သူ အိမ်ထဲသို့ ပြန်ဝင်သွားသည့်အချိန်တွင် ကျွန်တော့်ရင်ထဲ ဟာတာတာ ဖြစ်ကျန်ခဲ့ရသည်။ အိမ်ထဲသို့ သူမဝင်သွားသည့်တိုင် သူ ပုံရိပ်တွေ ကျွန်တော့် အတွေးထဲ ထင်ကျန်နေသည်။ ကျွန်တော့် အရင်က ဒီလိုမဖြစ်ဖူးခဲ့၊ မိန်းကလေး တစ်ယောက်က ကျွန်တော်မျက်စိရှေ့မှာ ဘယ်လောက်ကြီးလှနေပါစေ လှတယ်လို့ပဲ ကျွန်တော့်မှတ်ယူသည်။ ရင်ထဲမည်သည့်ခံစားမှုမျိုးမှ မဝင်ရောက်ခဲ့ပေ။ ဒီတစ်ကြိမ်မှာတော့ ကျွန်တော်ရင်ထဲ အမျိုးအမည်မသိသော ဝေဒနာတစ်ရပ်ဝင်ရောက်လာသည်။

“သူ့ကိုငါချစ်မိသွားပြီလား”

ကိုယ့်ကိုယ်ကိုယ် မေးကြည့်သည်။

“သား ဘာတွေစဉ်းစားနေတာလဲ”

ကျွန်တော့်အနားကို အမေရောက်လာမှ သတိဝင်လာကာ ခေါင်းခါပြလိုက်ပြီး “သားစာရေးနေတာ”ဟု စာရွက်ပေါ်ရေးပြီး အမေ့ကို ပြလိုက်သည်။

“အခန်းထဲမှာပဲ ရေးတော့လေ မှောင်နေပြီ”

အမေ့စကားကြောင့် ကျွန်တော်ခေါင်းညိတ်ပြလိုက်သည်။ ကော်ဖီခွက်နှင့် စာအုပ်တွေကို ယူကာ အခန်းထဲသို့ ကျွန်တော်ဝင်ခဲ့သည်။ သို့သော် သူမပုံရိပ်က ကျွန်တော့်အမြင် အာရုံထဲမှ မထွက်၊ ထိုနေ့ညတစ်ညလုံး ကျွန်တော် စာလည်းဆက်မရေးဖြစ် သူမအကြောင်း စဉ်းစားရင်း ညဥ့်နက်မှ အိပ်ပျော်ခဲ့သည်။

× × × × ×

ညနေဆိုရင်သူမ ဝရန်တာဘက် ထွက်လာသည်။ ခဏအကြာ ပြန်ဝင်သွား၏။ ကျွန်တော့်ဘက်ကို နည်းနည်းလေးတောင် ယောင်လို့လှည့်မကြည့်ခဲ့ပါ။ ညနေပေါင်းများစွာ ကုန်ဆုံးလို့ တစ်လဆိုသည့် အချိန်ကာလသို့ ရောက်ခဲ့ပြီဖြစ်သည်။ ဖြစ်နိုင်လျှင် သူမအနားကို ကျွန်တော်သွားချင်သည်။သူမအတွက် ကျွန်တော်ရေးထားသည့် ကဗျာတွေကို ပေးဖတ်ချင်သည်။ ကျွန်တော်ရေးခဲ့သည့် စာအုပ်တွေအကြောင်း ပြောပြချင်သည်။ ကျွန်တော့်အားနည်းချက်ကို သူမသိပြီး အထင်သေးသွားမှာလည်း စိုးရသည်။

“အမေ့ကိုပြောစရာရှိလို့”

ဟု စာရွက်ပေါ်ရေးပြီး အမေ့ကိုပြသည်။

“ဘာလဲသား၊ ပြောလေ”

“သားအမှန်တိုင်းပြောမယ်နော်၊ အမေ စိတ်မဆိုးနဲ့” စာရွက်ပေါ်က စာကိုဖတ်ပြီးအမေ ရီသည်။

“အမလေးဟယ် သားအမိချင်းပဲ ပြောစရာရှိတာပြောစမ်းပါ”

“ဟိုဘက်အိမ်က မိသားစုအကြောင်း သိချင်တယ်”ဟု ကျွန်တော်ရေးလိုက်သည်။

“ဘာများလဲလို့ ငါ့သားရယ်၊ အမေသိရသလောက်ကတော့ သူတို့ကနောက်လဆိုရင် စင်ကာပူကို အပြီးပြောင်းတော့မှာ၊ ဒီမှာဗီဇာကိစ္စအဆင်မပြေသေးဘူးလို့ကြားတာပဲ”

“သားလေ ဟိုဘက်အိမ်က ကောင်မလေးကို ချစ်နေမိပြီအမေ”

“ဗုဒ္ဓေါ”

ဒီတစ်ခါ ကျွန်တော့်စာကိုဖတ်ပြီး အမေ ဘုရားတသွားသည်။ ကျွန်တော့်ကိုအမေ တစ်ချက်ကြည့်လိုက်ပြီး။

“သားရယ် တခြားကောင်မလေးကို ကြိုက်လို့မရဘူးလား၊ နောက်လဆိုရင် သူကနိုင်ငံခြားသွားတော့မှာ၊ မြန်မာပြည်ကို ပြန်လာဖို့ဆိုတာ မသေချာဘူး” ကျွန်တော် ခေါင်းခါပြသည်။

“သူ့ကိုပဲ ကျွန်တော်ချစ်တယ်အမေ၊ သူ့ကိုကျွန်တော် ပထမဆုံးနဲ့နောက်ဆုံး ချစ်မိသွားတာ၊ သားကိုအမေကူညီပေးပါ့လား”

နောက်ဆုံးကျွန်တော်အတွက် အားကိုးစရာက အမေပဲရှိတော့သည်။ ကျွန်တော့်စာကိုဖတ်ပြီး အမေမျက်ရည်ဝဲသည်။

“အေးပါ အမေတတ်နိုင်သလောက် ကူညီမယ်” အမေ့စကားကိုကြားရတော့ ကျွန်တော်ပျော်သည်။

“အခုအမေ ဘာလုပ်ပေးရမလဲ”

အားတက်သရော မေးလာသည့် အမေ့ကို ကြည့်ပြီး ကျွန်တော်အားရှိသွားသည်။

“အဲဒီဘက် အိမ်နဲ့ နည်းနည်းရင်းနှီးအောင် လုပ်ပေး၊ သူ့နာမည်လည်း သိချင်တယ်” ကျွန်တော် ရေးပြလိုက်သည့်စာကိုဖတ်ပြီး။

“ဒီနေ့သိစေရမယ်” ပြတ်သားလှသည့် အမေ့စကားကို ကျွန်တော်ကြားလိုက်ရသည်။

× × × × ×

“နာမည်က ယွန်းရွှေရည်၊ တစ်ဦးတည်းသော သမီး၊ ဘာသိချင်သေးလဲ”

ညပိုင်း အခန်းထဲမှာကျွန်တော် စာရေးနေစဉ် အမေဝင်လာကာ သူ့အကြောင်း ပြောပြသည်။

“ဒီကဗျာ စာအုပ်လေးနဲ့ သားရေးထားတဲ့ ဝတ္ထုစာအုပ်လေးကို ပေးပေးပါအမေ”

ကျွန်တော့်စာကို အမေကြည့်ပြီးမျက်ရည်ဝဲသည်။

“ဒီစာအုပ်နှစ်အုပ်ကို မပေးပါနဲ့လား သားရယ်”

“ဘာလို့လဲ” ဟု ကျွန်တော်ရေးပြသည်။ ကျွန်တော့်ကိုအမေ တစ်ခုခုပြောဖို့ ဟန်ပြင်လိုက်ပြီးမှ ဘာမှမပြောတော့ပေ။

“အမေပေးပေးပါ့မယ်” ဟု ပြောပြီး ကျွန်တော့်အခန်းထဲက အမေထွက်သွားသည်။ ရေးလက်စ ဝတ္ထုကို လက်စသတ်ပြီး အိပ်ရာဝင်ခဲ့သည်။ အိပ်မက်ထဲမှာ သူမနှင့် ကျွန်တော် လက်ချင်းတွဲ၍ ရောင်စုံပန်းဥယျာဉ်ထဲမှာ ပျော်မြူးစွာ ရှိနေ၏။

× × × × ×

“သားရေးတဲ့ ဝတ္ထုကို ယွန်းရွှေရည်က ကြိုက်တယ်တဲ့၊ နောက်ထပ်လည်းအားပေးနေမယ်တဲ့” မနက်ခင်းမှာ မင်္ဂလာသတင်းကို မင်္ဂလာရှိစွာကျွန်တော်ကြားလိုက်ရ၏။

“နောက်ပြီး”

အမေ့စကားသံတွေ ဆွံ့အသွားသည်။ ပြောသင့်မပြောသင့် ချိန်ဆနေသည်။

ကျွန်တော်အလျင်အမြန်ပဲ စာရွက်ပေါ် ချရေးပြီးပြလိုက်သည်။

“နောက်ပြီးဘာဖြစ်လဲအမေ”

“သူတို့သဘက်ခါဆို စင်ကာပူကိုသွားကြတော့မယ်”

ကျွန်တော့်ခေါင်းထဲ မိုက်ခနဲဖြစ်သွားသည်။ ပါးပြင်ပေါ် မျက်ရည်က သူ့အလိုလို ကျလာသည်။ အာခေါင်တွေခြောက်သလို ဖြစ်လာကာ ကျွန်တော့်ရင်ထဲမွန်းကျပ်လာသည်။

× × × × ×

ကားထဲ အထုပ်တွေ ပစ္စည်းတွေထည့်ကာ အားလုံးအလုပ်ရှုပ်နေသည်ကို ကျွန်တော် လှမ်းမြင်ရသည်။

“သူတို့ကို သွားနှုတ်ဆက်ရအောင်သား”

“ခဏအမေ” ဟု ရေးပြလိုက်ပြီး အခန်းထဲက ကျွန်တော့်ကဗျာစာအုပ်တစ်အုပ်သွားယူလိုက်သည်။ အခန်းထဲက ကဗျာစာအုပ်ယူပြီး ကျွန်တော်ထွက်လာတာအမေမြင်တော့ အမေငိုသည်။

“မငိုပါနဲ့အမေ ကျွန်တော်ချစ်နေတာ သူသိရင်ပဲ ကျေနပ်ပါပြီ”ဟု ကျွန်တော့်စိတ်ထဲက ပြောလိုက်သည်။

ကျွန်တော်တို့ အပြင်ရောက်သည့်အချိန်တွင် သူတို့မိသားစုက သွားဖို့ဟန်ပြင်နေပြီဖြစ်သည်။ သူ့ကို ကျွန်တော်ကြည့်လိုက်သည်။ ကျွန်တော့်ကို သူမကမကြည့်။ ရင်နင့်ရ၏။

“ဒေါ်သူဇာတို့သားအမိ၊ သွားတော့မယ်နော် စင်ကာပူကိုအလည်လာရင် အိမ်ဝင်ခဲ့နော်” သူက အမေ့ကိုနှုတ်ဆက်သည်။ ကျွန်တော့်အမေက ခေါင်းညိတ်ပြလိုက်သည်။

“သမီး ယွန်းရွှေရည်၊ အန်တီသားက ကဗျာစာအုပ်လေးပေးချင်လို့တဲ့”

သူကို ကျွန်တော့်အမေ ပြောလိုက်သည်။ သူကားပေါ်က ဆင်းလိုက်ပြီး ကျွန်တော့် အနားသို့ သူကို အမေက တွဲခေါ်လာသည်။ စာအုပ်ကို ကျွန်တော်ထိုးပေးလိုက်ပေမယ့်လည်း သူရဲ့ဖြူဖွေးတဲ့ လက်အစုံက စာအုပ်အနား ရောက်မလာပါ။ စာအုပ်ကို သူ လက်ထဲ ကျွန်တော်ထည့်လိုက်သည်။ သူ မျက်စိ မမြင်ဘူးဆိုတာ ကျွန်တော်လုံးဝမသိခဲ့၊ ကျွန်တော့်ပါးပြင်ပေါ် မျက်ရည်တို့ အဆီးအတားမရှိ ကျလာသည်။

“ကျေးဇူးပဲနော် ကိုချစ်ဦး၊ လေယာဉ်ပေါ် ရောက်မှ အမေ့ကိုဖတ်ခိုင်းရမယ်၊ အန်တီ သွားတော့မယ်နော်”

ကျွန်တော်သူရဲ့ နှုတ်ဆက်စကားတွေကို မကြားချင်တော့ပေ။ ကားလေးက တအိအိဖြင့် ကျွန်တော့်တို့မြင်ကွင်းက ပျောက်ကွယ်သွားသည်။ အမေ့ကို ကျွန်တော်ကြည့်လိုက်သည်။ အမေက ရိပ်မိသွားဟန်တူသည်။

“ဟုတ်တယ်သား၊ သမီးယွန်းရွှေရည်က မွေးရာပါ မျက်စိမမြင်ဘူး သားကိုပြောပြချင်ပေမယ့်လည်း အမေပြောမထွက်ဘူး”

ကျွန်တော်အော်ငိုလိုက်သည်။ အသံကား ထွက်မလာပေ။ ။


## မျိုးဆက်သစ်ရင်ပြင်
## လူငယ်ကလောင်ရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် **မျိုးဆက်သစ်ရင်ပြင်** အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ မျိုးဆက်သစ် လူငယ်လူရွယ်များအနေဖြင့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် ရေးသားပေးပို့နိုင်ပါသည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် နှစ်သက်ရာဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

**မျိုးဆက်သစ်ရင်ပြင်** သို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ဖော်ပြရွေးချယ်ခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို **mirrormyosathit@gmail.com** သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

(စာတည်းအဖွဲ့)

ဆောင်းပါး

■ ချစ်ခိုင်စံ(ဘီအီးဒီ)

# စည်းကမ်းရှိမှ လူ့ဘောင်လှ

(၁)

ကျွန်တော်က မီးရထားဝန်ထမ်း သားသမီး ဖြစ်သဖြင့် ဘူတာနှင့်နီးသော မီးရထားဝန်ထမ်း အိမ်ရာတွင် နေရပါသည်။ ထို့ကြောင့် မီးရထားနှင့် ခရီးသည်များအကြား အဆင်ပြေခြင်း၊ အဆင်မပြေခြင်းနှင့် သက်ဆိုင်သော မြင်ကွင်းတော်တော်များများကို သိခွင့်၊ မြင်ခွင့်ရနေပါ၏။ ထိုအထဲတွင်မှ ကျွန်တော့်ရင်ကို လှုပ်ခါစေသော မြင်ကွင်း တစ်ခုသည် နေ့စဉ်နေ့တိုင်း ဖြစ်ပေါ်နေပါသည်။ ထိုမြင်ကွင်းမှာ အခြားမဟုတ်။ ခရီးသည် တချို့သည် ဘူတာ၌ ရထားမရပ်သေးခင် သူ့ထက်ငါဦးအောင် အပြေးအလွှား ခုန်ဆင်း၊ ခုန်တက် ပြုနေကြခြင်းပေတည်း။ မည်မျှအလျင်လိုနေသည် မသိ။

ထိုသို့ ရထားမရပ်သေးခင် အပြေးအလွှား အဆင်း၊ အတက် ပြုလုပ်ခြင်းသည် အန္တရာယ်များပါ၏။ တချို့မှာ ခြေခေါက်လဲခြင်းများ၊ ခေါင်းပေါက်၊ ဒူးပြဲ၊ နဖူးကွဲခြင်းများ ဖြစ်ကြရပါသည်။ အခန့်မသင့်လျှင် တစ်ခါတစ်ရံ ရထားအောက်ထဲသို့ ရောက်သွား၍ အသက်ဆုံးရှုံးရသည်များလည်း တွေ့ရဖူးပါ၏။ မြန်မာ့မီးရထားဘက်မှလည်း "ခရီးသည်များ ရထားမရပ်မီ အတက်၊ အဆင်းမပြုရ"ဟု အတိအလင်း ကြေညာသတိပေးထားပါသည်။ သို့သော် အဘယ့်ကြောင့် ခရီးသည်များ မလိုက်နာကြပါသလဲ။ ဤသတိပေးကြေညာချက်အား မလိုက်နာနိုင်၍ မဟုတ်တန်ရာချေ။

ထို့ပြင် ကျွန်တော်တို့နိုင်ငံ၌ မကြာခဏ ဆိုသလိုလည်း ယာဉ်တိုက်မှုများ ဖြစ်ပေါ်နေပါ၏။ အကြောင်းမှာ ယာဉ်မောင်းသူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အတိအကျမလိုက်နာဘဲ တစ်စီးနှင့်တစ်စီး ပြိုင်မောင်းခြင်း၊ ကျော်တက်မောင်းနှင်ခြင်း၊ သတ်မှတ်မိုင်နှုန်းထက် ပိုမောင်းခြင်း၊ သောက်စားမူးယစ်၍ မောင်းနှင်ခြင်း တို့ကြောင့် ဖြစ်ပါ၏။ အသို့ဆိုလျှင် ယာဉ်မောင်းသူများ အနေဖြင့် ချမှတ်ထားသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို မလိုက်နာနိုင်ကြ၍ ဤသို့မောင်းနှင်ကြခြင်း ပေလော။ အမှန်မှာ ယာဉ်မောင်းသူတိုင်း လိုက်နာနိုင်ကြပါ၏။ သို့သော် မလိုက်နာကြပေ။ အဘယ့်ကြောင့်နည်း။

ယခုဆိုလျှင် ကျွန်တော်တို့မြို့၌ ဆိုင်ကယ်စီးသည့်အခါ ဆိုင်ကယ်စီးဦးထုပ် မဆောင်းလျှင် ဖမ်းယူစစ်ဆေး၊ အရေးယူနေပြီ ဖြစ်ပါသည်။ ထိုသို့ ဖမ်းယူမစစ်ဆေးခင် ကာလများတွင် ဆိုင်ကယ်စီးသူများအနေဖြင့် ဆိုင်ကယ်စီးဦးထုပ် ဆောင်းဖို့ရန် ဝန်လေးနေကြပါ၏။ ယခုလို ဖမ်းနေစဉ် ကာလများတွင်လည်း တချို့ဆိုင်ကယ်စီးသူများမှာ လစ်ရင်လစ်သလို ဆိုင်ကယ်စီးဦးထုပ် မဆောင်းကြသေးပေ။ အဘယ့်ကြောင့်နည်း။ ဆိုင်ကယ်စီးသူများအနေဖြင့် ဆိုင်ကယ်စီးသည့်အခါ ဆိုင်ကယ်စီးဦးထုပ် ဆောင်းရမည်ကို မသိ၍လော။ သတ်မှတ်ထားသော စည်းကမ်းကို မလိုက်နာနိုင်၍လော။ ဤသို့လည်း မဟုတ်တန်ရာချေ။

ထို့ပြင် ကျွန်တော်တို့နိုင်ငံသည် အမှိုက်အလွန်ပွသော နိုင်ငံဖြစ်ကြောင်း အားလုံးအသိ ဖြစ်ပါသည်။ မြူနီစီပယ်များနှင့် တာဝန်သိပြည်သူများက မည်မျှပင် အမှိုက်လိုက်ကောက်ကြပါစေ၊ အမှိုက်က ပွမြဲပေတည်း။ အကြောင်းမှာ ကျွန်တော်တို့နိုင်ငံ၌ အမှိုက်ချသူနှင့် အမှိုက်ကောက်သူကြား အချိုးကွာဟမှုမှာ များလွန်းနေသောကြောင့် ဖြစ်ပါ၏။ အသို့ဆိုလျှင် အမှိုက်ချသူများအနေဖြင့် မိမိနိုင်ငံ၊ မိမိပတ်ဝန်းကျင် သာယာလှပဖို့ အမှိုက်မချသင့်ကြောင်း ပညာပေးအသိ မရှိ၍လော။ ဤသို့မဟုတ်တန်ရာချေ။ လူတိုင်းလူတိုင်း အမှိုက်ကို စည်းကမ်းမဲ့မချသင့်ကြောင်း သိကြပါ၏။ သို့သော် အဘယ့်ကြောင့် ဖောက်ဖျက်ကြပါသနည်း။

(၂)

ဆောင်ပုဒ်တစ်ခုရှိသည်။ "စည်းကမ်းဟူသည် လူ့တန်ဖိုး" ဟူ၏။ ထိုစကားအရ စည်းကမ်းရှိသောလူကို တန်ဖိုးရှိသောလူဟု ခေါ်နိုင်ပါသည်။ ထို့အတူ စည်းကမ်းရှိသော ဝန်းကျင်ကို တန်ဖိုးရှိသော ဝန်းကျင်၊ စည်းကမ်းရှိသော နိုင်ငံကိုတန်ဖိုးရှိသော နိုင်ငံဟု ခေါ်ပါ၏။ စိန်၊ ရွှေ၊ ရတနာ၊ ကျောက်သံပတ္တမြားထွက်သော နိုင်ငံကို တန်ဖိုးရှိသောနိုင်ငံဟု ဘယ်တုန်းကမျှ မသတ်မှတ်ခဲ့ဖူးပါချေ။ သဘာဝသယံဇာတ ကြွယ်ဝရုံဖြင့်လည်း တန်ဖိုးရှိသောနိုင်ငံ မဖြစ်နိုင်ပါ။ စည်းကမ်းရှိသော ပြည်သူပြည်သားများ စုရုံးနေထိုင်မှ တန်ဖိုးရှိသောနိုင်ငံ ဖြစ်နိုင်ပါ၏။

စင်ကာပူနိုင်ငံ၊ ဂျပန်နိုင်ငံများသည် သဘာဝသယံဇာတ မကြွယ်ဝကြပေ။ သို့သော် ထိုနိုင်ငံများကို တန်ဖိုးရှိသော နိုင်ငံများအဖြစ် သတ်မှတ်နိုင်ပါ၏။ အဘယ့်ကြောင့်ဆိုသော် ထိုနိုင်ငံသားများသည် စည်းကမ်းရှိကြသောကြောင့်ပေတည်း။ ထိုနိုင်ငံသားများသည် နိုင်ငံတော်မှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို အမြဲတမ်းစောင့်ထိန်းကြပါ၏။

စင်ကာပူနိုင်ငံသားများနှင့် ဂျပန်နိုင်ငံသားများသည် ကားကို စိတ်ထင်သလို မမောင်းနှင်ကြပေ။ သတ်မှတ်မိုင်နှုန်းအတိုင်းသာ မောင်းကြပါ၏။ အမှိုက်များကို ကြုံသလို မပစ်ချကြပေ။ အမှိုက်ပုံးထဲသို့သာ စနစ်တကျ ထည့်ကြပါ၏။ အမှိုက်ပုံးကို အလွယ်တကူ ရှာမတွေ့လျှင် မိမိအမှိုက်ကို မိမိလက်ဝယ် ထိန်းသိမ်းထားတတ်ကြပါသည်။ ဤသည်မှာ အဘယ့်ကြောင့်နည်း။ အကြောင်းမှာ နိုင်ငံသားတိုင်းသည် စည်းကမ်းဖြင့် နေထိုင်ရသည်ကို ယဉ်ပါးနေသောကြောင့်ပေတည်း။ တစ်နည်းအားဖြင့် မိမိနိုင်ငံတော်ကို စိတ်ရင်းဖြင့် အမှန်တကယ် ချစ်မြတ်နိုးသောကြောင့် စည်းကမ်းရှိစွာ စောင့်ထိန်းနေကြခြင်းသာ ဖြစ်ပါ၏။

နိုင်ငံတော်၏ ရုပ်ဆင်းအင်္ဂါကို လှပတင့်တယ်စေချင်လျှင် နိုင်ငံသားတိုင်း စည်းကမ်းရှိကြဖို့လိုကြောင်းလည်း သူတို့အားလုံး သိကြပေသည်။ သိသည့်အတိုင်းလည်း ကျင့်ကြံကြသဖြင့် သူတို့နိုင်ငံများသည် အမြဲတမ်း သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပနေမြဲဖြစ်ပါသည်။ ထို့ကြောင့် သူတို့နိုင်ငံတော်သည်လည်း တန်ဖိုးတက်လာပါတော့၏။

(၃)

ကျွန်တော်တို့နိုင်ငံတော်သည် သဘာဝသယံဇာတများ ကြွယ်ဝသည်၊ ရှေးဟောင်းအမွေအနှစ်များ ပေါများသည်၊ ယဉ်ကျေးမှုများ ထွန်းကားပါသည်။ သို့သော် ထိုအရာများနှင့် မလိုက်ဖက်အောင် နိုင်ငံသားတချို့က စည်းကမ်းမဲ့နေကြပါသေးသည်။ နိုင်ငံအပေါ် ချစ်မြတ်နိုးမှုစိတ်ဓာတ် အားနည်းနေကြပါသေးသည်။ ထို့ကြောင့် ကျွန်တော်တို့နိုင်ငံသည် ကမ္ဘာ့အလယ်တွင် တန်ဖိုးကျဆင်းရပါ၏။ ဂုဏ်သိက္ခာညှိုးနွမ်းရပါ၏။ ကျက်သရေ မှေးမှိန်ရပါ၏။ အင်မတန် ဝမ်းနည်းဖွယ်ကောင်းပေစွ။

ဖြစ်နိုင်လျှင် နိုင်ငံသားအားလုံး ကိုယ့်စည်းကိုယ့်ကမ်းဖြင့် နိုင်ငံ၏တန်ဖိုးတရားကို မြှင့်တင်သင့်ပါသည်။ စည်းကမ်းမဲ့စရိုက်များကို အပြီးတိုင် စွန့်လွှတ်သင့်ပါ၏။ စည်းကမ်းမဲ့မှုမှန်သမျှကို စိတ်ကွယ်ရာအရပ်တွင်ပင် မကျူးလွန်သင့်တော့ပေ။ အရာရာကို စည်းနှင့်ကမ်းနှင့် ပြုမူ၊ ပြောဆို၊ ကျင့်ကြံတတ်ဖို့ ကြိုးစားလေ့ကျင့်သင့်ပါသည်။ သို့မှသာ ကမ္ဘာ့အလယ်တွင် မြန်မာဟူ၍ မျက်နှာပွင့်လန်း ဂုဏ်ရည်လွှမ်းနေပါလိမ့်မည်။

တကယ်တမ်းတွင် နိုင်ငံတော်မှ ချမှတ်ထားသော လူ့စည်းကမ်း၊ ပတ်ဝန်းကျင်စည်းကမ်းများသည် နိုင်ငံသားတို့၏ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ပိတ်ပင်ထားခြင်းမဟုတ်ပါ။ နိုင်ငံသားတို့၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို စောင့်ရှောက်ကာကွယ်ဖို့ရန် လိုအပ်၍ချမှတ်ထားခြင်းများသာ ဖြစ်ပါ၏။ ကျွန်တော်တို့ နိုင်ငံသားများအနေဖြင့် လိုက်နာသင့်ပေသည်။

လိုက်နာရန်မှာလည်း မခက်ပါချေ။ တစ်ဦးချင်းစီတွင် ကိုယ်ပိုင်စည်းကမ်းရှိထားဖို့သာ လိုပါ၏။ သို့ဖြစ်ပါ၍ "စည်းကမ်းရှိမှ လူ့ဘောင်လှ"ဟု ခေါ်ရလောက်အောင် ကျွန်တော်တို့အားလုံးအရာရာတွင် စည်းနှင့်ကမ်းနှင့် ပြုမူကြဖို့ လိုအပ်ပါကြောင်း ဆွေးနွေးမိပါတော့သည်။ ။

## စည်းကမ်းလိုက်နာ ဘေးကင်းကွာ

ဆိုင်ကယ်စီးရာအမြဲသာ
ဦးထုပ်ဆောင်းပါဗျာ။
ကားမောင်းရာတွင်ခါးပတ်ပတ်
သေချာအမြဲမှတ်။
မျဉ်းကျားဖြတ်လျှင်သတိယှဉ်
အရှိန်လျှော့ဖို့ပင်။
မီးပွိုင့်ရောက်လျှင်သတိထား
ကြည့်ပါအမှတ်သား။
အကွေ့များမှာဟွန်းတီးပါ
မျက်စိရှင်ပါဗျာ။
အရက်သောက်ကာမမောင်းနဲ့
သေချာဆင်ခြင်ကွဲ့။
လူတစ်ယောက်ရဲ့အသက်ဟာ
အဖိုးတန်ပေတာ။
စည်းကမ်းရှိစွာမောင်းနှင်မှ
ဘေးရန်ကင်းစင်ကြ။
အသက်ချမ်းသာရ။

အဂ္ဂမိုး

## ဝါဆို သင်္ကန်း လှူကြမယ်

ပုန်းညက်ခွာညို ဝါဆိုပန်းတို့
ဝေဖြာလန်းဆန်း ပွင့်ကြတယ်။
ဖြူစိမ်းတူညီ မျိုးဆက်ပန်းတို့
ရည်မှန်းဒါန ပန်းလှူမယ်။
ကျောင်းသား ဆရာ မိဘပေါင်းလို့
ကုသိုလ်ကောင်းမှုပြုကြတယ်။
နိဗ္ဗာန်ကိုလေ ရည်မျှော်မှန်းတော့
ရွှေကြာသင်္ကန်း ဆက်ကပ်မယ်။
အများကောင်းမှု အကြောင်းပြု
ပေါင်းစုဒါန ကျောင်းတော်ဝယ်။
လှူကြမယ် လှူကြမယ်။

မောင်ရိုးဂုဏ်(သရက်တော)

■ သက္ကရာဇ်

# ငယ်ဘဝ အမှတ်တရများ

လူတိုင်း လူတိုင်းမှာ ငယ်ဘဝရဲ့ အမှတ်တရလေးတွေဆိုတာ အနည်းနဲ့အများတော့ ရှိခဲ့ကြမှာပါ။ သာယာကြည်နူးဖွယ် အမှတ်တရလေးတွေလည်း ရှိနိုင်သလို၊ နာကျင်ကြေကွဲဖွယ်အမှတ်တရတွေကိုမှ ပိုင်ဆိုင်ခဲ့ဖူးသူတွေလည်း ရှိနေကြမှာပါ။

ကျွန်တော့်ရဲ့ ငယ်ဘဝအမှတ်တရတွေကို ပြန်တွေးကြည့်မိတော့ အာရုံထဲမှာ ပြန်မြင်ယောင်မိလာတာက ကျွန်တော့်အဘွားရယ်၊ အဘွားက ကျွန်တော့်ကို ဖတ်ခိုင်းပြီးတော့ အဘွားကို ကျွန်တော် ပြန်ဖတ်ပြခဲ့ရတဲ့ စာအုပ်တွေအကြောင်းပါပဲ။ ကျွန်တော် ဒုတိယတန်းတက်တဲ့နှစ်မှာ အဖေဟာ ရန်ကုန်ကနေ ကယားပြည်နယ် လွိုင်ကော်မြို့ကို အလုပ်တာဝန်နဲ့ ပြောင်းရွှေ့ရပါတယ်။ အဖေသွားရပြီဆိုတော့ အမေလည်း လိုက်သွားရတော့တာပေ့ါ။ ကျွန်တော့်ကိုတော့ ခရီးဝေးလွန်းတဲ့အပြင် ကျောင်းကတစ်ဖက်နဲ့မို့ ခေါ်သွားလို့မရတာကြောင့်ပဲ အမေ့ရဲ့အမေ(အဘွား)နဲ့ပဲ ကျွန်တော့်ကိုထားခဲ့ကြရပါတယ်။

အဲဒီလိုမျိုး အဘွားနဲ့နေခဲ့ရတာကြောင့်ပဲ ကျွန်တော်ဟာ ငယ်ငယ်တည်းက စာဖတ်တဲ့အလေ့အကျင့်ရခဲ့ပြီး စာအုပ်တွေကို ချစ်တတ်ခဲ့တာလည်း ဖြစ်ပါတယ်။ အကြောင်းကတော့ ကျွန်တော့်အဘွားဟာ စာအလွန်ဖတ်ပါတယ်။ သူငယ်ငယ်ကဆို စာဖတ်လွန်းလို့ အိမ်အလုပ်တွေမပြီးတာနဲ့ ခဏခဏ အရိုက်ခံရဖူးကြောင်း ကျွန်တော့်ကို ပြန်ပြောပြပါတယ်။ သူ့မှာ စာအုပ်မျိုးစုံထည့်ထားတဲ့ သစ်သားသေတ္တာကြီးတစ်လုံးလည်း ရှိပါတယ်။ သူအသက်ကြီးလာတဲ့အခါကျတော့ မျက်လုံးမကောင်းတော့တာကြောင့် စာတွေမဖတ်နိုင်တော့ပါဘူး။ အဲဒီအခါကျတော့ သူဖတ်ချင်တဲ့ စာအုပ်ကို ကျွန်တော့်ကို ဖတ်ပြခိုင်းပါတယ်။ စာတစ်ခါဖတ်ပြပြီးတိုင်းလည်း ကျွန်တော် စားချင်တာဝယ်ကျွေးတယ်၊ ကျွန်တော်သုံးဖို့ မုန့်ဖိုးပေးတတ်တယ်။

အစတုန်းကတော့ မုန့်ဖိုးရတာရယ်၊ စားချင်တဲ့မုန့်စားရတာရယ်ကြောင့် အဘွားကို စာဖတ်ပြခဲ့တာဖြစ်ပေမယ့် တဖြည်းဖြည်းနဲ့ ကျွန်တော်ကိုယ်တိုင်က စာဖတ်ရတာကို ဝါသနာပါမှန်းမသိ ပါလာခဲ့ပါတယ်။ ကျွန်တော်ကိုယ်တိုင်က စာဖတ်ရတာကို နှစ်ခြိုက်လာခဲ့တယ်။ ဒါကြောင့် စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက်မျိုးအပြင် ကျောင်းစာတွေပြီးလို့ အချိန်အားရပြီဆိုတာနဲ့ စာဖတ်တတ်တဲ့ အလေ့အကျင့်ဟာ စွဲမြဲခဲ့ပါတယ်။ အချိန်ရတယ်ဆိုတာနဲ့ အဘွားရဲ့စာအုပ်သေတ္တာကြီးထဲက စာအုပ်တချို့ကိုယူပြီး တစ်နေရာရာမှာ ငြိမ်ငြိမ်လေး စာထိုင်ဖတ်ရတဲ့ အရသာကို ကျွန်တော်သဘောကျမိခဲ့ပါတယ်။

အခုနေများ သေချာပြန်တွေးကြည့်မိရင် ငယ်ငယ်တုန်းက ကျွန်တော့်အဘွားရဲ့ စာအုပ်သေတ္တာကြီးဟာ ရတနာမျိုးစုံပါဝင်တဲ့ ရတနာသေတ္တာကြီးလိုပါပဲ။ အဲဒီစာအုပ်သေတ္တာကြီးထဲက စာအုပ်တွေကို ဖတ်ခွင့်ရခဲ့တာဟာ ကျွန်တော့်အတွက်တော့ တန်ဖိုးဖြတ်မရတဲ့ ရတနာမျိုးစုံကို ရရှိပိုင်ဆိုင်ခဲ့ရခြင်းနဲ့ အတူတူပဲဖြစ်ပါတယ်။ နောက်ပြီးတော့ အဲဒီရတနာတွေဟာ ဘယ်သူကမှ လာခိုးလို့မရသလို လာပြီးလုယူလို့လည်းမရခဲ့ပါဘူး။ ဟုတ်ပါတယ်၊ စာအုပ်စာပေတွေကနေရရှိတဲ့ အသိပညာအတတ်ပညာ၊ ဗဟုသုတမျိုးဆိုတာ ဘယ်သူကမှ ခိုးယူလို့မရတဲ့ ရတနာအစစ်အမှန်တွေလို့ ဆိုကြတယ်မဟုတ်ပါလား။

ကျွန်တော့်အဘွားရဲ့ စာအုပ်သေတ္တာကြီးထဲမှာ ကျွန်တော့်အတွက်တော့ ဖတ်ချင်စရာ စာအုပ်မျိုးစုံနဲ့ ပြည့်နှက်နေခဲ့ပါတယ်။ ပုံပြင်စာအုပ်တွေ၊ ကာတွန်းစာအုပ်တွေ၊သတင်းစာ ဂျာနယ်မျိုးစုံတွေ၊မဂ္ဂဇင်းစာအုပ်မျိုးစုံတွေ၊ ဝတ္ထုစာအုပ်မျိုးစုံတွေနဲ့ အဲဒီစာအုပ်အမျိုးမျိုးကပဲ ကျွန်တော့်ကို အသိပညာဗဟုသုတမျိုးစုံကို ရရှိပိုင်ဆိုင်စေခဲ့တာပဲ ဖြစ်ပါတယ်။ နောက်တစ်ခုကလည်း အဲဒီစာအုပ်လေးတွေကို ဖတ်ဖြစ်ခဲ့တာကစလို့ ကျွန်တော်ဟာ စာဖတ်တတ်တဲ့ အလေ့အကျင့် ရရှိခဲ့တာလည်း ဖြစ်ပါတယ်။ပြီးတော့လည်း ကျွန်တော် အသက်ကြီးတဲ့အထိ စာဖတ်တတ်တဲ့ အလေ့အကျင့်ဟာ စွဲမြဲကျန်နေခဲ့ပါတော့တယ်။

အဲဒီနောက်တော့ ကျွန်တော် ငါးတန်းတက်တဲ့နှစ်မှာ ကျွန်တော့်အဖေဟာ ရန်ကုန်ကို ပြန်ပြီးတော့ ပြောင်းရွှေ့လာရတဲ့အတွက် အဖေတို့နဲ့အတူပြန်နေဖို့ ကျွန်တော်အဘွားနဲ့ခွဲခွာခဲ့ရပါတယ်။ အဘွားအိမ်က ပြောင်းရတော့မယ်ဆိုတော့ အဘွားက ကျွန်တော့်ကို သူ့ရဲ့စာအုပ်သေတ္တာကြီးထဲက စာအုပ်တွေကို အမွေအဖြစ်ပေးခဲ့ပါတယ်။ငါ့မြေး လိုချင်တာအကုန်ယူသွားလို့ဆိုပေမယ့် သယ်ပိုးဖို့အခက်အခဲကြောင့် ကျွန်တော်အကြိုက်ဆုံး စာအုပ်တချို့တလေကိုပဲ ယူခဲ့နိုင်ပါတယ်။ အဘွားရယ်၊ အဘွားရဲ့ စာအုပ်သေတ္တာကြီးရယ်ကို မခွဲချင်ပေမယ့် ကျွန်တော်ခွဲခွာခဲ့ရပါတယ်။ ဒါပေမယ့်လည်း ကျွန်တော့်ရင်ထဲမှာတော့ အဘွား အစပြုပြီးမွေးဖွားပေးခဲ့တဲ့ စာဖတ်တဲ့အလေ့အကျင့်လေးဟာ ရှင်သန်ကြီးထွားနေခဲ့ပြီပဲ ဖြစ်ပါတယ်။ အဲဒီအလေ့အကျင့်လေးကတော့ ကျွန်တော်ဘယ်နေရာရောက်ရောက် ကျွန်တော်နဲ့အတူတူ ရှိနေတော့မှာလည်း ဖြစ်ပါတယ်။

အခုအချိန်ထိပါပဲ၊ငယ်ဘဝရဲ့ အမှတ်တရလေးတွေကို ပြန်တွေးကြည့်လိုက်တိုင်း ကျွန်တော်လွမ်းဆွတ်စွာနဲ့ သတိရနေမိတုန်းပါပဲ။ အဘွားနဲ့ အတူနေခဲ့ရတဲ့ အချိန်တွေရယ်၊ အဘွားကို စာတွေဖတ်ပြခဲ့ရတဲ့ အချိန်တွေရယ်ကို ကျွန်တော် လွမ်းဆွတ်စွာနဲ့ သတိရနေတုန်းပါပဲ။ ကျွန်တော့်အနားမှာ အဘွားရယ်၊သူ့ရဲ့ စာအုပ်သေတ္တာကြီးရယ် မရှိကြတော့ပေမယ့် စာအုပ်တွေကို ချစ်တဲ့စိတ်နဲ့ စာဖတ်တဲ့အလေ့အကျင့်လေးကတော့ အမြဲတမ်းတည်ရှိနေခဲ့ပါတယ်။ အဓိကကတော့ ကျွန်တော့်အဘွားကြောင့်ပဲ စာအုပ်စာပေကို ချစ်မြတ်နိုးတတ်ခဲ့တာ၊ စာဖတ်တဲ့ အလေ့အကျင့်လေး စွဲမြဲခဲ့ရတာဖြစ်တဲ့အတွက် ငယ်ဘဝကအကြောင်းတွေကို ပြန်တွေးကြည့်မိတဲ့အခါတိုင်း ကျွန်တော်ဟာ အဘွားကို ကျေးဇူးတင်မိတဲ့စိတ်၊ ချစ်ခင်မြတ်နိုးမိတဲ့စိတ်တွေနဲ့အတူ ရိုသေစွာ ရှိခိုးဦးညွှတ်မိစမြဲပဲ ဖြစ်ပါတော့တယ်။ ။

ဝတ္ထုတို

# သင်းကွဲငှက်များနားခိုရာ



## ■ မြတ်သိမ်းခိုင်(အဖျောက်)

"အဖေတို့အိမ်ကို ဒီနှစ် ဘယ်ရွှေ့ရင် ကောင်းမလဲသား" ပေါက်တူးသွေးနေသည့် သူ့သားကို ရေနွေးကြမ်းသောက်ရင်း ဦးဘတင့်က မေးလိုက်သည်။ "ဦးလေးဝင်းဖေကိုတော့ သားသွားပြီးမေးကြည့်ပါဦးမယ်။ သူ့ကိုင်းထဲမှာ သားတို့အတွက် အိမ်တစ်နေရာစာတော့ရမှာပါ" အောင်ဝင်းက သူ့အဖေဘက်သို့လှည့်၍ ပြောလိုက်သည်။ ဦးဘတင့်ကတော့ ဘာမျှပြန်မပြော။ ကမ်းပြိုသံ တဝုန်းဝုန်းကိုသာ နားစွင့်နေသည်။

ညနေစောင်းအချိန် ကိုင်းထဲမှ အောင်ဝင်းပြန်လာတော့ လမ်းတွင် ဦးဝင်းဖေနှင့် တွေ့သည်။ မနှစ်က ကိုင်းတွေ ကမ်းပြိုသည့်အထဲပါသွားတော့ ရေကျချိန် ကျွန်းသစ်ကြီးပေါ်လာသောအခါ ကိုင်းမရှိတော့သောသူများကို သက်ဆိုင်ရာက ခွဲဝေပေးသည်။ အောင်ဝင်းတို့ကိုင်းနှင့် သူ့ဦးလေး ဦးဝင်းဖေတို့ကိုင်းက ဘေးချင်းကပ်၊ ကန်သင်းချင်းထိလျက်။

ဦးဝင်းဖေက လောဘကြီးသည်။ အောင်ဝင်းတို့ကိုင်းထဲမှ မြေသုံးလက်မလောက် ခိုးယူသည်။ ထိုကိစ္စနှင့် ပတ်သက်၍ အောင်ဝင်းတို့နှင့် စကားအကြီးအကျယ်များခဲ့ကြသည်။ ထိုအချိန်မှစ၍ သူ့ဦးလေးနှင့် သူတို့ ယနေ့အချိန်ထိ စကားမပြောဖြစ်ကြ။ ယခုတော့ မပြောမဖြစ်ပြောရတော့မည်။

"ဦးလေး ဘယ်ကနေပြန်လာတာလဲ" အောင်ဝင်းက ဦးဝင်းဖေကို အောက်ကျို့သည့် အသံကလေးနှင့် နှုတ်ဆက်လိုက်သည်။ ဦးဝင်းဖေကလည်း သိမည်ထင်ပါသည်။ "ကမ်းပြိုတာသွားကြည့်တာပါကွာ" ဦးဝင်းဖေက အောင်နိုင်သူမျက်နှာမျိုးဖြင့် ပြောသည်။ ထိုမျက်နှာမျိုးကို အောင်ဝင်း မနှစ်သက်သော်လည်း အိမ်တစ်နေရာစာရဖို့အတွက်တော့ ကျိုးနွံရပါဦးမည်။ "ဦးလေးအတွက် အပန်းမကြီးဘူးဆိုရင် ဦးလေးကိုင်းထဲမှာ ကျွန်တော်တို့အတွက် အိမ်တစ်နေရာစာလောက်လေးများ ပေးလို့မရဘူးလား" အောင်ဝင်းက အရဲစွန့်၍ မေးလိုက်သည်။ ပေးပါစေဟုလည်း ရင်ထဲတွင် ဆုတောင်းနေရသေးသည်။ ဦးဝင်းဖေထံမှ ထွက်လာမည့် အဖြေစကားကိုလည်း ရင်ခုန်လှိုက်မောစွာ စောင့်နေမိသည်။ ဦးဝင်းဖေက "မင်းတို့အတွက် ငါ့ကိုင်းထဲမှာနေရာမရှိဘူး" ဟုဆိုကာ တစ်ခွန်းတည်းပြောပြီး ထွက်သွားတော့သည်။

❖ ❖ ❖

အိမ်သို့ရောက်သောအခါ အောင်ဝင်းက ပေါက်တူးကိုချကာ ခြေပစ်လက်ပစ်နှင့် ကွပ်ပျစ်ပေါ် ထိုင်ချလိုက်သည်။ ရေကလည်း တစ်နေ့တခြား တက်လာလေပြီ။ ကမ်းတွေကလည်း တစ်နေ့ထက်တစ်နေ့ ပိုပြိုသည်။ ရေမကြီးခင် အိမ်ရွှေ့မှဖြစ်မည်ဟု အောင်ဝင်းတွေးနေမိသည်။

"သား မင်းဦးလေးနဲ့တွေ့ပြီးပြီလား"

"အခုလေးတင်ပဲ လမ်းမှာတွေ့လာတယ် အဖေ"အောင်ဝင်းက လေသံပျော့ပျော့ဖြင့် ပြန်ပြောသည်။

"အဆင်ရောပြေခဲ့လား" ဦးဘတင့်အသံက စိုးရိမ်စိတ်အနည်းငယ်ရောစွက်ကာ တုန်ယင်နေသည်။

"ဘယ်ပြေမလည်းအဖေရာ သူ့ရင်ထဲက အစိုင်အခဲတွေမှ မကြေသေးတာ"အောင်ဝင်းက ရေအိုးစင်မှ ရေခွက်ကိုကိုင်ရင်း သူ့အဖေကို ပြန်ပြောသည်။

"အဖေဆို ငယ်ငယ်လေးကတည်းက ဒီကျွန်းပေါ်မှာပဲ နေလာတာ။ သုံးလေးနှစ်အတွင်းနဲ့ ရွာတွေကို တိုက်စားဝါးမျိုသွားကြလိုက်တာကွာ။ အရင်တုန်းက စည်းစည်းလုံးလုံးနဲ့ရှိခဲ့တဲ့ရွာကြီးက အကုန်ဖရိုဖရဲဖြစ်ပြီး ရွာသူ၊ ရွာသားတွေလည်း ပြိုကွဲကုန်တော့တာပဲ။ အဖေတို့လို ငွေမဲ့လူတန်းစားတွေပဲ ဒီမှာ တွယ်ကပ်ပြီးကျန်ရစ်နေရတာ"

ဦးဘတင့်က သူ့ဘဝကိုသူ မချင့်မရဲလေသံဖြင့် ပြောသည်။

"အမေ့အခြေအနေကရော ကောင်းရဲ့လား အဖေ"

အောင်ဝင်းက သူ့အမေပန်းနာရင်ကျပ်သည်ကြီးကို သတိရသွားသဖြင့် မေးလိုက်သည်။

"မနေ့ကထက်တော့ ဒီနေ့ အမောပိုဖောက်နေတယ်"

"မနက်ဖြန် မြို့သွားပြီး အမေ့အတွက် ဆေးသွားဝယ်ဦးမှပါ အဖေရာ"

အောင်ဝင်းတို့ကျွန်းမှ စက်လှေ ငါးမိနစ်လောက်စီးလျှင် မြို့သို့ရောက်သည်။ မနက်ဖြန်မြို့သို့ရောက်လျှင် သူ့အဖေ၏ ဆွေမျိုးများထံသို့သွားကာ နေစရာအတွက် အကူအညီတောင်းကြည့်ရမည်ဟု သူတွေးနေမိသည်။ ကူညီပါစေဟုလည်း သူဆုတောင်းမိပြန်ပါသည်။

"သားမှာ ပိုက်ဆံရောရှိရဲ့လား"

ဦးဘတင့်အသံကြားမှ အောင်ဝင်း သတိဝင်သွားသည်။

"ဒီနေ့ ကိုမိုးဝင်းတို့ကိုင်းထဲ ပေါက်တူးပေါက်ဆင်းတာလေအဖေ။ အဲဒါ ၅၀၀၀ ရလာတယ်"

"ဒါဆိုလည်းသားရယ် ဆန်လေး၊ ပဲလေးပါ ဝယ်ခဲ့နော်"

ဦးဘတင့်က စိတ်မကောင်းသည့်လေသံဖြင့် ပြောသည်။ ကိုင်းပိုင်မရှိတော့သဖြင့် သူများကိုင်းထဲတွင် နေ့စားလိုက်နေရသည့် သားဖြစ်သူကို သနားလာသည်။ သူလည်း တစ်ဖက်တစ်လမ်းကနေ သားဖြစ်သူကို ကူညီချင်ပါသည်။ သို့သော် သူ့မိန်းမရောဂါသည်ကြီးကို ပြုစုစောင့်ရှောက်နေရသဖြင့် ဘာအလုပ်မှ မလုပ်ရ။

❖ ❖ ❖

"မောင်အောင်ဝင်း မင်းလည်း ပျောက်ချက်သား ကောင်းနေပါ့လား။ အခုမှပဲ ပေါက်ချလာတော့တယ်"

အိမ်ဝသို့ရောက်ရောက်ချင်း သူ့ဦးလေးက အောင်ဝင်းကို မေးလိုက်သည်။ သို့သော် ဝမ်းသာသည့် လက္ခဏာတော့မပြ။ သူ့ဦးလေးတို့က ပိုက်ဆံအနည်းငယ်ရှိသည်။ ကျောက်၊သဲအရောင်းအဝယ်လုပ်သူများ ဖြစ်သည်။ အောင်ဝင်းက ပိုက်ဆံရှိသည့် သူ့ဦးလေးများထံသို့ အသွားအလာကျဲသည်။ မရှိခိုးနိုး ဆိုသည့် အထင်များကိုလည်း သူအထင်မခံနိုင်။

"ဘယ်လိုလဲ မင်းအဖေရော၊ အမေရော နေကောင်းရဲ့လား"

သူ့ဦးလေးက ပန်းကန်လုံးထဲသို့ ရေနွေးငှဲ့ထည့်ရင်းပြောသည်။ ဝတ်ကျေတန်းကျေမေးသည်လည်း ဖြစ်ချင်ဖြစ်မည်။

"အဖေကတော့ ကောင်းပါတယ် ဦးလေး။ အမေကတော့ တစ်နေ့တခြား ပိုပိုဆိုးလာတယ်။ အခုလည်း အမေ့အတွက်ဆေးလာဝယ်ရင်း ဦးလေးဆီရောက်လာတာ" သူ့ဦးလေးက ဘာများပြောမည်နည်းဟု သိလိုဇောဖြင့် အောင်ဝင်းက စကားဆက်မပြောဘဲ ငြိမ်နေလိုက်သည်။

"ဒါနဲ့ကမ်းအခြေအနေရောကွ၊ ပြိုတုန်းပဲလား" သူ့ဦးလေးက အောင်ဝင်း၏မျက်နှာကို အကဲခတ်ရင်း မေးလိုက်သည်။

"ပြိုတာမှ ပြောမနေပါနဲ့ဦးလေးရာ ညညဆို ကမ်းပြိုသံတဝုန်းဝုန်းက အိမ်ကနေကြားနေရတာ။ အိမ်နဲ့က သိပ်မဝေးတော့ဘူးလေ။ နောက်သုံးလေးရက်ဆို ကျွန်တော်တို့ ဘုံပျောက်ပြီ ဦးလေးရ" အောင်ဝင်းက အကူအညီလိုသည့် အသံနှင့်ပြောသော်လည်း သူ့ဦးလေးကတော့ အောင်ဝင်းကို ဘာစကားမှ ပြန်မပြောချေ။

"လောလောဆယ် ငါ့ခြံထဲလာနေပါ့လားကွ။ မင်းတို့အဆင်ပြေတော့ ခြံဝယ်ပြီးနေပေါ့ကွာ"ဟု ပြောလိုက်ပါ့လား ဦးလေးရာဟု အောင်ဝင်းက စိတ်ထဲမှ ပြောနေမိသည်။ အောင်ဝင်းပြန်တော့ သူ့ဦးလေးက ငွေတစ်သောင်း မုန့်ဖိုးပေးလိုက်သည်။ မယူချင်သော်လည်း အောင်ဝင်းယူလာခဲ့သည်။ မနက်ဖြန်အလုပ်မရှိလျှင် ထိုပိုက်ဆံနှင့် စားရချေဦးမည်။

❖ ❖ ❖

"သားရေ မင်းအမေတော့ အမောဖောက်နေပြီကွ" အိမ်ထဲသို့ဝင်ဝင်ချင်း ဦးဘတင့်က အောင်ဝင်းကို ဆီး၍ပြောသည်။ အောင်ဝင်း၏ ခန္ဓာကိုယ်တစ်ခုလုံး ကြမ်းပြင်ပေါ်သို့ 'ဘုန်းခနဲ' ပြစ်လှဲချင်စိတ်များ ဖြစ်သွားသည်။ ထို့ကြောင့် အိမ်တံစက်မြိတ်ကဝါးတိုင်ကို လှမ်း၍ကိုင်လိုက်သည်။ အိမ်ပေါ်သို့ ခြေလှမ်းတစ်လှမ်းခြင်း တက်သွားသည်။ သူ့အမေကိုကြည့်လိုက်တော့ အိပ်ရာထက်တွင် ဖုတ်လိုက်ဖုတ်လိုက် ဖြစ်နေသည်။

"အဖေ့ ဒီမှာဆေး"ဟုဆိုကာ အောင်ဝင်းက ဈေးမှဝယ်လာသည့် ၂၀၀ တန် စပ်ဆေးတွဲ အထုပ်ကလေးပေးပြီး သူ့အမေကို ပြေးပွေ့ထားလိုက်သည်။ ဦးဘတင့်က ရေတစ်ခွက်ခပ်လာကာ ဒေါ်စောလှကို ဆေးတိုက်လိုက်သည်။ တအောင့်ကြာတော့ ချွဲများ ပါးစပ်မှထွက်ကြကာ အသက်ရှုချောင်သွား၍ထင်သည် အနည်းငယ် ငြိမ်ကျသွား၏။ ထိုအခါကျမှ အောင်ဝင်းတို့ သားအဖနှစ်ယောက်လည်း စိတ်သက်သာရာ ရသွားတော့သည်။ သို့သော် ကမ်းပြိုသံတွေကတော့ တဝုန်းဝုန်းနှင့် ကြားနေရသည်။

❖ ❖ ❖

"ကိုအောင်ဝင်း. . . ကိုအောင်ဝင်း" အိမ်ရှေ့မှ အလောတကြီးခေါ်သံကြောင့် အောင်ဝင်း ခေါင်းထောင်ကြည့်လိုက်သည်။

"အေး. . . စိန်မောင်ပြော" စိန်မောင်က အောင်ဝင်း၏အမေ ဒေါ်စောလှဘက်မှ တော်သည် ညီအစ်ကိုတစ်ဝမ်းကွဲဖြစ်သည်။ အကူအညီလိုမှသာ ရောက်လာတတ်သည်။

"အိမ်ရွှေ့ရင်း အဖေ့ခြေထောက်ပေါ် အိမ်တိုင်ပိသွားလို့ အစ်ကို။ အဲဒါ ဆေးခန်းသွားချင်လို့ လိုက်ခဲ့ပါဦး"

"တော်တော်များလား"

"အဲဒါတော့မသိဘူး အစ်ကို။ ခြေထောက်ကတော့ မထောက်နိုင်တော့ဘူး"

အောင်ဝင်းက အိမ်ပေါ်မှ သုတ်သီးသုတ်ပျာ ဆင်းကာလိုက်သွားသည်။ စိန်မောင့်အဖေ ဦးဝင်းဖေကို လှေပေါ်သို့တွဲတင်ကာ မြို့ပေါ်ရှိဆေးခန်းသို့ ခေါ်ဆောင်လာတော့သည်။ ဆရာဝန်ကတော့ အရိုးအက်သွားသည်ဟုပြောသည်။ ကျောက်ပတ်တီးစည်းပေးလိုက်သည်။ အနည်းဆုံးတစ်လလောက်တော့ နားရချေဦးမည်။

❖ ❖ ❖

"မင်း. . . အောင်ဝင်း မဟုတ်လား"

"အေး ငါအောင်ဝင်းလေ"

"ငါ မင်းနိုင်လေကွာ။ မမှတ်မိဘူးလား"

"အော် အေးမှတ်မိပြီ။ မှတ်မိပြီ။ပိုက်ဆံမရှိလို့ ငါ့အသီးအနှံတွေ မင်းကို ခေါက်ပြန်ကြေးပေးလိုက်ရတဲ့ကောင်မလား"

ဆေးခန်းမှအထွက် လွန်ခဲ့သည့်သုံးနှစ်က ကွဲကွာခဲ့ရသည့် သူငယ်ချင်းနှင့် အောင်ဝင်းပြန်တွေ့သည်။ သူငယ်ချင်းကတော့ အရင်လို မဟုတ်။ ရွှေနှင့် ငွေနှင့် သောင်သောင်သာသာ ရှိနေသည်။

"မင်း အခုဘာတွေလုပ်လဲကွ"အောင်ဝင်းက မေးလိုက်သည်။

"ငါမြို့မှာ ပန်းရံလုပ်နေတာကွ။ တစ်နေ့ တစ်သောင်းလောက်တော့ရတယ်။ ဒီမှာထက်စာရင်တော့ သာပါတယ်"

မင်းနိုင်က ပြောသည်။

"ဒါနဲ့ မင်းကရော"

"ငါကတော့ ကြုံရာပေါ့ကွာ။ ရှိတဲ့ကိုင်းတွေကလည်း ကမ်းပြိုတဲ့အထဲပါကုန်တော့ ကြုံရာကျပန်း လုပ်နေရတာပဲကွ"အောင်ဝင်းက သူ့ဘဝကို ကြေကွဲဝမ်းနည်းစွာ ပြောပြသည်။

"ဒါဆိုမင်း ငါနဲ့ရန်ကုန်ကို အလုပ်လိုက်လုပ်ပါ့လား"

"လိုက်တော့ လိုက်ချင်ပါတယ်။ ဒါပေမယ့် လောလောဆယ် နေစရာကိုတော့ရှာရဦးမယ်။ နောက်သုံးလေးရက်လောက်ဆို ကမ်းက ငါတို့အိမ်ကိုမျိုပြီ။ ငါလည်း အဲဒီအတွက် ခေါင်းခဲနေတာ ဟေ့ကောင်ရေ။ ပိုက်ဆံကလည်း မရှိတော့ ခြံလည်းမဝယ်နိုင်ဘူး"

"ငါ ဒီမှာမရှိတဲ့ သုံးလေးနှစ်အတွင်း တော်တော်ပြောင်းလဲသွားတာပဲကွ။ မင်း. . . နေစရာအတွက်တော့ မပူနဲ့ကွ"မင်းနိုင် စကားကြောင့် အောင်ဝင်းမျက်နှာမှာ အပြုံးရိပ်များ သန်းသွားသည်။

"မြို့ပြင်မှာ ငါ့ခြံတစ်ကွက်ရှိတယ်။ ဘယ်သူမှ မနေဘူး။ ပြောရရင်တော့ ခြံထဲမှာ ထားရအောင် ယုံကြည်ရမယ့်သူ မရှိသေးလို့ပေါ့ကွာ။ မင်းတို့နေချင်တယ်ဆိုရင် ပြောင်းလာခဲ့လေ"

"ဘာပဲဖြစ်ဖြစ် နေစရာလေးရရင်ပဲ ကျေနပ်ပါတယ်ကွာ။ မင်းကိုတော့ ငါကျေးဇူးအများကြီးတင်တယ် သူငယ်ချင်း"အောင်ဝင်းက မင်းနိုင်ရဲ့လက်ကိုကိုင်ကာ အားရဝမ်းသာ ပြောသည်။

"ဒါဆို ငါမနက်ဖြန်ပြောင်းလာခဲ့မယ် သူငယ်ချင်း"

"အေးအေး. . . မင်းအိမ်ရော ငါဝိုင်းရွှေ့ပေးရဦးမလား"

မင်းနိုင်လို သူငယ်ချင်းကောင်းတစ်ယောက်ရှိသေးပဲ့လားဟု အောင်ဝင်းတွေးလိုက်သည်။

"ရွှေ့စရာမလိုပါဘူး သူငယ်ချင်းရာ။ တန်ဖိုးကြီးတာဆိုလို့ အိုးခွက်ကလွဲပြီး ဘာတစ်ခုမှ မရှိပါဘူးကွာ။ အိမ်ကဝါးအိမ်လေ။ ဒီရောက်တော့ ဝါးလေးဘာလေးဝယ်ပြီး လောလောဆယ် ဖြစ်သလိုတော့ ဆောက်နေရမှာပဲ"

"အဲဒီအတွက်တော့မပူနဲ့ကွ။ ငါ့ခြံထဲမှာ ဝါးတွေရှိတယ်"

"အဲဒါဆိုရင်တော့ အတိုင်းထက်အလွန်ပေါ့ကွာ။ အဖေသာသိရင်တော့ အတော်ဝမ်းသာရှာမှာ"

အောင်ဝင်းက မင်းနိုင်၏ ပခုံးကိုပုတ်ရင်း ပြောလိုက်သည်။

"ဒါဆို မနက်ဖြန်သာ ဆက်ဆက်လာခဲ့။ ငါစောင့်နေမယ်။ ကဲ အခုတော့ သွားလိုက်ဦးမယ်"

မင်းနိုင်က အောင်ဝင်းကို တစ်ချက်လှမ်းကြည့်ကာ လက်ပြနှုတ်ဆက်ပြီး ထွက်သွားသည်။ အောင်ဝင်းကတော့ နေစရာရသဖြင့် ရင်ထဲတွင် အမည်မဖော်နိုင်အောင် ဝမ်းမြောက်ရင်း ကျန်ရစ်ခဲ့သည်။ အိမ်သို့ရောက်လျှင်လည်း ထိုအကြောင်းကို သူ့အဖေနှင့် အမေကို အရင်ဆုံးပြောပြရမည်ဟု သူတွေးထားသည်။

❖ ❖ ❖

ပျော်ရွှင်မြူးထူးစွာ အောင်ဝင်း အိမ်သို့ သုတ်ချေတင်လာခဲ့သည်။ သူ့လိုပဲ သူ့အဖေနှင့် သူ့အမေ ပျော်လိမ့်မည်ဟု သူထင်သည်။ သူ့ဘဝတစ်ခုလုံးအတွက် ကြေကွဲဝမ်းနည်းစရာကိစ္စတစ်ခုက ဆီးကြိုနေမည်ကိုသာ သိခဲ့လျှင် ထိုသို့ အောင်ဝင်းပျော်နိုင်လိမ့်မည် မထင်ပါ။ အိမ်သို့ရောက်ရောက်ချင်း ကြားလိုက်ရသည့် အသံက. . .

"မိန်းမရယ် မင်းဘဝနောက်ဆုံး အချိန်မှာတောင် စိတ်အေးအေးချမ်းချမ်းနဲ့ မသေသွားနိုင်ပါ့လားကွာ"

အိမ်ထဲမှ ဦးဘတင့်၏ ကြေကွဲဝမ်းနည်းဖွယ် အသံကြောင့် အောင်ဝင်း၏အပျော်များ ကြက်ပျောက်၊ ငှက်ပျောက် ပျောက်ကုန်ကြသည်။ ဘာစကားမှမပြောနိုင်ဘဲ အောင်ဝင်း ပါးစပ်အဟောင်းသားလေး ဖြစ်သွားသည်။ နောက်ဆုံးအချိန်မှာ သူ့အမေအတွက် စိတ်ချမ်းချမ်းသာသာ မထားနိုင်ခဲ့သည့် သူ့ကိုယ်သူလည်း ခွင့်မလွှတ်နိုင်ခဲ့။

"ဖြစ်လေရာဘဝတိုင်း အခုလို စိတ်သောကရောက်စရာတွေနဲ့ မကြုံတွေ့ပါစေနဲ့ အမေ"ဟု အောင်ဝင်းက နောက်ဆုံးအနေနှင့် ဆုတောင်းပေးလိုက်သည်။ သူ့အမေ၏ အသုဘကို လူနည်းစုလေးနှင့် အကျဉ်းရုံး သဂြိုဟ်လိုက်သည်။

❖ ❖ ❖

တစ်ညလုံး ဦးဘတင့် အိပ်မပျော်ပါ။ ကမ်းပါးတွေ ရေထဲသို့ ခုန်ခုန်ချသွားသည့် အသံက သူ့မိန်းမအတွက်ခံစားရ၍ ကျသည့် မျက်ရည်တွေထက် အသံပိုကျယ်သည်။ တကယ်တော့ ဦးဘတင့်က သည်နေရာမှ မထွက်ခွာချင်ပါ။ သူ့မိန်းမ မစောလှ ခေါင်းချသွားသည့်နေရာလည်းဖြစ်သည်။ သူ၏ဇာတိ ချက်ကြွေ မွေးရပ်မြေလည်းဖြစ်သည်။ သို့သော် သူ့ချက်ကတော့ ကမ်းပြိုသည့်အထဲ ပါသွားသည်မှာ ဘယ်ရောက်၍ ဘယ်ပေါက်နေမှန်း သူမသိ။ ဦးဘတင့် မှေးခနဲအိပ်ပျော်သွားသည်။ အိပ်မက်ထဲတွင် အောင်ဝင်းသည် မင်းနိုင်နှင့် အတူ ကားပေါ်သို့တက်ခါနီး ဦးဘတင့်ကို လက်ပြနှုတ်ဆက်နေသည်။ ဦးဘတင့်ကလည်း မြို့ပြင်က ခြံကြီးတွင် တစ်ယောက်တည်း ခြံစောင့်အဖြစ် အထီးကျန်စွာ ကျန်ရစ်နေရမည်ကို တွေးတောရင်း ပါးစပ်မှ

"သား. . . သား"ဟု အကျယ်ကြီး အော်ခေါ်လိုက်မိသည်။

"အဖေ ဘာဖြစ်တာလဲ"ဟု အောင်ဝင်းက အလန့်တကြားလှုပ်နှိုးမှ ဦးဘတင့်က အိပ်မက်မက်ရာကနေ လန့်နိုးသွားသည်။

"ဘယ်နှစ်နာရီရှိပြီလဲ သား"ဦးဘတင့်က မေးလိုက်သည်။

"မနက် ၇ နာရီထိုးနေပြီ အဖေ။ စက်လှေလည်း ထွက်တော့မယ်။ သားတို့သွားကြရအောင်"

ထို့နောက် ဦးဘတင့်တို့ သားအဖနှစ်ယောက်သည် အထုပ်အပိုးကိုယ်စီဖြင့် စက်လှေရှိရာ ဆိပ်ကမ်းသို့ ထွက်ခွာလာခဲ့တော့သည်။ သူတို့၏ အိမ်ကလေးကတော့ ကမ်းပါးများ၏ တိုက်စားဝါးမျိုခြင်းကို ခံယူရန် ညှိုးငယ်စွာ စောင့်၍နေရစ်ခဲ့တော့သည်။ ။

ဆောင်းပါး

# စာပေသည်သာ အခရာ

■ လင်းလက်ဝေ (မော်ကျွန်း)

ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်နေချိန်တွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အင်မတန်မှ အရေးကြီးလှပေသည်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတွင် စာကြည့်တိုက်များသည်လည်း အဓိကကျသည့် အခန်းကဏ္ဍတစ်ခုအဖြစ် ပါဝင်နေသည်။ စာကြည့်တိုက်ဟူသည် စာအုပ်စာတမ်းများကို စုဆောင်းထားရှိရာ နေရာဖြစ်သည်။

ခေတ်သစ်နှင့် အမီလိုက်လိုသူတိုင်းသည် ပညာအသစ်ကို ရှာဖွေရမည်သာဖြစ်သည်။ ထို့အတူပင် စိတ်အင်အားဖွံ့ဖြိုးတိုးတက်လိုသူတိုင်းသည်လည်း ပညာအသစ်ကို ရှာဖွေရပေလိမ့်မည်။ ပညာအသစ်နှင့် မရိုးနိုင်၊ မဟောင်းနိုင်သော ပညာမှန်သမျှသည် စာအုပ်စာပေများထဲ၌ သာရှိပေသည်။ ထို့ကြောင့် စာအုပ်စာပေများကို သိမ်းထားသော စာကြည့်တိုက်ဟူသည် ပညာဗဟုသုတ တိုးပွားလိုလားသူတို့အတွက် ပညာကို လွတ်လပ်စွာရှာဖွေနိုင်သောနေရာဖြစ်သဖြင့် လူထုတက္ကသိုလ်ဟုလည်း ဆိုနိုင်သည်။ ပညာရပ်အမျိုးမျိုး၊ ဆရာအမျိုးမျိုးကို တွေ့နိုင်သော ဘဝတက္ကသိုလ်လည်း ဖြစ်ပေသည်။ သည့်အပြင်လောက၏ ပြတင်းပေါက်များဟုလည်း တင်စားနိုင်ပါပေ၏။

လူရယ်လို့ ဖြစ်လာလျှင် အာဟာရနှစ်မျိုး ဖြည့်တင်းရမြဲဖြစ်ပါ၏။ တစ်မျိုးမှာ ကိုယ်ခန္ဓာအတွက် အာဟာရဖြစ်ပြီး နောက်တစ်မျိုးမှာ စိတ်အတွက် အာဟာရဖြစ်သည်။ သို့သော် အများစုမှာ ကိုယ်ခန္ဓာအတွက် အာဟာရဖြည့်တင်းကြသော်လည်း စိတ်အတွက်မူ လျစ်လျူရှုထားကြလေ၏။ စိတ်အတွက် အာဟာရမှာလည်း အခြားမဟုတ်။ စာပေဖတ်ရှုခြင်းသာ ဖြစ်သည်။ သို့သော် လူတိုင်းစာဖတ်ကြပါ၏လော။ စာမဖတ်ကြလျှင် စိတ်အင်အားချည့်နဲ့နေကြမည်သာတည်း။

စစ်တမ်းများအရ ကျွန်မတို့နိုင်ငံတွင် စာတတ်မြောက်သူ ရာနှုန်းပြည့်နီးပါး ရှိသည်။ သို့သော် အင်မတန်ဝမ်းနည်းစရာ ကောင်းသည်မှာ စာတတ်သူတိုင်း စာမဖတ်ကြခြင်းပင်ဖြစ်ပါ၏။ အမှန်တကယ်လည်း စိတ်အာဟာရပြည့်စုံရန်အတွက် လူတိုင်းစာဖတ်ကြရန် လိုသည်။ နိုင်ငံရေး၊ လူမှုရေး၊ ဘာသာရေး၊ ပညာရေး စသည်တို့အတွက် သက်ဆိုင်သော ပညာဗဟုသုတများ သိရှိရန်နှင့် တိုးပွားအောင် ဝိုင်းဝန်းကြံဆောင်ပေးကြရန် လူတိုင်းတွင် သမိုင်းပေးတာဝန်ရှိသည်။ ထို့ကြောင့် မှန်ကန်သော အသိပညာကို ရရှိစေရန်အတွက် လိုအပ်သောစာပေဗဟုသုတများကို ထာဝစဉ်ဖြည့်ဆည်းနေရမည်ဖြစ်သည်။

ရှင်မဟာရဋ္ဌသာရ ဆရာတော်က -

မှတ်ဖွယ်မှတ်ရာ၊ ထိုထိုစာကို
ရှာ၍မပြတ်၊ အိမ်တွင်ဖတ်
ဖတ်ပြန်သော်ကား၊ ဖတ်ဖန်များက
သားမယားပင်၊ သိမြင်ကင်းကွာ
မလိမ္မာလည်း၊ စာပေစကား
နေ့တိုင်းကြားက၊ ထူးခြားလိမ္မာ
ရှိသည်သာတည့်”ဟု ရေးဖွဲ့ဖော်ထုတ်ပြခဲ့ပေသည်။

ယနေ့ခေတ်တွင်လည်း E-Book များ ပေါ်နေပေပြီ။ စာအုပ်ပေါင်းများစွာကို လွယ်လင့်တကူ ဖတ်နိုင်ပါ၏။ အင်တာနက်တစ်ချက်ခေါက်ရုံဖြင့် မိမိအလိုရှိရာ စာအုပ်စာပေကို ဖတ်ရှုနိုင်နေပြီဖြစ်သည်။ သို့သော် အင်တာနက်သုံးသူတိုင်း E-Book ဖြင့် စာဖတ်မိကြပါ၏လော။ အမှန်မှာ ဤခေတ်သည် စာဖတ်ဖို့ အလွန်လွယ်သော ခေတ်ဖြစ်ပါ၏။ သင်ယူမှုမှန်သမျှကို အွန်လိုင်းတွင် ရှာဖွေနိုင်သောခေတ်ဖြစ်ပါ၏။ သို့သော် ကျွန်မတို့နိုင်ငံတွင် အွန်လိုင်းပေါ် စာဖတ်သူအလွန်နည်းပါသည်။

ရိုးသားစွာ တိုက်တွန်းရလျှင် လူတိုင်းစာဖတ်ကြဖို့ လိုသည်။ လူမျိုးမရွေး၊ ဘာသာမရွေး၊ လူကြီးလူငယ်မရွေး စာဖတ်ကြစေချင်သည်။ ရေဒီယို၊ ရုပ်မြင်သံကြား စသည်တို့သည် လျှပ်စစ်မီးရှိမှ ကြည့်နိုင်သည်။ သို့သော် စာအုပ်စာပေမှာမူ မည်သည့်နေရာတွင်မဆို ဖတ်ရှုနိုင်ပါ၏။ စာဖတ်ခြင်းကြောင့်လည်း မိမိဘဝ၏ အတွေးအခေါ်ကို ပြောင်းလဲစေနိုင်သည်။

အတွေးမှားမှ အတွေးမှန်သို့ ရောက်စေသည်။ အတွေးပြောင်းသည်နှင့်အမျှ မိမိဘဝလည်းပြောင်းလဲတိုးတက်လာပေလိမ့်မည်။ စာရေးဆရာကြီး မန်းတင်က “စာအုပ်သည်ငြိုးငွေ့နေလျှင် ပျော်ရွှင်စေ၏။ ဗဟုသုတဝေငှပေး၏။ စိတ်အားငယ်က တက်ကြွစေ၏။ မာန်လွန်ကဲလျှင် သတိယှဉ်၏။ တရားဓမ္မလမ်းပြ၏။ လောကုတ်လောကီ အဆီ၊ အနှစ်၊ အသစ်အဟောင်း စုပေါင်းပညာဝေဖြာရောင်လင်း၊ အမှောင်ခွင်း၏”ဟု ဆိုသည်။

မိမိဘဝ၌ အကျိုးရှိအောင် စာဖတ်ခြင်းနှင့်ပတ်သက်၍ ဆရာတက်တိုးကလည်း “စာတတ်တိုင်း စာဖတ်တတ်သည်ဟု မဆိုသာပေ။ စာကိုဖတ်၍မိမိဘဝ၌ ထူးကဲသော အကျိုးများခံစားရပါမှ စာဖတ်ရကျိုးနပ်ပေမည်။ ထိုစာမျိုးကို ဖတ်မိအောင်ရှာဖွေကြိုးပမ်းဖတ်မှသာလျှင် စာဖတ်တတ်သည်ဟု ခေါ်ပါရစေ”ဟု ဆိုခဲ့သည်။ ယခုဆိုလျှင် ကျေးလက်နေပြည်သူများအတွက် ဗဟုသုတရှာဖွေဖတ်ရှုနိုင်ရန် ကျေးရွာများ၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ၊ အသိပညာ အလိမ္မာတိုးစေရန်အတွက် ဗဟုသုတဘဏ်ဟုခေါ်ဆိုနိုင်သော စာကြည့်တိုက်များကို ပြန်/ဆက် ဦးစီးဌာနမှ ထူထောင်ဖွင့်လှစ်ပေးလျက်ရှိသည်။ ထို့ပြင် လိုအပ်သည့် စာအုပ်စာပေများလည်း ပံ့ပိုးလှူဒါန်းပေးလျက်ရှိပါ၏။

စာကြည့်တိုက်များတွင် ကမ္ဘာ့နိုင်ငံများ၊ အာဆီယံနှင့် ပတ်ဝန်းကျင်နိုင်ငံများ၊ နိုင်ငံတကာသတင်းစာအုပ်များ၊ ဗုဒ္ဓဘာသာ၊ အခြားဘာသာစာအုပ်များ၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်သက်ဆိုင်သည့် စာအုပ်၊ စာစောင်၊ မဂ္ဂဇင်းများ၊ အားကစားနှင့် သက်ဆိုင်သည့် စာအုပ်များ၊ အပတ်စဉ်ထုတ်ဂျာနယ်များ၊ ကလေးများအကြိုက် ရုပ်ပြကာတွန်း၊ ပုံပြင်စာအုပ်များ စသည့် စာအုပ်ပေါင်းများစွာကို လွယ်လင့်တကူ ဖတ်ရှုလေ့လာနိုင်သည်။

လူ့မနောသည် စာဖတ်မှသာ ပို၍ရင့်သန်လာပါမည်။ စိတ်ထားများ ကြီးမြတ်ရင့်သန်မှုသည်လည်း လူသားတိုင်းအတွက် အရေးကြီးသည်။ ထို့ကြောင့် လူတိုင်း လူတိုင်း စာဖတ်ကြရန် အထူးလိုအပ်ပါကြောင်း တိုက်တွန်းအပ်ပါသည်။ ။

## စာကြည့်တိုက်သို့ စာဖတ်စို့

စာအုပ်စာပေ လူ့မိတ်ဆွေ
စာဖတ်ကြစို့လေ။
တို့လူငယ်တွေ သိဉာဏ်ပွား
စာကြည့်တိုက်ဆီသွား။
သားသားမီးမီး အသိကြွယ်
ပညာရှိဖို့ကွယ်။
လူငယ်ပီပီ စာတွေဖတ်
သုတဉာဏ်ရွှင်ထက်ထက်မြက်။
စုတုပြုမှတ် သင်ခန်းစာ
အချိန်မှန်လေ့လာ။
အနာဂတ်ကမ္ဘာလှစေဖို့
စာဖတ်ကြပါစို့။
စာကြည့်တိုက်သို့ စာဖတ်ရန်
သွားစို့အချိန်မှန်။
ဗလငါးတန် ဖွံ့ဖြိုးရေး
စာကြည့်တိုက်ဆီပြေး
စာပေဖတ်ကြပါစို့လေး။ ။

ကန်ညီနောင်ရွှေပျိုး
(ငွေလှဲ့ကန်)

# မိုဘိုင်းဖုန်းဟူသည်

■ သားဉာဏ်လင်း
(မြင်းခြံ)

တိုးတက်လာသောခေတ်နှင့်အတူ မိုဘိုင်းဖုန်းအသုံးပြုမှုသည်လည်း ပို၍တွင်ကျယ်လာသည်။ ကလေးမှအစ လူကြီးများအထိ မိုဘိုင်းဖုန်းသုံးစွဲမှုမှာ တစ်နေ့ထက်တစ်နေ့ ပိုလာသည်ကို အားလုံးမျက်မြင်ကိုယ်တွေ့ဖြစ်သည်။ မိုဘိုင်းဖုန်းမှာ အသုံးချတတ်လျှင် အသုံးချတတ်သလို ကျွန်ုပ်တို့အတွက် အကျိုးရှိသည်။ အသုံးမချတတ်ပါက ကောင်းကျိုးထက် ဆိုးကျိုးကိုသာ ပို၍ရနိုင်သည်။

လူငယ်ဆယ်ဦးတွင် သုံးဦးခန့်ကသာ မိုဘိုင်းဖုန်းကို အကျိုးရှိစွာအသုံးချနေကြသည်။ ပညာရေး၊ လူမှုရေး၊ စီးပွားရေးစသည့် မိမိစိတ်ဝင်စားသော အကြောင်းအရာအမျိုးမျိုးကို မိုဘိုင်းဖုန်းတွင် လေ့လာနိုင်ကြသော်လည်း မလေ့လာကြပေ။ မနက်အိပ်ရာထ မိုဘိုင်းဖုန်း စတင်အသုံးပြုချိန်မှစ၍ ညအိပ်ရာဝင်ချိန်အထိ မိမိ၏တစ်နေ့တာ မိုဘိုင်းဖုန်းအသုံးပြုခြင်းကို လေ့လာဆန်းစစ်ကြည့်စေချင်သည်။ မိမိအတွက် အကျိုးရှိသောအရာ၌ အသုံးပြုခြင်းနှင့် မိမိအတွက် အကျိုးမရှိသောအရာ၌ အသုံးပြုခြင်း မည်သည်ကပိုပါသနည်း။ လူငယ်များ အထူးသတိပြုကြစေချင်သည်။

မိုဘိုင်းဖုန်းကို ကောင်းစွာအသုံးချ၍ ကောင်းသောနေရာများ၌ အောင်မြင်နေသူများရှိသကဲ့သို့ ကောင်းစွာအသုံးမချတတ်ခြင်းကြောင့်လည်း ဆိုးကျိုးများ တစ်ပွေ့တစ်ပိုက်နှင့် ပျက်စီးသွားကြသူများလည်းရှိသည်။ တချို့အယုံလွယ်သော မိန်းကလေးများဆိုလျှင် ဘဝတင်မက အသက်ကိုပါ ပေးလိုက်ကြရသည်မှာလည်း အားလုံးမြင်တွေ့ကြဖူးပါလိမ့်မည်။

**မိုဘိုင်းဖုန်းကို ကောင်းမွန်စွာအသုံးချခြင်းမှ ရရှိနိုင်သောအကျိုးကျေးဇူးများ**

(၁) အရေးပေါ်အခြေအနေများတွင် ဆက်သွယ်ရန် လွန်စွာအသုံးဝင်ခြင်း

သင့်ထံတွင် မိုဘိုင်းဖုန်းတစ်လုံးရှိလျှင် သင်၏မိတ်ဆွေအပေါင်းအသင်း၊ သူငယ်ချင်းများကိုဆက်သွယ်ရန် လွယ်ကူသည်။ သင်အခက်အခဲတစ်စုံတစ်ရာကြုံတွေ့ခဲ့လျှင်သော်လည်းကောင်း၊ အကူအညီတစ်ခု ရယူလိုလျှင်သော်လည်းကောင်း သင့်မိတ်ဆွေသူငယ်ချင်းများထံ ဆက်သွယ်နိုင်သည်။ အကယ်၍ အကြမ်းဖက်မှုတစ်စုံတစ်ရာ သင်တွေ့ကြုံခဲ့လျှင် ရဲစခန်းသို့ ဆက်သွယ်၍ အကူအညီတောင်းနိုင်သကဲ့သို့ တစ်နေရာရာ၌ မီးလောင်နေသည်ကို သင်တွေ့ခဲ့သော် မီးသတ်ဌာနသို့ ဆက်သွယ်သတင်းပေးနိုင်သည်။ ထို့ကြောင့် မိုဘိုင်းဖုန်းသည် အရေးပေါ်အခြေအနေများတွင် အလွန်အသုံးဝင်သော အရာတစ်ခု ဖြစ်သည်။

(၂) မိမိနားမလည်သော မိမိသိလိုသောအကြောင်းအရာများကို လေ့လာနိုင်ခြင်း

မိုဘိုင်းဖုန်းများ တွင်ကျယ်စွာအသုံးမပြုသေးခင် အချိန်ကာလ၌ အသိပညာဗဟုသုတများကို မိဘများထံမှသော်လည်းကောင်း၊ ဆရာ ဆရာမများထံမှသော် လည်းကောင်း ရရှိနိုင်သည်။ ထို့အတူ စာကြည့်တိုက်များမှ ရှာဖွေခြင်းဖြင့်လည်း ရရှိနိုင်သည်။ ယခုအခြေအနေများတွင် မိမိသိလိုသော အကြောင်းအရာ ဗဟုသုတများစွာကို မိုဘိုင်းဖုန်းမှတစ်ဆင့် အင်တာနက်တွင် အလွယ်တကူ ရှာဖွေလေ့လာနိုင်သည်။

(၃) ကမ္ဘာကြီးတွင် ဖြစ်ပေါ်နေသော အကြောင်းအရာကို သိနိုင်ခြင်း

ဟိုးအရင်အချိန်ကာလများတွင် သတင်းအချက်အလက်များကို ရုပ်မြင်သံကြားဌာနများ၊ သတင်းစာဂျာနယ်များမှသာ သိနိုင်သည်။ မိုဘိုင်းဖုန်းများ တွင်ကျယ်လာပြီးသည့်နောက်တွင် မိမိနေထိုင်ရာ ရပ်ကွက်၊ မြို့၊ တိုင်းဒေသကြီး၊ နိုင်ငံများမှ သတင်းများသာမက ကမ္ဘာတစ်ဝန်း ဖြစ်ပျက်ပြောင်းလဲနေသော အကြောင်းအရာများစွာကို မိုဘိုင်းဖုန်းများတွင် လွယ်ကူစွာ သိရှိနိုင်သည်။

(၄) မိမိ၏နေ့စဉ်လှုပ်ရှားမှုများ၊ မိမိနှစ်သက်သော အကြောင်းအရာများကို မှတ်တမ်းတင်ထားနိုင်ခြင်း

လူတိုင်းလူတိုင်းတွင် တစ်နေ့တာဆောင်ရွက်စရာ အလုပ်များစွာရှိသည်။ ထိုအကြောင်းအရာများစွာကို မိုဘိုင်းဖုန်းထဲတွင် မှတ်သားထားနိုင်သည်။ မိမိ၏အမှတ်တရများစွာကိုလည်း မိုဘိုင်းဖုန်းဖြင့်ပဲ မှတ်တမ်းတင်ထားနိုင်သည်။ ငွေရေးကြေးရေးကိစ္စများ၊ အချို့သော ဆောင်ရွက်စရာများကို လူကိုယ်တိုင်သွားရောက်ရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့်သာ ဆောင်ရွက်နိုင်သည်။

**မိုဘိုင်းဖုန်းအား ကောင်းမွန်စွာအသုံးမချတတ်လျှင် ရရှိနိုင်သောဆိုးကျိုးများ**

(၁) မိမိ၏ကိုယ်ပိုင်အချိန်အများစုကို ဂိမ်းကစားခြင်းဖြင့် ဖြုန်းတီးစေနိုင်ခြင်း

မိုဘိုင်းဖုန်းတစ်လုံးရှိရုံဖြင့် ဂိမ်းများစွာကို ရယူနိုင်သည်။ လူငယ်အများစုသည်လည်း မိမိအတွက်အကျိုးရှိသောအရာများကို ရှာဖွေလေ့လာရန်ထက် ဂိမ်းကစားခြင်းကိုသာ အလေးထားနေကြသည်။ ဂိမ်းကစားခြင်းဖြင့်ပင် မိမိ၏ တန်ဖိုးရှိသောအချိန်များကို ဖြုန်းတီးပစ်ကြသည်။ ထိုအကြောင်းအရာကို လူငယ်များ သတိမထားမိကြပေ။

(၂) မိမိအတွက်မလိုအပ်သော အကြောင်းအရာများနှင့်ပတ်သက်လာနိုင်ခြင်း

ယနေ့ခေတ်အခါတွင် မိုဘိုင်းဖုန်းတစ်လုံးမှ လူတို့၏အကျင့်စရိုက်များကို ပြောင်းလဲပေးနိုင်သည်။ မိုဘိုင်းဖုန်းဖြင့် မကောင်းသောအရာများကို အလွယ်တကူရှာဖွေလေ့လာနိုင်သည်။ လူကြီးများသည်လည်း လောင်းကစားနှင့် ပတ်သက်သော အကြောင်းအရာများကို ရှာဖွေနိုင်သကဲ့သို့ လူငယ်များအနေဖြင့်လည်း ညစ်ညမ်းဗီဒီယိုများ၌ အချိန်ကိုဖြုန်းတီးပစ်တတ်ကြသည်။ လူတို့၏ စိတ်သည်လည်း မကောင်းမှု၌ပို၍ခံစားလွယ် နှစ်သက်လွယ်ခြင်းကြောင့် မကောင်းမှု၌ ပို၍အလေးသာသွားတတ်ကြသည်။

(၃) အိပ်ချိန်စားချိန်များမမှန်တော့ဘဲ ကျန်းမာရေးကိုပါ ထိခိုက်လာနိုင်ခြင်း

လူငယ်များအနေဖြင့် ဂိမ်းကစားခြင်းကို အချိန်ရှိလျှင်ရှိသလို ဆော့ကစားလာကြသည်။ အထူးသဖြင့် ညဘက်အခါများ၌မအိပ်ဘဲ အချိန်လွန်သည်အထိ ဆော့တတ်ကြသည်။ အချို့လူငယ်များကတော့ ဂိမ်းဆော့ခြင်းဖြင့် မဟုတ်ဘဲ အခြားသောနည်းလမ်းများဖြင့် အိပ်ချိန်ကိုဖြုန်းတီးကြသည်။ အုပ်ထိန်းသူများက ဂရုတစိုက်ကြပ်မတ်ပေးခြင်းမရှိသော လူငယ်များအဖို့ အိပ်ရေးပျက်သည့်ဒဏ်ကြောင့် ကျန်းမာရေးသာမက တခြားသောအရာများ၌ပါ ထိခိုက်မှုများ ဖြစ်ပေါ်လာသည်။

(၄) မိသားစုနှင့် အတူရှိနေရမည့်အချိန်များကို ဆုံးရှုံးလာခြင်း

မိုဘိုင်းဖုန်းများ မပေါ်ပေါက်သေးခင်အချိန်ကာလများ၌ မိမိတို့၏ အချိန်များကို မိသားစုဖြင့်သော်လည်းကောင်း၊ သူငယ်ချင်းများဖြင့်သော်လည်းကောင်း ကုန်ဆုံးကြသည်။ မိုဘိုင်းဖုန်းများ တွင်ကျယ်လာပြီးသည့်နောက်တွင် မိုဘိုင်းဖုန်းနှင့် အချိန်ကုန်သည်ကများလာသည်။ မိဘအုပ်ထိန်းသူများနှင့် အနီးကပ်ရှိရမည့်အချိန်များတွင် မိုဘိုင်းဖုန်းမှနေရာယူလာသဖြင့် အုပ်ထိန်းမှုကင်းကွာလာပြီး မလိုလားအပ်သော အကျင့်စရိုက်ဆိုးကျိုးများ အလွယ်တကူ တတ်မြောက်လာနိုင်သည်။

(၅) ယာဉ်အန္တရာယ်များ

ကားမောင်းစဉ် ဖုန်းမပြောရ၊ နားကြပ်အသုံးမပြုရဟူသော စည်းကမ်းချက်များသည် အပိုထုတ်ထားခြင်းမဟုတ်။ ယာဉ်မောင်းနေစဉ်အတွင်း မိုဘိုင်းဖုန်းအသုံးပြုခြင်းကြောင့် သတိလက်လွတ်ဖြစ်ပြီး မမျှော်လင့်သော ယာဉ်တိုက်မှုအန္တရာယ်များ ဖြစ်ပေါ်လာခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် မိမိသည် လမ်းပေါ်၌ ရောက်ရှိနေချိန်တွင် ထိုအန္တရာယ်များကိုလည်း သတိထားရန် လိုအပ်သည်။

မိုဘိုင်းဖုန်းအား ကောင်းမွန်စွာသုံးစွဲခြင်းကြောင့် ရရှိနိုင်သော အကျိုးကျေးဇူးများမှာ တန်ဖိုးကြီးလွန်းသည်။ ထို့အတူ ကောင်းမွန်စွာအသုံးမချတတ်ပါက မိမိပေးဆပ်လိုက်ရသော အရာများမှာလည်း တန်ဖိုးကြီးမားလှသည်။ ထို့ကြောင့် မိမိလက်ထဲတွင်ရှိသော မိုဘိုင်းဖုန်းကို ကောင်းစွာအသုံးချခြင်းအားဖြင့် မိမိအတွက် တန်ဖိုးရှိသောအရာများကို ဖန်တီးရယူနိုင်ရန် လွန်စွာအရေးကြီးလှသည်။ ။

# ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပ

**သင်္ဃန်းကျွန်းမြို့နယ်**

လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ပြုလုပ်သည့် ပြည်သူ့စကားဝိုင်း(Public Talk) ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင် ဦးစီးအရာရှိ ဒေါ်ယဉ်ယဉ်နု က အဖွင့်အမှာစကားပြောကြားပြီး သင်္ဃန်းကျွန်းမြို့နယ်ပညာရေးမှူး ဦးစိုးစိုးဦး၊ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုမှဥက္ကဋ္ဌ ဦးစံရှိန်၊ ရုပ်ရှင်သရုပ်ဆောင် (ကျောင်းသားလူငယ်ထုသံတမန်) ဦးချစ်ချော၊ ရန်ကုန်အရှေ့ပိုင်းခရိုင် မူးယစ်ဆေးစွဲသူများပြန်လည်ထူထောင်ရေးအသင်းမှ ဦးဇော်မိုးတို့က မူးယစ်ဆေးဝါး၏ အန္တရာယ်ကြီးမားပုံ၊ မူးယစ်ဆေးဝါးများလူငယ်ထုအတွင်း နည်းအမျိုးမျိုးဖြင့် စိမ့်ဝင်စီးဆင်းပုံ့နှံ့နေပုံတို့အပြင် မူးယစ်ဆေးဝါး၏ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးဆိုင်ရာပြစ်မှုနှင့်ပြစ်ဒဏ်များ၊ မူးယစ်ဆေးစွဲသူများ၏ သွင်ပြင်လက္ခဏာများအပါအဝင် လူမှုဘဝအခြေအနေအခက်အခဲများနှင့်ဝမ်းနည်းကြေကွဲဖွယ်ဖြစ်ရပ်များကို ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရန် ဟောပြောဆွေးနွေးမှုများ ပြုလုပ်ကြပြီး တက်ရောက်လာကြသူများ၏မေးမြန်းမှုများအပေါ် ပြန်လည်ဆွေးနွေးဖြေကြားကြသည်။

**ခရိုင်(ပြန်/ဆက်)**





**ပိုလ်တထောင်မြို့နယ်**

ပိုလ်တထောင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး ပိုလ်တထောင်မြို့နယ်ရှိ Y.M.C.A ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပိုလ်တထောင်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်မေစိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးနေဝင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်တင်ဇာခိုင်၊ ကလေးသူငယ်များလူကုန်ကူးမှုတားဆီးရေး သံတမန် ရုပ်ရှင်သရုပ်ဆောင်ခိုင်နှင်းဝေ၊Y.M.C.A အသင်းမှ အထွေထွေအတွင်းရေးမှူး ဒေါက်တာသာညဏ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်စိုးစိုးထိုက်တို့က ဆွေးကြပြီး ကျောင်းသူလေးများက သက်ငယ်မုဒိမ်းနှင့်ပတ်သက်၍သိလိုသည်များကို မေးမြန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ဇာနည်မောင်၊ အေးမင်းသူ**

**ပန်းတနော်မြို့နယ်**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီခွဲက ကျုံတုံးကြီးကျေးရွာအုပ်စု တော်တရလေးကျေးရွာ သီရိသုခမ္မာ ဘုန်းကြီးကျောင်း၌ ကျင်းပသည်။

ယင်းနောက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့်ပြည်သူ့စကားဝိုင်းတွင် ဒေသခံပြည်သူများ၏ အဓိကလိုအပ်ချက်ဖြစ်သော ကျေးရွာမီးလင်းရေးနှင့် လမ်းတံတားကောင်းမွန်ရေးတို့အတွက် ဒေသခံများကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် လိုအပ်ကြောင်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးစန်းမောင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးအောင်တို့က ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများက ကျေးရွာမီးလင်းရေးကိစ္စရပ်များ၊ ဥပဒေနှင့်သက်ဆိုင်သေ အကြောင်းအရာများ၊ မြစ်ချောင်းအင်းအိုင်နှင့်သက်ဆိုင်သောကိစ္စရပ်များ၊ ကျေးရွာလမ်းခင်းရန်ကိစ္စရပ်များနှင့်ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကိုမေးမြန်းခဲ့ရာ ဥပဒေအရာရှိဒေါ်ခင်သူသူဝင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိဦးဇေယျာနိုင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မင်းဦးနှင့်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်စုနန္ဒာအေးတို့က အသေးစိတ် ရှင်းလင်းဖြေကြားခဲ့ပြီး ပန်းတနော်မြို့မရဲစခန်း ရဲအုပ်ကျော်သန်းက သက်ငယ်မုဒိမ်းနှင့် လူကုန်ကူးမှုဆိုင်ရာ အကြောင်းအရာများကို ဗဟုသုတရရှိစေရန် ဆွေးနွေးပြောကြားခဲ့သည်။

**ပြည့်ဖြိုးကျော်(ပန်းတနော်)**



**သီပေါမြို့နယ်**

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့ နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

စာဖတ်ဝိုင်းသို့ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ဖွဲ့စည်းထားသောဘုတ်ကလပ်အသီးသီးမှဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ကြပြီး မြို့နယ်ဦးမှူး ဒေါ်ခင်နီလာစိုးက စာဖတ်ဝိုင်းကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာပေဘုတ်ကလပ်အဖွဲ့ဥက္ကဋ္ဌ သီပေါကိုလတ်က စာပေစကားဝိုင်းကိုစတင်ဖွင့်လှစ်ပြောကြားပြီး တက်ရောက်လာသူများက စာပေရေးရာများနှင့် အချက်အလက်များကို ကဏ္ဍအလိုက် တစ်ဦးချင်းဆွေးနွေးကြသည်။ ဆွေးနွေးချက်များအပေါ် အပေစာပေဘုတ်ကလပ်အဖွဲ့ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး မိုင်းမောဝ်ဧကရီစာအုပ်တိုက်ထုတ် စာအုပ်များကို လက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုနေ(သီပေါ)**





**ဆောမြို့နယ်**

ဂန့်ဂေါခရိုင် ဆောမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ပြည်သူနှင့် ကျန်းမာရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက ဆောမြို့ယောမင်းကြီး ဦးဘိုးလှိုင်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထင်လင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဝင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာအံ့ထူးလှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်လင်းနှင့် မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ဟန်နီလှစိုးတို့က ပြည်သူများ၏ အဓိကကျသော ကျန်းမာရေးနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးကြသည်။

**မြို့နယ်(ပြန်/ဆက်)**

**ပွင့်ဖြူမြို့နယ်**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စားသုံးသူအခွင့်အရေးနှင့် အစားအသောက်လုံခြုံခွင့် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီက ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဗိုလ်ဥတ္တမခန်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ပွင့်ဖြူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်း၊ မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါ်အေးအေးမိုး၊ မင်းဘူးခရိုင် စားသုံးသူရေးရာဦးစီးဌာန ဒုတိယခရိုင်ဦးစီးမှူး ဦးဝင်းမြင့်သောင်းနှင့် ပွင့်ဖြူမြို့နယ်မှ ဆရာကြီး ဦးဝင်းမြင့် (ပညာရေးအငြိမ်းစား)တို့က စားသုံးသူအခွင့်အရေးနှင့် အစားအသောက်လုံခြုံခွင့် ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် စားသောက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများနှင့် ကျောင်းသား ကျောင်းသူများ၏ ဆွေးနွေးမေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။



**ရဲဝင်းနိုင်(ညောင်ဦး)**

# မိုးပီတောင်တန်း၊ ကန်ပုလဲနှင့် ဘုံတလာရေတံခွန် ခရီးလမ်းကအပြန်

မင်းတပ်သို့သွားသော ကတ္တရာလမ်းက ချောမွေ့အဆင်ပြေသည်။ မင်းတပ်မြို့ကား ချင်းပြည်နယ်တောင်ပိုင်းရှိ ထင်ရှားသော မြို့တစ်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ လွတ်လပ်ရေးရယူပြီး နယ်ချဲ့ကို တော်လှန်ခဲ့သည့် ချင်းအမျိုးသား ဦးဝမ္မသူးမောင်၏ ဇာတိဖြစ်သည်။ နယ်ချဲ့အင်္ဂလိပ်ကို တောင်ထိပ်၌ ကျောက်မောင်းဖြင့် ဗျူဟာဆင်တိုက်ခိုက်ခဲ့သည်။ ဇာတိသွေး၊ ဇာတိမာန်ထက်သန်သောမြို့၊ ထိုမြို့သို့ ကျွန်တော်တို့တာဝန်ဖြင့် ရောက်လာသည်။ မြို့ဝင်သည်နှင့် လမ်းကကျယ်လာသည်။ ဘေးတစ်ဖက်စီတွင် မြေထိန်းနံရံများဖြင့် တားဆီးဆောက်လုပ်နေသည်မှာ မြင်ကွင်းအသစ်တစ်ခုဖြစ်သည်။

"လမ်းကိုချဲ့မှဗျ၊ နောက်တစ်ချိန်မှာ လူဦးရေတွေတိုးလာမယ်၊ ကားတွေများလာမယ်၊ ဆိုင်ကယ်တွေပေါလာမယ်၊ ဒါကြောင့် လမ်းအလယ်ကနေ တစ်ဖက်ကို ပေ ၂၀ အကျယ်၊ ငါးပေစီ လူသွားလမ်းနဲ့ ပေ ၅၀ တိုးချဲ့ရတယ်၊ နောင်လာနောက်သားတွေအတွက်ပေ့ါ" ဟု လွှတ်တော်ဒုတိယဥက္ကဋ္ဌက ရှင်းပြသည်။ မကြာမီ သစ်လွင်လှပသော မြို့နယ်စည်ပင်ဈေးသစ်ကို တွေ့ရသည်။ လက်ရာကောင်းမွန်သည်။ မကြာမီ ဖွင့်လှစ်ပါက မြို့ပေါ်ဈေးသူဈေးသားများ စိတ်ချမ်းသာစွာ ရောင်းချရပေတော့မည်။ ပြီးနောက် မြို့နယ်အုပ်ချုပ်ရေးမှူးက မြို့၏ ဒေသန္တရအခြေအနေများ၊ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို ရှင်းပြရာ ဖွံ့ဖြိုးလာမည့် မြို့တစ်မြို့ဟု သိရပါသည်။ အထက်တန်းကျောင်း(ခွဲ)မှ အထက်တန်းကျောင်းသို့ တိုးမြှင့်ခံရပြီးဖြစ်သည့် ကန်ပက်လက်မြို့နယ် မဆာတွီကျေးရွာသို့ ခရီးဆက်ရပြန်သည်။ မဆာဆိုသည်က ထင်းရှူး၊ တွီဆိုသည်က စမ်းချောင်းဟု အဓိပ္ပာယ်ရသည့် ရွာရောက်သည်နှင့် ဝမ်းမြောက်စွာ ကြိုဆိုနေကြသည့် ချင်းပျိုဖြူများ၊ ကျောင်းသားကျောင်းသူများ၊ ကျေးရွာရှိ ပြည်သူများ အားလုံး၏ ပြုံးပျော်ကြည်နူးမှုများကို တွေ့ရသည်။ ညပိုင်းတွင် တာဝန်ရှိသူများက မိုးပျံပူဖောင်းဖောက်၍ ဖျော်ဖြေမှုများကို အားပေးကြသည်။ တောရွာမှာနေသော်လည်း အကအလှ၊ သရုပ်ဆောင်မှုများက ခေတ်မီသည်။ မနိမ့်ကျကြောင်းတွေ့ရှိရသည်။ "ကျွန်မတို့ရွာက ကလေးတွေ ဆောမြို့မှာ ကျောင်းတက်စရာမလိုတော့ဘူး။ နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ပါတယ်"ဟု ဒေသခံတစ်ဦးက မျက်ရည်ဝဲ၍ ပြောပြသည်။ ထူးခြားသည်က မျက်နှာတွင် ပါးမည်း(ပါးရဲ)ထိုးထားသော အမျိုးသမီး ၁၅ ဦး တွေ့ရသည်။ စိုက်ပျိုးရေးဖြစ်ထွန်း၍ ပညာရေးထူးချွန်သော ရွာကလေးမှ ဝမ်းနည်းစွာ နှုတ်ဆက်ထွက်ခွာခဲ့ရပြန်သည်။

အလားတူပင် မောချောင်းကျေးရွာ၌လည်း မူလတန်းလွန်ကျောင်းမှ အလယ်တန်းကျောင်းအဆင့်သို့ အဆင့်တိုးမြှင့်ပွဲသို့ ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများ တက်ရောက်ချီးမြှင့်အားပေးသည်။ ကျွန်တော့်မွေးရပ်ဒေသကျောင်းမို့ ပြန်လည်တာဝန်ကျတဲ့အတွက် ဒေသအပေါ်မှာ ကျေးဇူးဆပ်ခွင့်ရလို့ ဝမ်းသာပီတိဖြစ်မိပါတယ်။ မောချောင်းကျေးရွာမှ ဆရာဦးမနားကွီးက ပြောသည်။ ကျေးရွာလူထုအပေါင်းကလည်း ဂုဏ်ယူဝမ်းမြောက်နေသည်ကို တွေ့ရသည်။ "ကျင်ဒွေးရွာ" သည် ကန်ပက်လက်မြို့၏ မြို့အဆင့်လျာထားသောမြို့၊ အထက်တန်းကျောင်း၊ တိုက်နယ်ဆေးရုံ၊ ရဲစခန်း၊ ဌာနဆိုင်ရာဝန်ထမ်းရုံးများရှိသော ရွာကလေး၊ ရွာနံဘေး တွင် လယ်ကွင်းများ၊ ရွာကို ပတ်ပြီးစီးသော မုန်းချောင်း၊ မုန်းချောင်းပေါ်တွင် တံတားလည်းရှိနေသည်။ တာဝန်ရှိသူ များက လမ်းအခြေအနေ၊ တံတားကြံ့ခိုင်မှုကို လေ့လာ ကြည့်ရှုကြသည်။ ချိုမျိုးနွယ်စုများ အများဆုံး နေထိုင်ကြသော ဒေသတစ်ခုဖြစ်သည်။ ဒေသခံများ၏ လိုအပ်ချက်များကို တွေ့ဆုံမေးမြန်းသည်။ "တယ်လီဖုန်းတာဝါတိုင်တည်ဆောက်ပေးရန်" တင်ပြသည်။ ကျောင်းအုပ်ဆရာကြီးက "သိပ္ပံဘာသာရပ်သင်ကြားပေးရန် လိုအပ်သည့် ဆရာ ဆရာမများ အခြေအနေတင်ပြသည်။ ကျင်ဒွေးရွာမှ ပြန်လာတော့ မိုးကသည်းထန်စွာရွာသည်။ တောင်ပေါ်ဒေသရှိ တိုင်းရင်းသားတို့ဘဝအတွက် ထူးဆန်းလှသည်မဟုတ် ရုန်းကန်ရင်ဆိုင်နေရသည်ကား အလေ့အကျင့်တစ်ခုပမာ နေသားကြနေပြီဖြစ်သည်။ ကန်ပက်လက်မြို့သည် ချင်းပြည်နယ်တွင် ထင်ရှားသော တောင်ပေါ်အပန်းဖြေမြို့ ဖြစ်သည်။ မရောက်ဖူးကြသော်လည်း ကြားဖူးကြပေမည်။ မြို့မဖြစ်ပေါ်မီ ဒေသအခေါ် လောက်နူးခေါ် အိုင်ကြီးကိုတွေ့ရှိရာမှ ၁၈၉၉ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး လမ်းမင်းကြီးကိုယ်တိုင် စတင် တည်ထောင်ခဲ့ကြောင်း သိရသည်။ ရေကန်ကြီး၏ ရေအရောင်မှာ ပုလဲကဲ့သို့ ဖြူဖွေးကြောင်း၊ ကန်ကြီးထဲတွင် ပုလဲလုံးတွေ့ရှိရသောကြောင့်၊ ပုလဲနှင့်တူသော ကျောက်လုံး ကြီးကို တွေ့ရှိရသောကြောင့် "ကန်ပုလဲမှ ကန်ပက်လက်" ဟု ပြောင်းလဲလာဖွယ်ဖြစ်ကြောင်း ဒေသခံပင်လယ် ရေမျက်နှာပြင်အထက် ဦးထန်းမနားက ရှင်းပြသည်။ ကန်ပက်လက်မြို့ဟောင်းသည် ပေ ၆၂၀၀ ကျော်တွင်ရှိသည်။ ၁၉၂၉ ခုနှစ်တွင် ဝိတိုရိယတောင်ထိပ်(ခေါ်)ခေါ်နူးစုမ်သို့ ရောက်ခဲ့သည်။ မကွေးတိုင်းမင်းကြီး ဂျေအေစတီးဝပ်(JA Steward)က သူ၏ မွေးရပ်မြေ စကော့တလန်နှင့် တူကြောင်း ပြောခဲ့သည်ဟု သိရသည်။ မြို့ဟောင်းနေရာကား ဟိုတယ်ဇုန်များဖြင့် ကမ္ဘာ့လှည့်ခရီးသည်များကို ကြိုဆိုလျက်ရှိသည်။ ထင်းရှူး၊ ဝက်သစ်ချ၊ သစ်အယ်ပင်များ ပေါများစွာတွေ့ရှိရသည်။ ယခုကန်ပက်လက်ကား ပင်လယ်ရေမျက်နှာပြင်အထက်ပေ ၄၅၆၀ တွင်ရှိကြောင်း သိရသည်။ ယခင်မြို့ဟောင်းနေရာ၌ ဝက်ဝံများပေါများခြင်း၊ ရာသီဥတုကြမ်းတမ်းခြင်းတို့ကြောင့် မြို့တိုးချဲ့ပြောင်းရွှေ့ နေထိုင်ရကြောင်း သိရသည်။ အင်္ဂလိပ်နယ်ချဲ့ကို ဆန့်ကျင်ဆန္ဒပြခဲ့သော မြေကွက်လပ်ကြီးကိုလည်း တွေ့ခဲ့ရသည်။ အာဆီယံ အမွေအနှစ် အမျိုးသားသဘာဝဥယျာဉ် နတ်မတောင်ကို ကန်ပက်လက်မြို့သားများက ကာကွယ် လျက်ရှိနေကြပါသည်။ ကန်ပက်လက်မှ အပြန်တွင် အလုပ်ကိစ္စပေါ်လာပြန်သဖြင့် မင်းတပ်သို့ ပြန်ရသည်။ ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော မင်းတပ်မြို့နယ် ဘောလုံးပြိုင်ပွဲကို ဆုံရပြန်သည်။ စည်ပင်သာယာရေးနှင့် လျှပ်စစ်ဝန်ကြီးက ဖွင့်ပွဲမိန့်ခွန်းပြောကြားပေးသည်။ ဆူညံအော်ဟစ်အားပေးသံများက ပြိုင်ပွဲ၏ ယှဉ်ပြိုင်မှုကို မြင့်မားစေသည်။ တောင်ပေါ်သားတို့၏ ဇွဲ၊ အားမာန်များကို တွေ့ရှိရသည်။ ဆက်လက်၍ အမှတ်(၁)အထက်တန်းကျောင်း(မင်းတပ်)မှ ဆုချီးမြှင့်ပွဲနှင့် အားကစားဆိုင်ရာ ပညာပေးဟောပြောမှု၊ အားကစားပစ္စည်းပေးအပ်ပွဲ အခမ်းအနားတွင်လည်း ခန်းမလုံး ပြည့်လျှံအားပေးကြသည်။ အချိန်ကနေ့လယ်ပိုင်းကျော်လာသည်။ မင်းတပ်၊ မတူပီ ၁၀၂ မိုင်အကွာအဝေးကို ခရီးဆက်ရဦးမည်၊ တောင်ပေါ်မိုးက သည်းထန်တတ်သည်။ ကတ္တရာလမ်းမှတစ်ဆင့် တောင်ခါးပန်းများကို ခြောက်နာရီခွဲကြာ ကွေ့ပတ်မောင်းနှင်ရသည်။ လမ်းတာချဲ့သဖြင့် အချို့နေရာများတွင် ကတ္တရာ လမ်းမတွေ့ရတော့၊ ကားကတီကောင်ဆားတို့သလို တွန့်လိမ်ကွေ့ပတ်မောင်းနှင်ရသည်။ တစ်ခါတစ်ရံမြို့မှ ပစ္စည်းဝယ်ပြန်လာသော ဆိုင်ကယ်များကိုလည်း ရှောင်ရသေးသည်။ ပင်လယ်ရေမျက်နှာပြင်မြင့်လာသည်။ ၅၆ မိုင် အထက်နားတွင် အမြင့်ဆုံးမိုးပီတောင်တန်းရှိသည်။ ယခင်က လမ်းဖောက်ရာမှ "မောပီ"ဟု ပြောရာမှ "မိုးပီ" ဖြစ်လာကြောင်းဒေသခံ ဦးထန်အောင်ထံမှသိရသည်။ ပင်လယ်ရေမျက်နှာပြင် အထက် ၉၂၂၈ ပေတွင်ရှိသည်။ မိုးပီ တောင်တန်းသည် လူသေဝိညာဉ် ခိုနားရာ၊ မရဏ ပြန်သွားရာလမ်းအဖြစ် ယူဆကြောင်း၊ ညအိပ်ရာတွင် မိုးပီတောင်တန်းကို မက်ပါက နာရေးရှိမည်ဟု ယူဆကြောင်း သိရသည်။ မြင့်မားသော တောင်ခါးပန်း၊ နက်ရှိုင်းသော ချောက်ကြီးများကို ခရီးတစ်လျှောက်တွေ့ရသည်။ လည်မျိုချောင်းနှင့် လည်မျိုတံတားကို တွေ့ရသည်။ ဒေသခံတို့မှ ဖုန်းလောင်း (ဘုန်းလောင်း)ဟုခေါ်ကြသည်။ ရခိုင်ရာဇဝင် ကျမ်းအရ လေးမြို့မြစ်အဖြစ်ခေါ်ကြသည်။ လောင်ကြမ်း၊ ပုရိန်း၊ ပဥ္စနရဏ္ဍာရာဆိုသည့် မြို့လေးမြို့ကို ခေါ်ကြောင်း၊ လည်မျိုအစ ဘုံတလာကဟု ဆိုရိုးရှိသည်။ အတန်ကြာ မောင်းလာမှ




တောင်ထိပ်တွင် စီတန်းစွာ တည်ဆောက်ထားသော မတူပီမြို့ကို တွေ့ရသည်။ မတူပီကား ပင်လယ်ရေမျက်နှာပြင် အထက်ပေ ၃၅၆၀ တွင် ရှိသည်။ မတူပီကား "မတူ" တိုင်းရင်းသားမျိုးနွယ်စုအများဆုံးနေထိုင်သောမြို့ဖြစ်သည်။ မတူပီမြို့နယ်တွင် ရေဇွာနှင့် လိုင်လင်းပီမြို့နှစ်ခုရှိသည်။ ရေဇွာမြို့တွင် ယော်ကုံမျိုးနွယ်စု၊ လိုင်လင်းပီတွင် မရာမျိုးနွယ်စုအများဆုံး နေထိုင်သောမြို့ဖြစ်ကြောင်း သိရသည်။ မတူပီမြို့နယ်တွင် ချင်းတိုင်းရင်းသားသူရဲကောင်း အောင်ဆန်းသူရိယ ဗိုလ်တိုက်ချွန်းဇာတိဖြစ်သော လွိုဗန်းရွာရှိသည်။ မတူပီနှင့် ၄၅ မိုင်အကွာတွင်ရှိသည်။ လူအများစိတ်ဝင်စားသော ဘုံတလာရေတံခွန်ရှိသည်။ ဘုံတလာရေတံခွန်သည် ရေကျကိုးဆင့်ရှိသည်။ မတူပီမြို့မှ ဖနိုင်ရွာသို့ သုံးမိုင်ကျော် ကားဖြင့်သွားနိုင်သည်။ ဖနိုင်ရွာမှ လမ်းခွဲရှိ ထီးဆောင်းရွာသို့ရောက်သည်။ ဖနိုင်ရွာနှင့် ထီးဆောင်းရွာကြားတွင် လည်မျိုချောင်းရှိသည်။ ယခုအခါဘေလီတံတား ဆောက်လုပ်နေဆဲဖြစ်သည်။ ထီးဆောင်းရွာမှ ဘုံတလာသို့ ခြေကျင်လျှောက်ရသည်။ ဘုံတလာရေတံခွန် အထက်မှအောက် သုံးဆင့်အထိ မတူပီမြို့မှ လှမ်းမြင်လေ့လာနိုင်ပါသည်။ ရေတံခွန်အဆင့် ငါးဆင့်တွင် အရှေ့ဘက်မှ စီးဆင်းလာသော "ဘုန်လောင်းချောင်း"နှင့် ပေါင်းစုံသဖြင့် ရေစီးအားပို၍ ပြင်းထန်လာသည်။ ဘုံတလာအဓိပ္ပာယ်မှာ ဘုံ (Bung) လဲကျသည်။ တလာ (Tla)ထိုးဆင်းသည်။ ဘုံတလာ၏ အနက်အဓိပ္ပာယ်မှာ လဲကျသည်၊ ထိုးဆင်းသည်ဟု အဓိပ္ပာယ်ရသည်။ ရေတံခွန်ပတ်ဝန်းကျင်တွင် ပျားအုံများ၊ နတ်ဆေးဂမုန်းပင်များ ပေါက်ရောက်သည်။ တစ်ချိန်က ကျောက်ကမ်းပါးပေါ်တွင် တောဆိတ်၊ တောင်ဆိတ်များ ကျက်စားကြသည်။ ရေအနည်းဆုံးအချိန်တွင် ရေအား လျှပ်စစ်ဓာတ်အားကီလိုဝပ် ၂၆၄၆၀၀ ထုတ်လုပ်နိုင်ကြောင်း သိရသည်။ ဘုံတလာသည် ထင်ဆီးကျေးရွာ အရှေ့ဘက် အောသရောတောင် ၈၉၆၉ ပေ စွန်းအောက်တွင် စတင်ချောင်းဖျားခံသည်။ ဘုံတလာရေတံခွန်သည် ပေပေါင်း ၄၂၀၀ ပေမြင့်မားသည်။ "ဘုံတလာက ခုဆို ရေစီးကြမ်းတယ်၊ သွားလို့မရဘူး၊ ဆောင်းဦးပေါက်ကစပြီး လာရင်အကောင်းဆုံးပဲ" ဒေသခံ ဦးမောင်းဟန်ကရှင်းပြသည်။ မတူပီမြို့ကား လမ်းဆုံမြို့တစ်ခုဖြစ်သည်။ အနာဂတ်တွင် ဖွံ့ဖြိုးလာမည့် မြို့တစ်ခုလည်းဖြစ်သည်။ ယခုအခါ မတူပီမြို့အား မြို့ပြဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရေးဆွဲထားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်နှင့် ဒေသခံပြည်သူလူထုများစုပေါင်း၍ ဆွေးနွေးတိုင်ပင် ဆောင်ရွက်လျက်ရှိသည်။

ချင်းတိုင်းရင်းသားတို့ကား ခက်ခဲကြမ်းတမ်းသော သဘာဝအတားအဆီးများကို ရင်ဆိုင်ယှဉ်ပြိုင်၍ အခက်အခဲများကို လူသားအရင်းအမြစ်စွမ်းအား အသုံးပြု၍ ကျော်လွှားကြသည်။ မိရိုးဖလာ မွေးဖွားသော မြေပေါ်တွင် သစ္စာရှိစွာ သက်ဆုံးတိုင် နေထိုင်ကြလေ့ရှိသည်။ နိုင်ငံတော်အစိုးရနှင့် လက်တွဲ၍ ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် စိတ်ဓာတ်တက်ကြွစွာ ဆောင်ရွက်လျက်ရှိပါသည်။ အလားအလာကောင်းများ၊ ဖွံ့ဖြိုးတိုးတက်မှုများကို တွေ့ရှိရပေသည်။

မိုးပီတောင်တန်း၊ ကန်ပုလဲနှင့် ဘုံတလာရေတံခွန်တို့ကား ဒေသကို အကျိုးပြုအလှဆင်လျက် ရှိနေကြသည်။ အိမ်အပြန်လမ်းတွင် မကြာမီ ဖွံ့ဖြိုးတိုးတက်လာမည့် ချင်းတိုင်းရင်းသားတို့၏အနာဂတ်ကို မြော်တွေးဝမ်းမြောက်စွာ ကျေနပ်ပီတိဖြစ်နေပါတော့သည်။ **မင်းလပြည့်**

## သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး အသိပညာပေးဆွေးနွေး

**တာချီလိတ် ဇူလိုင် ၂၀**

တာချီလိတ်ခရိုင်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုအခြေအနေသည် သုံးနှစ်တာကာလအတွင်း သိသာစွာမြင့်တက်လာပြီး ၂၀၁၈ ခုနှစ်အတွင်း ဖြစ်ပွားမှုသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် တာချီလိတ်ခရိုင်က ၉၀ ရာခိုင်နှုန်းအထိ ရှိနေကြောင်း ယနေ့နံနက်ကကျင်းပသည့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး အသိပညာပေးဆွေးနွေးပွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဇော်လင်းက ပြောကြားသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲကို တာချီလိတ်မြို့ ခုတင် ၁၀၀ ဆံ့ ခရိုင်ပြည်သူ့ဆေးရုံကြီး၌ ပြုလုပ်ရာ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းဝင်များ စိတ်ပါဝင်စားစွာ တက်ရောက်ဆွေးနွေးကြသည်။ ရှေးဦးစွာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျန်းမာရေးဦးစီးမှူး ဒေါက်တာဇော်လင်းက အဖွင့်အမှာစကားပြောကြားရာတွင် တာချီလိတ်၊ မိုင်းတုံနှင့် ကျိုင်းတုံဒေသများတွင် ရောဂါဖြစ်ပွားမှုနှင့် ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုအခြေအနေများကို ထည့်သွင်းပြောကြားသည်။

ဆက်လက်ပြီး ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာကျော်စွာမြင့်က ယခုနှစ် ဇူလိုင်လအတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုနှုန်းမှာ သိသိသာသာမြင့်တက်လာပြီး လတ်တလောအနေဖြင့် တာချီလိတ်ခရိုင် ဆေးရုံကြီးတွင် သွေးလွန်တုပ်ကွေးဝေဒနာရှင် ကလေးလူနာ ၇၀၊ လူကြီး ၃၂ ဦးအထိ ရှိနေကာ ကလေးလူနာ ၂၁ ဦးမှာ အထူးစောင့်ကြည့်ရသည့်အခြေအနေတွင် ရှိနေကြောင်း၊ လာမည့် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း ရောဂါဖြစ်ပွားမှုမှာ ပိုမိုမြင့်တက်လာနိုင်သည့် အခြေအနေတွင် ရှိနေပါကြောင်း၊ ဖုံး၊သွန်၊လဲ၊စစ် လုပ်ငန်းစဉ်သည် တစ်ကမ္ဘာလုံးကျင့်သုံးနေသည့် အကောင်းဆုံးသော သွေးလွန်တုပ်ကွေးကာကွယ်မှု လုပ်ငန်းစဉ်ဖြစ်သည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ ပြည်သူတစ်ရပ်လုံးက ပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများ၏ ဆွေးနွေးမေးမြန်းချက်များကို ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဇော်လင်းနှင့် တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဇော်လင်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြကာ တာချီလိတ်မြို့နယ် ကျန်းမာရေးကြီးကြပ်မှူး ကော်မတီဝင် ဦးကြည်မြင့်-ဒေါ်နန်းခမ်း မိသားစုက လှူဒါန်းသည့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ တာချီလိတ်မြို့နယ် ကျန်းမာရေးကြီးကြပ်မှုကော်မတီဝင် ဦးအောင်ဖြိုးရှိန် လှူဒါန်းသည့် အလှူငွေများကို ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာရွှေဝင်းက လက်ခံရယူကာ ကျေးဇူးတင်စကားပြောကြားခဲ့သည်။

**မောင်ယဉ်ကျေး**

# ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် ထပ်မံဖြည့်စွက်နိုင်ရန်အတွက် ပညာရေးဌာနမှ ပညာရှင်များနှင့် ညှိနှိုင်းဆွေးနွေး

**မန္တလေး ဇူလိုင် ၂၁**

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ စာရင်းပြုစုထားသည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များစာရင်းကို ထပ်မံဖြည့်စွက်နိုင်ရန်နှင့် လက်ရှိပြဋ္ဌာန်းထားသည့် ဥပဒေကို ပြင်ဆင်ဖြည့်စွက်နိုင်ရန် ပညာရေးဌာနမှ ပညာရှင်များ၏ အကြံဉာဏ်ရယူနိုင်ရန်အတွက် ညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၂၀ ရက် မွန်းလွဲ ၁ နာရီက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး သုံးထပ်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် တိုင်းဒေသကြီးအတွင်းရှိ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို နိုင်ငံတော်အဆင့် ကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် UNESCO ၏ အသိအမှတ် စာရင်းတွေပါဝင်နိုင်ရန်အတွက် ပညာရေးဌာနမှ ဆရာ ဆရာမများက ၎င်းတို့သိရှိထားသည့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို အကြံပြုဖြည့်စွက်ပြောကြားရန် ခေါ်ယူညှိနှိုင်းဆွေးနွေးခြင်းဖြစ်ကြောင်း တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဒြပ်မဲ့ယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင်ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်သူက ပြောသည်။

"အခုပညာရှင်တွေ အကြံပြုဆွေးနွေးတာတွေကို စုစည်းပြီး အမျိုးသားအဆင့်ကို တင်ပြမယ်။ ဥပမာ တောင်ပြုန်းပွဲပါးစပ်ရာဇဝင်အကြောင်းကို ဒြပ်မဲ့ယဉ်ကျေးမှုစာရင်းမှာ ထည့်ထားရင် သခင်မတောင်အကြောင်းလည်း ထည့်သင့်တယ်။ ဒါတွေက ဘယ်တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာမှမရှိတဲ့ ရိုးရာဓလေ့တွေ မန္တလေးတိုင်းဒေသကြီးမှာရှိတယ်ဆိုတာ ထုတ်ဖော်ပြရမယ်"ဟု ဝန်ကြီးက ပြောကြားသည်။

ထို့ပြင် ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် မန္တလေးတက္ကသိုလ် ရုက္ခဗေဒဌာနမှ ပါမောက္ခ၊ ဌာနမှူးဖြစ်သူ ဒေါ်သီတာထွေးဝင်းက "မြန်မာနိုင်ငံမှာ ဒြပ်ရှိယဉ်ကျေးမှုတွေကို ရှေးဟောင်းအမွေအနှစ်အဖြစ် သတ်မှတ်ထားပြီးပေမယ့် ဒြပ်မဲ့အမွေအနှစ်တွေကိုတော့ သတ်မှတ်မထားနိုင်ခဲ့သေးတဲ့အတွက် အခုဆွေးနွေးပွဲက ဒါတွေကို သတ်မှတ်နိုင်ဖို့ ပထမဆုံးခြေလှမ်းပါ။ ဒြပ်မဲ့ယဉ်ကျေးမှုဆိုတာ လူတွေရဲ့ ဗဟုသုတတွေ၊ နည်းပညာတွေပါ။ ဒါတွေကို ဘယ်လိုလက်ဆင့်ကမ်း သယ်ဆောင်လာသလဲဆိုတာတွေကိုရှာဖွေကာ အမွေအနှစ်အဖြစ်ထိန်းသိမ်းပြီးတော့ ကမ္ဘာကသိအောင် ဖော်ထုတ်ပေးနိုင်ဖို့လိုပါတယ်" ဟု ပြောသည်။

အဆိုပါညှိနှိုင်းဆွေးနွေးပွဲတွင် တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်အသီးသီးမှ ပါမောက္ခဆရာကြီး၊ ဆရာမကြီးများ၊ ရှေးဟောင်းယဉ်ကျေးမှုနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)နှင့် ပုဂံဌာနခွဲမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ သတင်းမီဒီယာများ တက်ရောက်ခဲ့ကြသည်။



ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ကောက်ယူထားသည့် စာရင်းများတွင် ပါးစပ်ရာဇဝင်နှင့် ဖော်ပြချက်များ၊ ဘာသာစကားများ၊ ဖျော်ဖြေမှုအနုပညာများ၊ လူမှုရေးအစဉ်အလာအလေ့အထများ၊ သဘာဝနှင့် စကြဝဠာဆိုင်ရာ ဗဟုသုတနှင့် ရိုးရာအစဉ်အလာ အလေ့အထများ၊ ရိုးရာလက်မှုပညာရပ်များ စသည်တို့ ပါဝင်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကြက်ဖမွေးဇောင်းကျွန်းပတ်တာအတွင်း မိုးစပါး၊ နွေစပါး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆည်မြောင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ဖျာပုံ ဇူလိုင် ၂၁**

ဖျာပုံခရိုင်အတွင်းရှိ ကြက်ဖမွေးဇောင်းကျွန်းပတ်တာအား ၁၉၇၇-၁၉၈၇ ခုနှစ်တွင် အောက်မြန်မာပြည်စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးစီမံကိန်း အပိုင်း(၁)မှ ကမ္ဘာ့ဘဏ်အစီအစဉ်ဖြင့် မိုးစပါးစိုက်ပျိုးမှု တိုးတက်အောင်မြင်ရန် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ စီမံကိန်းရည်မှန်းချက်အရ အဆိုပါ ကြက်ဖမွေးဇောင်းကျွန်းပတ်တာအား ရေကြီးကွင်း၊ ရေနက်ကွင်းအဖြစ်မှ မိုးစပါးစိုက်ပျိုးမြေအဖြစ်သို့ ပြောင်းလဲ အသုံးပြုနိုင်ရေးအတွက် ကျွန်းပတ်တာတည်ဆောက်၍ ကျွန်းပတ်တာအလျား ၄၆ မိုင်၊ ရေထုတ်အဆောက်အအုံ ခုနစ်လုံး၊ ရေနုတ်မြောင်း အလျား ၇၂ မိုင်ကျော်၊ ရေဘေးကာကွယ် ဧရိယာ ၃၄၃၉၁ ဧကဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



"ကျွန်းပတ်တာတည်ဆောက်ရတဲ့ မူလရည်ရွယ်ချက်ကတော့ မိုးစပါးစိုက်ပျိုးအောင်မြင်ဖို့ တစ်ခုတည်းသာဖြစ်ပါတယ်။ ကျွန်းပတ်တာရဲ့ ဆောင်ရွက်မှုက အပြင်ကရေနစ်မဝင်အောင်တားမယ်။ မိုးတွင်းမှာပိုလျှံလာတဲ့မိုးရေကို နုတ်ပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တည်ဆောက်စဉ်က ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ မူလရေထုတ်အဆောက်အအုံ ခုနစ်လုံးအပြင် ပိုလျှံရေထုတ်ဖို့နဲ့ နွေစပါးစိုက်ပျိုးရေရရှိဖို့ ရေတံခါးရှစ်လုံးကိုလည်း နှစ်အလိုက် တည်ဆောက်ပေးခဲ့တာ ဖြစ်ပါတယ်" ဟု ဖျာပုံခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ တာဝန်ရှိသူ အရာရှိတစ်ဦးက ပြောသည်။

"အရင်လိုရေနစ်တားမယ်။ ပိုလျှံရေနုတ်မယ်ဆိုတာလောက်နဲ့မရတော့ဘူး။ မိုးစပါးအတွက်က ကျွန်းထဲကရေကို ထုတ်ပစ်ချင်တာ၊ နွေစပါးအတွက်ကျတော့ အပြင်ကရေချိုကို အထဲသွင်းချင်တာ။ ပြီးတော့လည်း မြောင်းအရင်းမှာ ရေပြတ်ပြီးမြောင်းအဖျားက အနိမ့်ပိုင်းလယ်တွေမှာ ရေမနစ်စေချင်ဘူး။ လိုတဲ့နေရာကို လိုသလောက် ရောက်ချင်တယ်။ လယ်သမားတွေကတော့ ကိုယ့်လယ်နဲ့ နီးတဲ့မြောင်းတွေ တူးပေးဖို့လို့ပဲ ပြောကြမှာပဲ။ အကြံပြုချင်တာက ဒီစီမံကိန်းက မိုးစပါးအတွက်ပဲ မျှော်မှန်း အကောင်အထည်ဖော်ခဲ့တဲ့ အပေါ်မှာ နွေစပါးပါအောင်မြင်လာခဲ့တဲ့အတွက် ဒီအခွင့်အရေးနဲ့ အကျိုးရလဒ်ကိုတော့ မဆုံးရှုံးစေချင်ပါဘူး။ ပြီးတော့ဒီကျွန်းကအကျိုးပြုဧရိယာ ၃၄၃၉၁ ဧကဆိုတော့ စိုက်ဧကလည်း များတယ်။ မိုးစပါးအတွက်ကတော့ သေချာနေပြီ။ လာမယ့်ဆောင်းတွင်းကာလမှာ နွေစပါးများများ စိုက်နိုင်ရင် ဒေသအတွက်ရော နိုင်ငံတော်အတွက်ပါ ဘယ်လောက်အကျိုးများသွားမလဲ။ မိုးစပါးစိုက်ဧကတွေအတွက်ဆိုရင် ကွင်းရေနုတ်ကောင်းအောင် ကျုံကန်ချောင်းမကြီးနဲ့ ကျွန်းတွင်းမြောင်းအချို့ကို တူးဖော်ပေးဖို့လိုအပ်ပါလိမ့်မယ်လို့ ပြောချင်ပါတယ်"ဟု ကြက်ဖမွေးဇောင်းကျေးရွာမှ တောင်သူ ဦးအောင်ဇော်လွင်က ပြောသည်။

စီမံကိန်းပြီးနောက်ပိုင်း ကျွန်းအတွင်းလယ်သမားများ၏ နွေစပါးစမ်းသပ်စိုက်ပျိုးမှု တိုးတက်အောင်မြင်လာခဲ့သည့်အပေါ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲမှု ဦးစီးဌာနမှ လိုအပ်သည့်နေရာများတွင် ရေတံခါး တည်ဆောက်ပေးခြင်း၊ ရေနုတ်မြောင်း တူးဖော်ခြင်း၊ တာတမံပြင်ဆင်ခြင်း စသည်များ ဆောင်ရွက်ပေးခဲ့သဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဧက ၃၅၀ ခန့်၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဧက ၃၅၀ ခန့်၊ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ဧက ၈၀၀ ခန့်နှင့် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ဧက ၃၀၀၀ ကျော်ခန့်အထိ တိုးမြှင့်စိုက်ပျိုးလာနိုင်ခဲ့ပြီး မိုးစပါးစိုက်ပျိုးမှုအနေနှင့် ၂၀၁၀-၂၀၁၁ ခုနှစ်မှ ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း ဧက ၂၅၀၀၀ ခန့်အထိ စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းလာခဲ့ကြောင်း သိရသည်။

ကြက်ဖမွေးဇောင်းကျွန်းစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရေးအတွက် ပြီးခဲ့သည့် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ကျုံတမာရေတံခါး၊ ရိုးကောက်ရေတံခါး၊ လမုလေးရေတံခါး၊ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် တပ်မဲ့ရေတံခါး ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ရေထုတ်ပေါက် (၄ ပေ× ၄ ပေ -၂ပေါက်) နှစ်လုံးအား ဖျာပုံခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ပေးခဲ့သဖြင့် နှစ်အလိုက်မိုးစပါးနှင့် နွေစပါးများ သိသိသာသာစိုက်ပျိုးအောင်မြင်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ရေချိုလုံလောက်စွာရရှိရေးနှင့် မိုးရာသီကျွန်းတွင်းပိုလျှံရေများ ထုတ်နုတ်နိုင်ရေးအတွက် လိုအပ်သည့်နေရာများတွင် တာတမံပြုပြင်ခြင်း၊ ရေတံခါးနှင့် ရေထုတ်ပေါက်များ ပြုပြင်တည်ဆောက်ခြင်း၊ တိမ်ကောနေသော ကျွန်းတွင်းမြောင်းများ တူးဖော်ခြင်း စသည်တို့ကို ဆက်လက်ဆောင်ရွက်ပေးပါက မိုးစပါး၊ နွေစပါးများ ပိုမိုတိုးတက်စိုက်ပျိုးလာနိုင်မည်ဖြစ်ပြီး ဒေသခံတောင်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများနှင့် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**သပြေထွန်း**

# တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးလုပ်ငန်း လမ်းညွှန်မှာကြား

**မြိတ် ဇူလိုင် ၂၁**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးနိုင်သည် တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးနှင့်အတူ ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီက တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးအတွက် မြိတ်မြို့နယ် တရားရုံး၌ မြိတ်ခရိုင်အတွင်းရှိ တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများအား တွေ့ဆုံကာ လုပ်ငန်းလမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်တရားရေး ဦးစီးမှူး ဦးကျော်စွာငြိမ်းနှင့် ခရိုင်တရားသူကြီး ဒေါ်ဥမ္မာညွန့်တို့က တိုင်းဒေသကြီးနှင့် ခရိုင်အတွင်းရှိ တရားရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးခင်မောင်မောင်က ဖြည့်စွက်ရှင်းလင်းတင်ပြ၍ အမှုစစ်ဆေးရာတွင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးနိုင်က နိုင်ငံတော်သမ္မတမိန့်ကြားသည့် တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ဆင့်ကဲဆင့်ကဲ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ တရားစီရင်ရေးနှင့် တရားရေးလုပ်ငန်းများ၊ သက်သေခံပစ္စည်း စီမံခန့်ခွဲရေးကိစ္စရပ်များ၊ တရားစီရင်ရာတွင် မကြန့်ကြာစေရေးတို့ကို တရားသူကြီး တစ်ဦးချင်းအလိုက် စီစဉ်ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးသည် မြိတ်ခရိုင် တရားရုံးနှင့် မြိတ်မြို့နယ်တရားရုံးတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းလိုအပ်ချက်များကို လမ်းညွှန်မှာကြားခဲ့သည်။ တွေ့ဆုံပွဲသို့ မြိတ်ခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်မှ တရားရေးဝန်ထမ်းများ၊ တရားရုံးဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြိတ် (ပြန်/ဆက်)**

# မကျည်းလေးပင်ရပ်နှင့် အုတ်ကျင်းရပ်သို့ ဆက်သွယ်ထားသောလမ်းအား ကွန်ကရစ်လမ်းအဖြစ်အဆင့်မြှင့်တင်

**ရေနံချောင်း ဇူလိုင် ၂၁**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ ရွာသစ်ရပ်နှင့် အုတ်ကျင်းရပ်သို့ ဆက်သွယ်ထားသော မြေသားလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန် ဇူလိုင် ၅ ရက်က လမ်းတိုင်းထွာခြင်းများ စတင်ခဲ့ပြီး ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်နီးပါး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီလမ်းက မူလကမြေသားလမ်းဖြစ်ပါတယ်။ မိုးရာသီမှာဆိုရင် ချိုင့်ခွက်တွေ၊ ရေဗွက်တွေနဲ့ သွားလာရခက်ခဲတယ်။ ယခုကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးသွားပါက ဒီလမ်းကို အသုံးပြုနေတဲ့ မကျည်းလေးပင်ရပ်၊ အုတ်ကျင်းရပ်၊ လှည်းတန်းရပ်၊ နဂါးကုန်းရပ်၊ ရွှေဘုံသာရပ်ကွက်များမှ ပြည်သူများ ရာသီမရွေး သွားလာနိုင်တော့မှာပါ"ဟု ရွာသစ်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်ကိုက ပြောသည်။

အဆိုပါကွန်ကရစ်လမ်းအား မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေမှ ငွေကျပ် ၁၃၇ သိန်းဖြင့် လမ်းအရှည် ပေ ၁၁၁၀၊ အကျယ် ၁၀ ပေ၊ ဒု ၆ ပေ ဖြစ်ကြောင်း သိရသည်။

**ကိုစိုးကြီး**

# ထမန်မှသည် ထမံသီသို့-၂

ညီတူး

(ဇူလိုင် ၁၈ ရက်နေ့မှအဆက်)

## ထမံသီကို လွန်၍ ဘေးမဲ့တောသို့

အင်းကျားသုတေသနလုပ်ငန်းကို ၂၀၁၄-၂၀၁၅ ခုနှစ်မှစ၍ ယခုနှစ်အထိ ဘေးမဲ့တောတွင် သုတေသနများ ဆက်တိုက်ပြုလုပ်နေပြီး ၁၀၀ စတုရန်းကီလိုမီတာလျှင် အင်းကျားတစ်ကောင်မှ သုံးကောင်အထိ ကျက်စားသည်ကို ၂၀၁၆-၂၀၁၇ သုတေသနနှစ်တွင် ထုတ်ပြန်ထားသည်။

ကင်မရာထောင်ချောက် အလုံး ၁၆၀ ဖြင့် ရက်ပေါင်း ၉၀ သုတေသနပြုလုပ်ထားကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)က ဆိုသည်။

"အင်းကျားတွေကို သဘာဝတောတောင် ရေမြေ ကောင်းမွန်ခြင်းရဲ့ အမှတ်လက္ခဏာ ဒါမှမဟုတ် ပြယုဂ်မျိုးစိတ် (Ambassador Species/ Flagship Species)" လို့ သစ်တောနဲ့ သားငှက်ထိန်းသိမ်းရေးသမားများက ညွှန်းဆိုထားပါတယ်။

မလေးဝက်ဝံသုတေသနလုပ်ငန်းကို ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ကင်မရာထောင်ချောက် အလုံး ၁၂၀ ဖြင့် ၄၅ ရက်စီ အချိန်ယူကာ ၂၀၁၆ ခုနှစ်နွေရာသီပိုင်းကာလမှစ၍ သုတေသနများပြုလုပ်နေသည်။ မျိုးသုဉ်းပျောက်ကွယ်မည့်အန္တရာယ်နှင့်ရင်ဆိုင်နေရသော မျောက်လွှဲကျော် သုတေသနလုပ်ငန်းကို ၂၀၁၃-၂၀၁၄ ခုနှစ်တွင် စတင်ခဲ့သည်။ ဘေးမဲ့တောထဲတွင် နမူနာကွက် ၁၀ ကွက် သတ်မှတ်ပြီး အသံနားထောင်သည့် နည်းစနစ်ဖြင့် အုပ်စုခန့်မှန်းခြင်း သုတေသနပြုလုပ်နေခြင်းဖြစ်သည်။

မျောက်လွှဲကျော်များကို "တောင်ကောင်းခြင်းရဲ့ ပြယုဂ်၊ သဘာဝရဲ့ သစ်တောပြုစုပျိုးထောင်သူတွေ" ဟုလည်း တင်စားကြသည်။

### သုတေသနကြီးလေးခု

အထက်ဖော်ပြပါ သုတေသနကြီးလေးခုကို အဓိကထား ဆောင်ရွက်သော်လည်း ဤသို့ဆောင်ရွက်ခြင်းဖြင့် ဘေးမဲ့တောကြီးထဲက နို့တိုက်သတ္တဝါမျိုးစိတ်ပေါင်း ၃၀ ကျော်နှင့် ဇီဝမျိုးစုံမျိုးကွဲများကိုလည်း သုတေသနပြုခြင်းနှင့် လေ့လာစောင့်ကြည့်ခြင်းများကို တစ်ပါတည်း ဆောင်ရွက်နိုင်သည်ဟု သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)မှ ဦးကျော်မိုးက ဆိုသည်။

အဆိုပါကင်းလှည့်ထိန်းသိမ်းရေးနှင့် သုတေသနလုပ်ငန်းများတွင် ဘေးမဲ့တောဝန်ထမ်းများ၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)မှ ဝန်ထမ်းများအပြင် ထိန်းသိမ်းရေးကို စိတ်ဝင်စားသောဒေသခံ ၂၆ ဦးနှင့် သုတေသနပြုလုပ်ရေးကို စိတ်ဝင်စားသောဒေသခံ ၃၀ ခန့်တို့လည်း ပါဝင်သည်။

ဘေးမဲ့တော၏ အပင်မျိုးစိတ်များကိုတော့ သစ်တောဦးစီးဌာန၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်) နှင့် နယူးယောက်ရုက္ခဗေဒဥယျာဉ်တို့ပူးပေါင်း၍ သုတေသနပြုလုပ်နေသည်မှာ သုံးနှစ်ကျော်ပါပြီ။

### ဘေးမဲ့တောကို ခြိမ်းခြောက်နေမှုများ

ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ခြိမ်းခြောက်နေမှုများလည်း ရှိသည်။ အဓိကမှာ ဘေးမဲ့တောဝန်းကျင် တရားဝင်ရွှေမျောလုပ်ကိုင်ခွင့် ပေးလိုက်ခြင်းဖြစ်ပြီး ယင်းက ဘေးမဲ့တောသို့ လူအသွားအလာကို ဖြစ်ပေါ်စေသည်။ တစ်ဖန် ဟုမ္မလင်း-ခန္တီး ကားလမ်းဖောက်လိုက်ခြင်းက တစ်ဖက်တွင် လမ်းပန်းဆက်သွယ်ရေးကောင်းစေသော်လည်း အခြားတစ်ဖက်တွင် ဘေးမဲ့တောအတွက် ခြိမ်းခြောက်မှုများ ရှိသည်။ ပယင်းတူးဖော်ခြင်း၊ သစ်တောခုတ်၍ ဝါးများ စိုက်ပျိုးခြင်းတို့မှာလည်း လက်ရှိကြုံတွေ့နေရသည့်ခြိမ်းခြောက်မှုများဖြစ်သည်ဟု ထိန်းသိမ်းရေးသမားများက ပြောသည်။

ဘေးမဲ့တောအတွင်း တရားမဝင် အမဲလိုက်ခြင်းနှင့် သစ်တောထွက်ပစ္စည်းများ ထုတ်ယူသုံးစွဲနေမှုများကို သတိပေးတားမြစ်ခြင်းနှင့် အရေးယူခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်ဟု ယင်းဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဦးသန်းလင်းက ဆိုသည်။

### ဥပဒေသစ်နှင့် ပြစ်ဒဏ်

"ဥပဒေအသစ်မှာတော့ ပြစ်မှုပေးတဲ့ ပြစ်ဒဏ်က ကြီးမားလာပါပြီ၊ ဒီလို ပြစ်ဒဏ်တွေနဲ့ ထိထိမိမိဆောင်ရွက်နိုင်မယ်ဆိုရင် လူထုကလည်း လေးစားလိုက်နာလာလိမ့်မယ်" ဟု မျှော်လင့်ကြောင်း သူက ဆက်ပြောသည်။

၂၀၁၈ ခုနှစ် မေလတွင် ထုတ်ပြန်လိုက်သော ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၄၁(က)အရ လုံးဝကာကွယ်ထားသော တောရိုင်းတိရစ္ဆာန် သို့မဟုတ် နိုင်ငံတကာ ကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန်ကိုသတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ စုဆောင်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ၊ သွေးရည်ကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသောပစ္စည်းများကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း သို့မဟုတ် သယ်ဆောင်ခြင်းတို့ ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ၎င်းကို အနည်းဆုံး ထောင်ဒဏ်သုံးနှစ်မှ အများဆုံး ၁၀ နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားသည်။ လုံးဝကာကွယ်ထားသည့် သဘာဝအပင် သို့မဟုတ် နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် အပင်များကို ကျူးလွန်လျှင်လည်း ယင်းကဲ့သို့ ပြစ်ဒဏ်များ ချမှတ်နိုင်ကြောင်း သိရသည်။

သာမန်ကာကွယ်ထားသော တောရိုင်းတိရစ္ဆာန်များ ပြစ်မှုကျူးလွန်လျှင် ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ငွေကျပ် သုံးသိန်းမှ အများဆုံး ငွေကျပ် ၁၀ သိန်းအထိ ဒဏ်နှစ်ရပ်လုံးလည်း ချမှတ်နိုင်ကြောင်း ပုဒ်မ ၄၀(က)တွင် ပြဋ္ဌာန်းထားကြောင်း သိရသည်။



❛ဘေးမဲ့တောတွင် မည်သည့်မျိုးစိတ်များက မည်မျှရှိသည်၊ မည်သည့်ဇီဝမျိုးစုံမျိုးကွဲများက မည်မျှပေါများကြွယ်ဝသည်၊ မည်သည့်နေရာများတွင် မည်မျှ ကျယ်ကျယ်ပြန့်ပြန့် ကျက်စားသည် စသည်ဖြင့် သုတေသနပြုလုပ်ရန်လည်း များစွာကျန်ရှိနေသေးကြောင်း၊ တွားသွားသတ္တဝါများကိုလည်း သုတေသနပြုလုပ်ရန် များစွာလိုအပ်နေကြောင်း❜

### အခက်အခဲတွေ ကြုံတွေ့နေရ

"ဘေးမဲ့တောဝန်ထမ်းတွေမှာလည်း အခက်အခဲတွေ ကြုံတွေ့နေရပါသေးတယ်၊ အဓိကအခက်အခဲက ဘေးမဲ့တောရဲ့ ဧက ငါးသိန်းကျော်မှာ ဝန်ထမ်းအင်အား ၃၀ ခန့်သာရှိပြီး ထိန်းသိမ်းစောင့်ရှောက်ဖို့ ဝန်ထမ်းအင်အားနည်းပါးပါတယ်၊ ကင်းလှည့်ဝန်ထမ်းတွေမှာ လက်နက်တပ်ဆင်ထားမှု မရှိခြင်းကလည်း မုဆိုးတွေနဲ့ ထိပ်တိုက်ကြုံရရင် အခက်အခဲတွေလည်း ရှိနိုင်တယ်"ဟု ဦးသိန်းလင်းက ပြောသည်။

"ဧရိယာနဲ့ ဝန်ထမ်းနဲ့က နှိုင်းယှဉ်မယ်ဆိုရင် အတော်နည်းပါးတယ်၊ ကင်းလှည့်ထိန်းသိမ်းနိုင်စွမ်းကလည်း အားနည်းတော့ ရေရှည်မှာ အောင်အောင်မြင်မြင် ထိန်းသိမ်းနိုင်ဖို့ဆိုရင် ဝန်ထမ်းတွေ အများကြီးချထားဖို့ လိုအပ်တယ်"ဟု ဦးကျော်မိုးက ပြောသည်။

ဘေးမဲ့တောထိန်းသိမ်းရေးသမားများက ယခုလိုလည်း အကြံပြုကြသည်။ ဘေးမဲ့တောအတွက် လိုအပ်နေသော ဝန်ထမ်းများကို အချိန်မီခန့်ပြီး ရှိနေသည့်ဝန်ထမ်းများ၏ အရည်အချင်းများကိုလည်း မြှင့်တင်ပေးဖို့ လိုအပ်သည်ဟု ဆိုကြသည်။ တစ်ပြိုင်နက်တည်း ဘေးမဲ့တောကြီး၏ အရေးပါပုံကိုလည်း ဒေသခံများ သိရှိနားလည်အောင် ပညာပေးလုပ်ငန်းများကို ယခုလို ပုံမှန်လုပ်သွားဖို့ လိုအပ်ကြောင်း၊ ဒေသခံပြည်သူတွေ၏ လူမှုဘဝကို မြှင့်တင်ပေးရန်လည်း လိုအပ်ကြောင်း ပြောသည်။

### သုတေသနများပြုလုပ်ရန် များစွာလိုအပ်နေ

ထို့အပြင် ဘေးမဲ့တောတွင် မည်သည့် မျိုးစိတ်များက မည်မျှရှိသည်၊ မည်သည့် ဇီဝမျိုးစုံမျိုးကွဲများက မည်မျှပေါများကြွယ်ဝသည်၊ မည်သည့်နေရာများတွင် မည်မျှ ကျယ်ကျယ်ပြန့်ပြန့် ကျက်စားသည် စသည်ဖြင့် သုတေသနပြုလုပ်ရန်လည်း များစွာကျန်ရှိနေသေးကြောင်း၊ တွားသွားသတ္တဝါများကိုလည်း သုတေသနပြုလုပ်ရန် များစွာလိုအပ်နေကြောင်း ထိန်းသိမ်းရေးသမားများက ပြောသည်။

"သုတေသနလုပ်ငန်းတွေကိုလည်း များများလုပ်ပေးဖို့ လိုအပ်နေပါတယ်၊ ဒီထဲမှာ မဖော်ထုတ်ရသေးတဲ့ မျိုးစိတ်တွေ အများကြီး ကျန်သေးတယ်"ဟု ဦးကျော်မိုးကလည်း ထောက်ခံပြောသည်။

(ဆက်လက်ဖော်ပြပါမည်)

## နည်းပညာဆိုင်ရာ အစည်းအဝေးတက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံရောက်၊ မြန်မာအလုပ်သမားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ

**စမုစခွန် ဇူလိုင် ၂၁**

ထိုင်းနိုင်ငံ၌ နည်းပညာဆိုင်ရာအစည်းအဝေး တက်ရောက်ရန်အတွက် ရောက်ရှိခဲ့ကြသော အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံအတွင်း မြန်မာအလုပ်သမားအင်အား အများဆုံးအလုပ်လုပ်ကိုင်လျက်ရှိသည့် စက်ရုံများသို့ သွားရောက်၍ မြန်မာနိုင်ငံသား အလုပ်သမားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ အလုပ်သမားများ၏ တင်ပြချက်များကို ပွင့်လင်း ရင်းနှီးစွာ အပြန်အလှန် ဆွေးနွေးပေးခဲ့ကြောင်း မြို့တော်ဗန်ကောက်ရှိ အလုပ်သမားသံအရာရှိရုံးမှ သိရသည်။

ဇူလိုင် ၁၇ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီက အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ စမုစခွန် ခရိုင်ရှိ RJM Co,.ltd သို့ ရောက်ရှိခဲ့ပြီး စက်ရုံဖွဲ့စည်းမှု၊ နိုင်ငံခြားသားအလုပ်သမား ခန့်အပ်ထားမှုနှင့် ဘေးကင်းလုံခြုံရေးနှင့် အလုပ်သမားအခွင့်အရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း၊ အဆိုပါဆွေးနွေးတင်ပြချက်များအပေါ် ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များကို ဖြည့်စွက်လမ်းညွှန်မှာကြားခဲ့ပြီး တက်ရောက်လာသူများကလည်း သက်ဆိုင်ရာကဏ္ဍအလိုက် အလုပ်သမားများနှင့် စက်ရုံတာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ကူညီဆောင်ရွက်ပေးခြင်းနှင့် အကြံဉာဏ်များ ပံ့ပိုးကူညီပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါစက်ရုံ၌ မြန်မာနိုင်ငံသား အလုပ်သမား ၁၅၀၀ ခန့် အလုပ်လုပ်ကိုင်လျက်ရှိပြီး MoU ဖြင့် စေလွှတ်ထားသော အလုပ်သမား ၃၀၀ ခန့် အလုပ်လုပ်ကိုင်လျက်ရှိကြောင်းသိရကာ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယင်းနေ့က မဟာချိုင်မြို့ရှိ ပင်လယ်စာထုတ်လုပ်သည့် စက်ရုံတစ်ခုဖြစ်သော Thai Union စက်ရုံရှိ မြန်မာအလုပ်သမားများနှင့် သွားရောက်တွေ့ဆုံခဲ့ကြောင်း သိရသည်။

**ပွင့်သစ္စာ**